http://www.dhammadownload.com

လူတို့သည် ကောင်းစားရန် ဒါနဖြင့် ကံပြင်ကြ၏။
သို့သော် ဆင်းရဲမြဲ။
လူတို့သည် ချမ်းသာရန် သီလဖြင့် ကံပြင်နေကြ၏။
သို့သော် ဆင်းရဲမြဲ။
ကံမကောင်း၍မဟုတ်ပါ၊ ကံလုပ်ကိုင်ပုံမကောင်း၍သာ။
ထိုစဉ်
(က) ကိုယ်ပိုင်စေတနာမှန် အခံမထားတတ်သော မိရိုးဖလာကံပြင်များ
(ခ) သူတစ်ပါးအားကျကောင်းမလား၊ အမျှော်ပြုဖြင့် ပြုကြသောကံပြင်များ
(ဂ) အချင်းချင်းပြိုင် အနိုင်မခံ အရှုံးမပေးပြုပြင်ကြသော ကံပြင်များ
(ဃ) ငါ-ဝတ္ထု ပုဂ္ဂိုလ်တို့အပေါ် အခင်ဝင်ဖြင့် ပြုစီရင်သော ကံပြင်များ
ထိုအားလုံးအပူမလွတ်ကြပါ၊ ထိုအားလုံးအကောင်းမသန်ကြပါ။
ထိုအားလုံး အနှံအဆံ မဝင်ကြပါ။
ကံပြုစေတနာတွင် ဉာဏ်အဆင်ခြင် ဖြစ်ပျက်မြင် ဝင်မထားခြင်းကြောင့်ပင်။

(2010)GRAPHIC DESIGN : NYEIN CHAN THA

မဟာဗောဓိမြိုင်ဆရာတော် ဒါနပတ္တိကထာ

ကျေးဇူးတော်ရှင်

မဟာဗောဓိမြိုင်ဆရာတော်

# ဒါနပတ္တိကထာ



နတ်တလူသာသနာပြုအသင်းမှ စီစဉ်ထုတ်ဝေသည်

http://www.dhammadownload.com

သုဝဏ္ဏသျှမ်စာစဉ်
အမှတ်(၇၄)၊ သာယာအေးလမ်း၊ ၃-ရပ်ကွက်
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၆၆၀၆၇၀၊ ၀၉၅၀၅၆၃၆၉

http://www.dhammadownload.com

၁၉၄.၃

မဟာစောဓိမြိုင်ဆရာတော်

ဒါနပတ္တိကထာ / မဟာစောဓိမြိုင်ဆရာတော်၊ရန်ကုန်၊

သုဝဏ္ဏသျှမ်စာပေ၊ ၂၀၁၀၊

စာ - ၁၁၈၊ ၁၂.၅ × ၁၈စင်တီ၊

(၁)ဒါနပတ္တိကထာ

# ပထမအကြိမ်

၁၃၇၂၊ပ/ဒုဝါဆို

ဇူလိုင်၊ ၂၀၁၀

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၆၀၀၁၈၅၀၄၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၆၀၀၂၅၁၀၅၁၀ |
| အုပ်ရေ | - | ၁၀၀၀အုပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ငြိမ်းချမ်းသာ |
| တစီ | - | မန်းရောင်းစာပေ |
| အတွင်းဖလင် | - | AZ |

ထုတ်ဝေသူ

ဦးစိန်မြင့်၊သုဝဏ္ဏသျှမ်စာပေ

၇၄ - သာယာအေးလမ်း၊(၃)ရပ်ကွက်၊မရမ်းကုန်း၊ရန်ကုန်မြို့

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဦးသော်လွင်မြင့်၊စန္ဒကူးပုံနှိပ်တိုက်

အမှတ် (၉)၊ (H)၊ နဝရတ်လမ်းသွယ်၊ ရန်ကုန်မြို့

တန်ဖိုး 1200

ပွင့်ပံ့ပန်တီးမှု - ငြိမ်းချမ်းသာ၊ဝင်းဇော်ဦး

http://www.dhammadownload.com

နမော တဿ ဗုဒ္ဓ ဝိရုဠှ၊

နတ်လူစာစဉ်-၂၄

ကျေးဇူးတော်ရှင်

မဟာဗောဓိမြိုင်ဆရာတော်ကြီး

# ဒါနပဏ္ဏိကာကထာ

နတ်လူသာသနာပြုအသင်းမှ
စီစဉ်ထုတ်ဝေသည်

http://www.dhammadownload.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်
ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ဝိပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

မဟာဗောဓိမြိုင်ဆရာတော်

http://www.dhammadownload.com

http://www.dhammadownload.com

## နမော တေ ဗုဒ္ဓ ဝီရတ္ထု

နိဋ္ဌံ ဂတံ ပုညံတသ္သ ဆန္ဒပလေန တေဇသာ
သဗ္ဗေ ခေမာ ဝေရာ ဟောန္တု ဘဝန္တု သုခိတာ သဒါ
ပညာယ ပဋိဝိဇ္ဈန္တု ဝိမုဥ္စန္တု ဒုဘိန္နရာ
ဟီကာလေ ဖုသ္သမေ့တာ အမေ့ကာမ ဝါဒါပိ
ဒါနာဒိ ကမ္မ ဗီဇကာပိ ကုသလာ သုဂတာ သေဌာ
နိဒါပေန္တု အပစ္စက္ခာ ဘုဉ္စာယ ဣမပေစ္စက္ခာ
နရာဘာဝေ နရုံစိတ္တံ ဟိပေါသေန္တု ကမ္မကတာ။ ။

ပုညံ - ကောင်းသောအမှု ပြုစုရခြင်းသည်ကား၊ နိဋ္ဌံ - ပြီးဆုံးခြင်းသို့ ဂတံ- ရောက်ခဲ့ရပါချေပြီ။

တသ္သ - ထိုကောင်းမှု၏၊ ဆန္ဒပလေန - ဆန္ဒအားမှ ဖြစ်သော၊ တေဇေန - အရှိန်အဟုန်ကြောင့်၊ သဗ္ဗေ - သုံးဆယ့်တစ်ဘုံသားအားလုံး၊ ခေမာ - ဘေးကင်းကြကုန် သည်၊ ဟောန္တု - ဖြစ်ကြပါစေ၊ အဝေရာ - ရန်ကင်းကြကုန် သည်၊ ဟောန္တု - ဖြစ်ကြပါစေ။ သဒါ - နေ့ညဥ့်အရာ ဘယ်ခါမလပ်၊

နတ်တလူစာစဉ်

http://www.dhammadownload.com



သုခိတာ - ချမ်းသာကြကုန်သည်၊ ဟောန္တု - ဖြစ်ကြပါစေ။

တေသဗ္ဗေ - ထိုအလုံးစုံထဲရှိ လူသားအားလုံးတို့သည်၊ နုသိန္နရာ - မကောင်းမှုကြောင့် ပျက်စီးနေသူများကို၊ ပညာယ - ချင့်ချိန်တိုင်းထွာ ဉာဏ်ပညာဖြင့်၊ ပဋိဝိဇ္ဈန္တု - ထိုးဖောက်လှစ်ပြူ သင်ခန်းစာ ယူတတ်ကြပါစေ။

ဟိကာလေ - ဆုတ်ခေတ်ကာလကြီးထဲ၌၊ ဖုသာမ္ဗတာ - တွေ့ရမြဲ၊ ကြုံရမြဲဖြစ်ကုန်သော၊ အဓမ္မကာမ ဝါဒါပိ - မတရားလိုချင်ခြင်း၊ အနိုင်ကျင့်ခြင်းများကို၊ ဝိမုဉ္စန္တု - အလွတ်ရှောင်ကွင်း ကင်းရှင်းကြပါစေ။

တေသဗ္ဗေ - ထိုအလုံးစုံထဲရှိ လူသားအားလုံးတို့သည်၊ ဣဓပစ္စက္ခာယံ - ဤဘဝအတွင်း၊ ဤသာသနာတွင်း၌ဖြစ်စေ၊ အပစ္စက္ခာယံ - သာသနာကွယ်ပ အလျှံပုဂ္ဂိုလ်ကောင်းများ မရချိန်များ၌ဖြစ်စေ၊ ဘုဥ္စာယ - ကာမဘဝဌာနနှစ်တန် ခံစားစံစားနိုင်ရန်၊ ကုသလာ - အပြစ်မရှိခြင်း၊ ကောင်းကျိုးကိုသာပေးခြင်း လက္ခဏာရှိကုန်သော၊ သုဂတာ - လူနတ် နိဗ္ဗာန် သုံးတန်သို့သွားရန် အလားအလာအပြည့်ရှိပါကုန်သော၊ သေဌာ - စိတ်ထားမြင့်မြတ်အရင့်ဇာတ်သို့သာ ရောက်စေပါကုန်သော၊ ဒါနာဒိကမ္မဗီဇကာပိ - ကောင်းမှုဖြစ်က ရက်ရောခြင်း၊ မကောင်းမှုဖြစ်က စောင့်စည်းပိတ်ဆို့ခြင်း၊ အဆင့်မြင့်ဖြစ်က ပွားများပေးခြင်း စသော ကံမျိုးစေ့များကိုယည်း၊ နိဒါပေန္တု - မြုပ်နှံသိုမှီး ရနိုင်သမျှ ပွားစီးနိုင်ကြပါစေ။

တေသဗ္ဗေနရေ - ထိုလူအားလုံးတို့သည်၊ နရဘာဝေ - လူ့ဘဝထဲရောက်ဆဲကာလတွင် (ဝါ) လူဖြစ်ဆဲကာလဝယ်၊ နရံစိတ္တံ ဟိ နရံစိတ္တံ ဝေ - လူ့စိတ်သက်သက်ကိုချည်းသာ၊ ကမ္မကာတာ - ကိုယ်လှုပ်နှုတ်ဖွင့် စိတ်ဖြင့်ကြံစည်မိကြ လေတိုင်း၊ ပေါသေန္တု - မွေးမြူနိုင်ကြပါစေကုန်သတည်း။

❖❖❖

နတ်တလုစာစဉ်

http://www.dhammadownload.com

## စေတနာ - စွမ်းကြီးလောင်း

ဗတ္တိ - လက်ထဲရောက် ဝတ္ထုပစ္စည်းများကို၊ ဒါန - ပေးကမ်းစွန့်ကြဲလိုက်ခြင်း၊ ပတ္တိ - လက်ထဲရောက် စေတနာ ပစ္စည်းများကို၊ ဒါန - ဝေငှလိုက်ခြင်း၊ စာအလိုအားဖြင့် ပတ္တိဒါနဟူသည် အမျှဝေခြင်းပင်။

ထိုသို့ အမျှဝေရာတွင် မိမိပိုင် လက်ရမိ ဆွမ်း စသည့် ပစ္စည်းများကို လှူဒါန်းပေးကမ်းပြီးမှသာ ပြုလုပ်ကြရမြဲဖြစ်၏။

ပစ္စည်းဖြင့် စေတနာကို လဲကိုင်လိုက်ခြင်းတည်း။ တစ်ဖန်. .

ထိုသို့ မိမိကိုင် လက်ရမိ စေတနာများကို စိတ်တွင်းဝယ် ပီတိအားအားများ ကျဝေလာမှသာ အမျှဝေရမြဲဖြစ်၏။

အေးမြသွားကြသဖြင့် စိမ့်ထွက်လာသောစေတနာကို အဖက်ပေးလိုက်ခြင်းတည်း။

ထိုသို့ အမျှဝေရာတိုင်းတို့၌. . .

- မိမိပြုခဲ့သည့် ကောင်းမှုများကိုလည်း အာရုံပြုရာ၏။
- ပြုပြီးသော် ထိုကံတို့ အကြောင်းပြု၍ ဆုတောင်း မေတ္တာ ပို့သင့်ရပါ၏။
- ပို့ပြီးသော မိမိနှင့် ဝေပုံကျ ထပ်တူရကြရအောင် အမျှ ဝေပေးကြရပါ၏။

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုသို့သော ဆုတောင်းမေတ္တာပို့ အမျှဝေကြရန်အတွက် ရေးစီရင်ထားကြသော စာများထဲတွင် အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ၏ ယံ ပတ္တံ ကုသလံ တဿ အာနုဘာဝေန ပါဏိနော အစချီ ဂါထာတော်သည် အပြည့်စုံဆုံး အဓိပ္ပာယ်အပြည့်စုံဆုံးတည်း။ သို့ကြောင့် ထိုဆုတောင်းသံများ တောမြို့မလပ် မြန်မာပြည်အရပ်ရပ် နှံ့စပ်၏။

ထိုဆုတောင်းသံများ ဗုဒ္ဓဘာသာထွန်းကားရာ တိုင်းပြည်တိုင်းလည်း နှံ့စပ်၏။

ဤဆုတောင်းမေတ္တာ အမျှဝေစာ ရေးသွင်းရခြင်းသည်. .

အစားထိုးခြင်းမဟုတ်။ အသစ်ပေါ်ပေါက်လာသော ကိစ္စအတွက် ဖြည့်စွက်ပေးခြင်းသာ။ ခေတ်သည် သမရိုးကျမှနေ နောက်ဆုတ် အောက်ဆင်း ဖြစ်လာနေ၏။

ထိုနောက်ပြန်ဆင်း ခေတ်နှင့်အတူ အလေ့ကျပေါက်ဝင်လာသည်များကလည်း အဓမ္မကာမ ခေတ်စားလာခြင်း၊ အဓမ္မဝါဒ ထွန်းကားလာခြင်းများနှင့်အတူ လူ၌ရှိအပ်သော အသိတရားများပါ ကွယ်ပလာနေကြပါ၏။ လူ့အသိတရား ဆိုသည်မှာ

- လူကို လူကျင့်ခေါ် သီလက တာဝန်ခံ၏။
- သီလကိုကား သရဏဂုံပွား သတိက တာဝန်ခံရပြန်၏။

ဤ လူကျင့်ကသာ ပြည့်ဖြိုးလာပါမူ

- အလိုကြီးဝင်မွှေလာသော် သတိက ဆီးကြိုဖျက်၊ လူသည် လူစိတ် သက်သက်သာ။
- မလိုမုန်းထားကြီးဝင်လာသော် သတိက ဆီးကြိုဖျက်၊ လူသည် လူစိတ် သက်သက်သာ။

http://www.dhammadownload.com



ထိုလူ့စိတ်သည်

- မကောင်းမှု ပြုကျင့်ရာ၌ လှုဆန်ဆန် အရှက်ဝင်လာစေ၏။
- မကောင်းဒဏ် ပြန်လည်ခံရမည်ကိုလည်း လှုဆန်ဆန် ကြောက်လာ၏။

ထိုနှင့်အတူ

- လူလူချင်း ကိုယ်ချင်းစာ၊ အခြားသတ္တဝါအားလုံးတို့၌ပင် အမြင်မကွာ ဖြစ်လာစေ၏။
- လူလူချင်း တန်းတူထား၊ အခြားသတ္တဝါအားလုံးကိုပါ သနားကြင်နာ လာစေ၏။

ဤသည်သာ လူကျင့်ကပေးသော လူ့အသိတရားမည်၏။

ထိုလူ့အသိတရားထဲ၌ အကျိုးရှိ အကျိုးမဲ့ ခွဲခြမ်းသိ အသိလည်းပါ၏။

အပြစ်မဲ့ အပြစ်ရှိ ခွဲခြမ်းသိ အသိလည်းပါ၏၊

ထိုသို့ ဖြစ်လာမည့်အရေးကို ဤဆုတောင်းက မျှော်လင့်၏။ ထိုသို့ဖြစ်ရန်မှာ -

- မြန်မာတို့၏ မြန်မာများသည် ဤခေတ်ကြီးနှင့် အမှိုပြုသည်ကို စူးစမ်း လေ့လာမှသာ။
- မြန်မာဝါဒီများသည် အများမိုးခါးရေသောက် ကိုယ်လည်းသောက်ကို ဝေဖန်သုံးသပ်မှသာ။

ဤစာစဉ်သည်. .

- မိမိတို့ ကောင်းမှုပြုပြီးတိုင်း ဆုတောင်းမေတ္တာ ပို့သကြရန် ရည်စူး၏။
- မိမိတို့ ဆုတောင်းမေတ္တာပို့ပြီးတိုင်း အမျှပေးဝေကြရန်လည်း ရည်စူး၏။

သို့ကြောင့်

http://www.dhammadownload.com



ဒါနပတ္တိဟူ၍ ကမ္ပည်းတပ်၏။

ဒါနပတ္တိ - ကောင်းမှုပြုပြီးနောက် လက်ပေါ်ရောက်ကို ဝေငှခြင်း။

ထိုစဉ်

- ဝတ္ထုဒါနသည် ကျေးရွာလေ့အရ ခေါင်းခေါက်ဖိတ် ဖိတ်၍ ကျွေးမွေးခြင်း။
- စေတနာဒါနသည် ဖျိုးဟစ်၍ ကျွေးမွေးပေးကမ်းလှူဒါန်းခြင်း။

သို့ဖြစ်ရာ

စေတနာဒါနတွင် အဝင်အပါဖြစ်သော မိမိလက်တွင်းရ စေတနာကို အမျှဝေခြင်းများသည် လာသမျှအပေါင်း ဝေး၊ နီး၊ ကွယ်၊ ခြား မည်သူမဆို ဆွမ်းကြီးလောင်းခြင်းတည်း။

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်နေ့။

❖❖❖

http://www.dhammadownload.com

# ကောင်းသောခရီး ပြုပြီးစီးသော်

နိဗ္ဗာဂတံ ပုညံတသ္မ ဆန္ဒမလေန တောလော

ကောင်းမှုဆိုသည်မှာ. .

မိမိလည်းကောင်း၊ သူလည်းကောင်းစေသော ကောင်းနှစ်ကောင်းထပ်မြတ်ခြင်းတည်း။

ထိုကောင်းခြင်းကလည်း

အခုလည်းကောင်း၊ နောင်လည်းကောင်းစေသော အကျိုးရှိ အပြစ်မဲ့အမျိုးအစားတည်း။

ထိုအထဲတွင်

- ဒါန၊ သီလ၊ ဘာဝနာ အစရှိသော ပုညကရိယဝတ္ထု ခေါ် ကောင်းမှုဖြစ်ကြောင်း ကရိယာတန်ဆာပလာကောင်းများလည်းပါ၏။
- အတ္တဟိတ၊ ပရဟိတခေါ် သူ့အကျိုးဆောင်ပေးရင်း ကိုယ့်အကျိုးအောင်လည်းပါ၏။

အလှူခံ၏အကျိုးဆောင်ရင်း ကိုယ်ကျိုးဖြစ်စေခြင်းများ-

- ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ မေတ္တာတို့ဖြင့် စိတ် စိတ်ချင်း ပွားပေးခြင်း

http://www.dhammadownload.com



လည်းပါ၏။

- ပူချိန်၊ အေးချိန်၊ သမခွေးချိန်များ၌ သူနေရာ ကိုယ် အစားဝင်ပေးခြင်းများ ကုန်ကုန်ပြောရလျှင် . . .

ကိုယ်ကိုယ်တိုင် ဆာလွန်လွန်းကြ၍ ထမင်းစားသည်ပင် ဝမ်းတွင်းနေ မှိုခိုပိုးလေးများသို့ မေတ္တာဝင် စေတနာ ပေးပို့ကာ ပိုးစာကျွေးအမှတ်ဖြင့် စားသုံးနေလျှင်ပင် ကောင်းမှုပြု အရာဝင်တော့သည်သာ။

ကောင်းဆိုးနှစ်တန်၏ တာဝန်ခံသည် စေတနာသာ ဖြစ်နေခြင်းကြောင့် ယနေ့ မြန်မာတို့၏ မြန်မာများသည် ကြင်နာရက်ရော၏။ ဒုက္ခိတသတ္တဝါ တွေ့က သနားကူညီကြ၏၊ သုခိတတွေ့က ဝမ်းမြောက်ကြ၊ အားပေးကြ၏။ ပုံမှန်တွေ့ ပုံမှန်ဝလေ့ဖြင့် ဆက်ဆံနေကြ၏။

ထိုမြင်ကွင်းများသည် စေတနာကောင်းများ စီးကြောင်းပြေးနေခြင်း တည်း။

မြန်မာတိုင်းက ကံကိုယုံကြ၏။

ကောင်းတာလုပ် ကောင်းတာဖြစ်မည်၊ အဆိုးလုပ် အဆိုးဖြစ်မည်ဟူ၍. . ။

မြန်မာတိုင်းက ပါရမီကို ခိုလှုံကြ၏။

လူ့ဘဝရောက်သခိုက် လူ့အရင်းအမြစ် စိုက်သွားကြ မည်ဟူ၍. . ။

မြန်မာတိုင်းက ရှေးရှေ့ သူတော်ကောင်း ဖဝါးစ လိုက်ပါနင်းလိုကြ၏။

ဖြူစင်သောအရိယာတို့ဘာဝ ငါလည်းပဲ တစ်နေ့နေ့ ရောက်ရမည်ဟူ၍. . ။

ထိုမြန်မာ၊ ဤမြန်မာများ. .

သူတော်ကောင်းကြီးများ၊ ကျက်စားသော ကောင်းမှုကြား အမြဲသွား လာနေကြပြီ။

- အချို့ အလှူပေးခြင်းဖြင့် သွားလာနေကြပါသည်။

http://www.dhammadownload.com



- အချို့ ဥပုသ်ဆောင် ဝင်ခြင်းဖြင့် သွားလာနေကြပါသည်။
- အချို့ ကမ္မဋ္ဌာန်းထိုင်ခြင်းဖြင့် သွားလာနေကြပါသည်။
- အချို့ ဝေယျာဝစ္စမှု ပြုလုပ်ခြင်းဖြင့်ပင် သွားလာနေကြပါသည်။

မြန်မာတို့ မသွားဖြစ်သောနေ့ မရှိ၊ မသွားဖြစ်ချိန်လည်း မရှိကြပါ။

ပိုက်ဆံပေးပြီး တန်ရာတန်ကြေးပစ္စည်းများ တောင်းယူပါ။ကုန်စုံဆိုင်အတွင်းဝင်ရောက်ဈေးဝယ်သူ ငွေပေးပြီး လိုသောပစ္စည်းလည်း နှုတ်ဖွင့်တောင်းမှ ဆိုင်ရှင်က ကုန်ပစ္စည်းနေ လက်ကျချပေးသည်ပမာ . . .

- ကောင်းမှုပြုပြီးတိုင်းလည်း မိမိအတွက် ဆုတောင်းရစမြဲ။
- မိမိအတွက် ဆုတောင်းပြီးတိုင်းလည်း သူတစ်ပါးတို့ အတွက် အမျှဝေပေးရစမြဲ။

ထိုအမှုအကျင့်များသည်. . .

(က)ကောင်းမှုခရီး ပြီးစီးပြီးမှ ပြုကျင့်ခွင့်ရ၏။ နိဋ္ဌိတတံ ပုည် တဿ -

ထိုအမှုအကျင့်များသည်. .

(ခ) စေတနာအခံထားသော ဆန္ဒအားကြီးမှသာ ပြုကျင့် ခွင့်ရ၏။

ဆန္ဒဗလေန တေဇသာ - စင်စစ်၊ ထိုအမှု အကျင့်များသည်. .

ကိုယ်ကျိုးကို အများသို့ပေးဆက်၍ အများဖြင့် ကိုယ်ကျိုး ထွက်စေသော အစဉ်လာကောင်းများတည်း။

အရှင်အနုရုဒ္ဓါက သည်လိုလုပ်ဖို့ မှာသွားပါသည်။

အမျှဒါန ပေးဝေငှရာ၌. .

- မိမိအကျိုးလည်း ပါပါသည်
- သူတကာအကျိုးလည်း ပါပါသည်

ထိုစဉ်

နတ်တလုစာစဉ်

http://www.dhammadownload.com



(က)လူမှန်လျှင် အမှုဖြစ်မြဲ။ ကောင်းမှု၊ ဆိုးမှုသာ ကွာသည်။ အမှု မဖြစ်ချိန်ဟူ၍ မရှိ။

(ခ) အမှုဖြစ်တိုင်းလည်း သက်သေပါရမြဲ။ သက်မဲ့၊ သက်ရှိ နှစ်ဖက်မိ။ ဆိုပါစို့. .

ကာမမှုပွေ ထိုလူ့ကြောင့် ဓားခုတ်မှုတစ်မှု။

ထိုအခါ ထိုအမှုကား တစ်ဖက်အားသာမှုကြောင့် တစ်ဖက်ခမျာ သေပွဲဝင်သွားရရှာရာ . . .

ရန်ဖြစ်ကြသည်ကား နှစ်ဖက်တွင်းသို့ ဒေါသမာန် အချင်းချင်း။

ခံလိုက်ရသည်ကား လူဖြစ်နေချေရာ မတရားမှုမြောက် သွားပြီ။

တစ်ဖန်. .

- ကိုယ်ကို တို့ဆွပေးနေသည်ကား မခံချင် ယှဉ်ပြိုင်စိတ် ဒေါသမာန အာဃာတ။

- မခံချင်၍ သွားသတ်မိသည်က တစ်ဖက်သားဖြစ်နေချေရာ မတရား အရာ ဝင်သွားပြီ။

တစ်ဖန်လည်း. .

ကိုယ့်ဒေါသ တစ်ချက် မထိန်းနိုင်သဖြင့် တစ်ဖက်မှာ တစ်ဘဝ ဆုံးရှုံးသွားရပြီ။ မတရား အရာဝင်သွားပြီ။ ထိုသို့ အမှုဖြစ်ခဲ့ရာ၌. .

(က)အမှုကြားက ဓားကိုလည်း သက်သေအရာ ထားရပါသည်။

(ခ) အမှုဖြစ်စဉ်က မြင်သူများကိုလည်း သက်သေအရာ ထားရပါသည်။

ထိုအမှု မည်သို့မျှ ငြင်းမရအောင် ခိုင်လုံသွားတော့သည်ပမာ။

ဤ၌လည်း

(၁) အလျှုရှင်(ကောင်းမှုရှင်)သည် အမှုလွန်ကျူးသူတည်း။

http://www.dhammadownload.com



(၂) အလှူခံပရိသတ်များသည် တန်းစီအခုတ်ခံလိုက်ရသူများတည်း။
(၃) အလှူဝင်ပစ္စည်းများသည် လွန်ကျူးရာ၌အသုံးပြုသော လက်နက်တည်း။

ထိုစဉ်. .

အမှုလွန်ကျူးသူကပင် မိမိအပြု ဖြောင့်ချက်ပေးလည်းဖြစ်၊ အမှုထင်ရှားအောင် စစ်ချက်ပေးပြီးလည်းဖြစ်၊ ထောင်နန်းစံဖြစ်အောင် စီရင်ချက် ချပြီးလည်းဖြစ်စေရန် အမှုဝေခြင်းဖြင့် သက်သေတင်၏။ သက်သေကား. .

အချို့လူ၊ အချို့နတ် နှစ်မျိုးတည်း။

၁။ ထိုသို့ သက်သေတင်ထားခြင်းကြောင့်ပင် အလောင်းတော်သည် ဘုရားဖြစ်ခါနီး ဗောဓိပင်အောက်တွင် သူ့အပင် ငါ့အပင်၊ သူပိုင်သည် ငါပိုင်သည်ဖြင့် မာရ်နတ်နှင့် အငြင်းပွားရစဉ် . . .

သူရေစင်သွန်းချ အမှုဝေခဲ့သည့်မြေအား သက်သေအရာထား စကားဆို၏။ ထိုအခါ ရေစင်ဝင်မြေက မြေမှုန်နှင့်အမှု သက်သေလိုက်ပေးခဲ့ရပြီ။

ဤကား မိမိအကျိုး။

တစ်ဖန် မိမိအလှူမှုအား သာခုစကား ခေါ်ဆိုထားကြသော လူပရိသတ်ကလည်း မိမိဖြစ်ရာဘဝနှင့် ဘဝချင်းစပ် ထက်ချပ်မကွာ ဖြစ်လာတတ်ကြပြီး. .

- မိမိ ဈေးဆိုင်တည်က သာခုခံသမားများက ဈေးဝယ်သမားများ. .
- မိမိ အလုပ်ရုံတည်က သာခုခံသမားများက ဖောက်သည်များ. .
- မိမိ လူထုခေါင်းဆောင်ဖြစ်က သာခုခံသမားများက အားပေးထောက်ခံများ. . စသည်။

မိမိ ဘဝတည်ဆောက်မှုနောက် အားပေးနောက်ထောက်ဖြစ်စေကြပါပြီ။

http://www.dhammadownload.com



ဤသည်လည်း မိမိအကျိုး။

၂။ တစ်ဖန် သူတစ်ပါးအကျိုးအဖြစ်လည်း ဤအမျှက အကျိုးပြုပေးနေပါ၏။ သို့စဉ်

(က) အချို့ လှူလိုသောစေတနာရှိ၏။ ဝတ္ထုပစ္စည်း မပြည့်စုံ၍ စေတနာ မမြောက်။

(ခ) အချို့ ဝတ္ထုပစ္စည်းကား ပြည့်၏။ လှူလိုစိတ်ကား မရှိ၍ စေတနာ မမြောက်။

(ဂ) အချို့ စေတနာဝတ္ထု နှစ်ခုရှိ၏။ လူ့ဘဝမဟုတ်တော့၍ စေတနာ မမြောက်။

ထိုအားလုံးတို့သို့ . .

(က) မိမိမပြည့်စုံခင်က ဘဝဖြစ်စဉ်များနှင့် ကိုယ်ချင်းချင်း,ချင့်စာ

(ခ) မိမိ ပြည့်စုံချိန် ယခုဘဝနှင့် သူတို့ဘဝ အဆင့်တူ တန်းတူအဖြစ်ထား မေတ္တာပွား

ဤစေတနာထား နှစ်ပါးဖြင့်

- ကိုယ့်အကျင့်(သီလ) ကိုယ်ပြန်ဆင်ခြင်

- ကိုယ်ပြုခဲ့သော ကိုယ့်ကောင်းမှု ပြန်လည်အာရုံပြု

ပြီးသော် . .

လှိုက်လှဲ့ဝမ်းမြောက်သော ပီတိလှိုင်းတို့ဖြင့် အတိုင်း အဆမရှိ အဝေးအနီး ဆီသို့

- ယနေ့ ယခု အကျွန်ုပ်ပြုခဲ့ရသမျှ ဤပုညကို (ဤ၌ မိမိ ပြုပြီးကောင်းမှု အာရုံပြုပါ)

- အားလုံး ကြားကြားသမျှ အမျှ-အမျှ-အမျှ ယူတော်မူကြပါ

နတ်တလူစာစဉ်

http://www.dhammadownload.com



- အားလုံး ကြားကြားသမျှ အမျှ-အမျှ-အမျှ ယူတော်မူကြပါ
- အားလုံး ကြားကြားသမျှ အမျှ-အမျှ-အမျှ ယူတော်မူကြပါ

သုံးကြိမ်သုံးခါတိတိ ဝေလျှင့် ပေးလိုက်ပါ။

ဤဒ္ဒိ

သုံးကြိမ်မျှ သုံးခါဟစ် ဝေငှ ပေးကမ်းရခြင်းမှာ. .

အမျှဝေမှ ကျွတ်တမ်းရကြမည့် ဗိမ္ဗိသာရမင်းကြီး၏ ဆွေတော်မျိုးတော်များပမာ အမျှဝေကို စောင့်မျှော်နေသော အဝေးရောက်ဘဝ ကံဆိုးရှင်များကား အများအစားဆို၏။ ထိုစဉ်

အနီးနေများကား သုံးကြိမ်အော် တစ်ခါမှာဖြင့်ပင် အပြီးရ သွားကြသော်လည်း အဝေးနေတို့မှာမူကား အချို့အဝေးမှပြေးလာကြရရာ တစ်ကြိမ်မှ နှစ်ကြိမ်၊ နှစ်ကြိမ်မှ သုံးကြိမ်ကျလေမှ မိသည်ဆို၏။ သို့ကြောင့်. .

အမျှဒါန ဝေငှတိုင်း သုံးကြိမ်မျှကို သုံးခါကျအထိ ဟစ်ပို့ကြရမြဲ။

ဤဒ္ဒိ

အမျှဝေသည်ကို သာဓုခေါ်ရာမှ ကျွတ်သွားသည့် ဖြစ်ရပ်တစ်ခု။

ဖုဿဘုရားရှင်လက်ထက်တော်ကာလက ဘုရင့်ဘဏ္ဍာစိုး ဖြစ်ခဲ့ဖူးသူသည် ယခုအခါ ဗိမ္ဗိသာရမင်းကြီးဖြစ်လာပြီး ထိုစဉ်က ဘုရင်မဟိန္ဒ၏ သားတော်သုံးဦးတို့ နောင်တော် ဖုဿဘုရားရှင်၏ အရိပ်ဝယ် ဝါတွင်းသုံးလပတ်လုံး ဖန်ရည်စွန်း သစ်ခေါက်ဆိုးအဝတ် ဆင်မြန်းကြကာ ဥပုသ်ဆောင်ဝင်နေချိန်၊ ဘဏ္ဍာစိုးကား ဖုဿဘုရား အမှူးပြုသော သံဃာများအတွက် ဆွမ်းကွမ်းချက်ပြုတ်လျက် ဆွမ်းဒါန ပြုလုပ်ပေးရရာ . . .

ဘဏ္ဍာစိုး၏ နှစ်သောင်းလေးထောင်သော ဆွေမျိုးအခိုင်းအစေများက မလှူမီ ကပင် လှူရန်ချက်ပြုတ်နေသော အစာများအား ခူးခပ်စားသုံးမိကြ၏။

နတ်တလှစာစဉ်

http://www.dhammadownload.com



သေကာလ - အားလုံး ပြိတ္တာဖြစ်ကြ၏။

ထိုပြိတ္တာများ. .

ထိုဖုဿဘုရားမှ ဤ ဂေါတမဘုရားလက်ထက်တိုင်အောင်လျှင် အစာ မစားကြရပြီ။ သို့ကြောင့် ဤရှင်တော် ဂေါတမ ရာဇဂြိုဟ်သို့ ကြွလာခါစ၏ ပထမဆုံးသော ဗိမ္ဗိသာရမင်းကြီး၏ ဆွမ်းကျွေးပြီးစ ညတွင်

နန်းရင်ပြင်တစ်ခုလုံး အသံဆိုးများဖြင့် အုံးအုံးကြွက်စေခဲ့ပြီ။ ယင်းကို ဘုရားရှင်အား လျှောက်ထားရာ ဤဖြစ်ရပ် နောက်ခံဟောကြား၍ အမျှ ဝေငှရန် မိန့်တော်မူ၏။ ဘုရင် ဗိမ္ဗိသာရလည်း နောက်ညတွင် ဆက်ဆက် အမျှဝေ၏။ ထိုစဉ်လည်း. .

သာဓုသံများ သောသောညံသွားတော့ကာ ပကတိ တိတ်ဆိတ် သွား ချေပြီ။

- အချို့ ယခင်ကပါခဲ့သောကံနှင့် ယခု သာဓုခံအတိုင်း ဤလူ့ဘုံသို့ သွားခွင့် ရသွားခဲ့ကြပြီ။

- အချို့ ယခင်နှင့်ယခု သာဓုခံအတိုင်း ထိုနတ်ဘုံများသို့ သွားခွင့်ရ သွားကြပြီ။

- သာဓုသည် . . .

- သူပြုကို စေတနာချင်းပေါင်းစပ်ပေးပြီး ကိုင်းကူးကိုင်းဆက် စိုက်ပျိုး နည်းပမာ အကောင်းကူးယူနိုင်ရာ မလျှော့ဘဲ တန်း၊ မထမ်းဘဲ ပန်းဝင်တည်း။

ဤသည်မှာ သူတစ်ပါးတို့အကျိုး။

တစ်ဖန်လည်း

မိမိ အမျှဝေရာသို့ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်သူများ. .

ယင်းတို့လည်း မိမိနှင့် ထပ်တူ ထပ်ကျ ဝေပုံကျ အကျိုးဖလ ရကြသူချည်း

http://www.dhammadownload.com



ဖြစ်ကြတော့ရာ. .

(က)မိမိနတ်ပြည်ရောက်က သူတို့လည်း နတ်သား၊ နတ်သမီးများ နတ်လို ခံစား။

(ခ) မိမိလူ့ဘဝရရှိပါက သူတို့လည်း လူသား၊ လူသမီးများ လူလိုပင်ခံစား။

သည့်အတူ

ထိုနတ် ထိုလူတွင်မှ သူဌေးဖြစ်လည်းအတူတူ၊ ဘုရင် ဖြစ်လည်းအတူ။ ဘာမဆို ကံတူအကျိုးပေး လက်ရေတပြင်တည်း အခွင့်ရေးချည်းသာ။

ထို့၌လည်း

ဘုရားရှင် ပရိနိဗ္ဗာန်ပြီးနောက် အနှစ်သုံးရာလောက်က အလှူရှင်က နိဗ္ဗောဓသောမဏေ ရဟန္တာ(သီရိဓမ္မာသောကမင်းကြီး၏ နောင်တော့်သား ဆို၏) သာဓုခေါ်သမား နှစ်ဦးတွင်

- တစ်ဦးသာ သီဟိုဠ်မှာ ဒေဝါနံပီယတိဿမင်းကြီး ဖြစ်လာပြီး
- တစ်ဦးကလည်း အိန္ဒိယမှာ သီရိဓမ္မာသောကမင်းကြီး ဖြစ်လာသည်။ သာဓုခေါ်အကျိုး ထိုသူများက မော်ကွန်းထိုးခဲ့ပြီ။

ဖြစ်ပုံမှာ. .

တစ်ခါက ယင်းတို့သည် ညီအစ်ကိုသုံးယောက်တော်စပ်ခဲ့ကြပြီး တစ် ယောက်သူက လမ်းသွားကြုံ ပစ္စေကအား ပျားရည်လှူသည်ဆို၏။

ထိုသူ လှူပြီးနောက် သွားနှင့်ပြီးများ အမိလိုက်သွားရာ မီသည်နှင့် အလှူအကြောင်းပြောပြ၏။ အားကျသဖြင့် တစ်ဆင့် အမျှပေးလှူရန် တိုက်တွန်းကြ၏။ သို့ကြောင့်. .

စေတနာ ဒါန အဖြစ် အမျှပေးဝေလိုက်ရာ

နှစ်ဦးစလုံး သံပြိုင်သာဓုဖြင့် ရယူလိုက်ကြသည်။ ထိုဆုကား လူဖြစ်လည်း

http://www.dhammadownload.com



အတူတူ၊ နတ်ဖြစ်လည်း အတူတူ၊ ဘုရင်အထိ တူမြဲပင်။

ဤ၌ အထူးသတိပြုရန်မှာ

- စေတနာအမှု ဒါနခန်း ချသူဘက်ကလည်း

ထုံးစံမို့ အသံညှစ်ထုတ် နမူး နထူး မလုပ်မိရန်တည်း။

- သာဓုခေါ် သမားများ ဘက်ကလည်း

ပွဲပြီး ပြီးရောဆိုပြီး သံပြိုင်သာဓုမခေါ်ဆိုမိစေရန်တည်း။

- စေတနာသည် မျိုးဖြစ်ဝတ်ဆံဆိုသည်ကို သတိပြုပါ။

- စေတနာသည် အဆံပြည့်မှ အကျိုးပြည့်မည်ကိုလည်း သတိပြုပေးပါ။

တစ်ဖက်ကလည်း တကယ်မှုလို့ စိတ်စေတနာနှင့် ပီတိရှိန် အရင်းရှိရသည်။

တစ်ဖက်ကလည်း လှိုက်လှဲအားကျ မုဒိတာကံအထနှင့် ပီတိပြန် အခံရှိရသည်။ သို့မှသာ

ဓာတ် ဓာတ်ချင်းကူး၊ အကျိုးထူးရှင်သန်ခွင့် ရပါသည်။

ထိုသို့

အကျိုးထူးတရား ရသွားကြသူထဲတွင်

အနုရုဒ္ဓါလောင်းလျာနှင့် သုမန သာမဏေလောင်းလျာများလည်း တစ်ခုအပါအဝင် ဖြစ်ခဲ့ကြပါသည်။ သည့်အတူ သုခသာမဏေလောင်းလျာနှင့် ဂန္ဓသူဌေးများလည်း ပါပါသည်။

ထိုစဉ်

အရှင်အနုရုဒ္ဓါလောင်းလျာသည် တစ်ချိန်က ဆင်းရဲသား အန္နဘာရ (ထမင်းဖြင့် ဝန်ထမ်းနေရသူ)ဖြစ်ခဲ့ဖူးပါသည်။ သခင်ကား သုမနသူဌေးကြီး. .

http://www.dhammadownload.com



ထိုအဇ္ဈဘာရသည်

ဗာရာဏသီပြည် သုမနသူဌေးကြီးထံတွင် ထမင်းပေး ကျွန်ခံဘ၀ဖြင့် နေထိုင်ရပြီး မြက်ရိတ်အလုပ် ထမ်းဆောင်ရပါသည်။ နေအိမ်အဖြစ်ကား သုမနသူဌေးကြီး နေအိမ် နောက်ဖေးတဲကလေးသာ။

တစ်နေ့ ထို အဇ္ဈဘာရ မြက်ရိတ်ကအပြန် လမ်းမှာပင် ဂန္ဓမာဒနတောင်မှ ကြွလာသော နိရောဓသမာပတ်မှထစ ဥပရိဋ္ဌ ပစ္စေကအားတွေ့ရာ ခေတ္တမျှ စောင့်တော်မူပါရန် ပန်ကြားခဲ့ပြီး အိမ်သို့ပြေး၏။ ဇနီးသည်ထံမှ မိမိအဖို့ ဆွမ်း ထမင်းရှိမရှိ မေးပြီး ရှိကြောင်းသိရသဖြင့် . . .

- ငါ၌ လှူစရာရှိချိန် အလှူခံမကြုံသဖြင့် တစ်ခါဖူးမျှ မလှူခဲ့ရစဖူးသေး။
- ငါ၌ အလှူကြုံလျက် လှူစရာမရှိဖြစ်နေ၍လည်း တစ်ခါဖူးမှ မလှူခဲ့ ရဖူးသေး။

ယနေ့သော် အလှူခံနှင့်ဝတ္ထုစုံ ကြုံနေချေပြီ။ လှူအံ့။

သို့ကြံစည်ကာ ပစ္စေကထံ ပြန်လည်၍ သပိတ်တော် အားယူ၏။ အိမ်ပင့်၏။ ရောက်သည်နှင့် မိမိဝေစုအားလုံး အရှင်အား သိမ်းကြုံးလှူလိုက်ပြီး လှူပြီးနောက် ဤလို ဤသို့လည်း ဆုကြီးတောင်းလိုက်သည်။

အရှင်မြတ်ဘုရား. .

- ဤနေ့ ဤရက် ဤအချိန်ခါမှစ၍ မရှိစကား နားမျှ လေသံ မကြားရ ပါလို၏ဘုရား
- ဤနေ့ ဤရက် ဤချိန်ခါမှစ၍ ဆင်းရဲအားလုံး ချုပ်ဆုံး ရပါလို၏ဘုရား

ဥပရိဋ္ဌ ပစ္စေကအရှင်ကလည်း ပြည့်စေဖြင့်ပင် အရိုန်မြင့်တင်ပေး ခဲ့ပါသည်။

ထိုစဉ်

http://www.dhammadownload.com



သုမနသူဌေးကြီး၏ ဘုံနန်းပြသာဒ်၌ ထီးစောင့်နတ်သမီးက ဝမ်းမြောက်လွန်းခြင်း အထိမ်းအမှတ် သာဓုသုံးကြိမ် ထပ်၍ခေါ်လိုက်ရာ

အလို နတ်သမီး၊ ငါ အလှူကြီးများပေးနေသည်မှာ ကြာလှပေါ့။

သင် အခုမှ သာဓုခေါ်ပုံထောက်တော့ အိပ်ပျော်နေသလား မသိ။

ဤသို့လျှင် သုမနသူဌေးကြီးက နတ်သမီးအား လှမ်းအပြစ်တင်ပါသည်။

မဟုတ်လိုက်လေ သူဌေးကြီး။ ငါသာဓုခေါ်တာ သင့် အလှူမဟုတ်။ သင့်အိမ်နောက်ဖေးရှိ ဆင်းရဲသား အဏ္ဏဘာရ၏ အလှူကို။

ထိုအခါ

သုမနသူဌေးကြီး ဝမ်းသာအားရဖြင့် ဆင်းရဲသားအား ခေါ်မေးရာ လှူမိပါကြောင်းဖြေ၏။ သို့ကြောင့်

- ထိုအလှူ အသပြာတစ်ရာဖြင့်ရောင်းရန် အရေးဆို၏။ မရောင်း။
- သည်လိုဆို ငါးရာ. . မရောင်း
- ကဲ နောက်ဆုံး တစ်ထောင်. . မရောင်း။ သို့နှင့်

ကဲ ရှိစေတော့. . အမောင့်အလှူကို မရောင်းလိုက နေပါတော့။

အမောင်လှူထားတဲ့အလှူ စေတနာအမျှလောက်တော့ တစ်ထောင်ပေးခေါ်ပါရစေ။

သုမနသူဌေးကြီး၏ ထိုတောင်းပန်ချက်

ဆင်းရဲသား အဏ္ဏဘာရ ငွေတစ်ထောင်လည်းမက် အလှူလည်း မပျက်ရဲသဖြင့် အမျှဝေရလိုရာ ပစ္စေကနောက်သို့လိုက်၍ လျှောက်ကြားရပြန်၏။

အရှင်ဘုရား။ သူဌေးမင်းက တပည့်တော်အလှူကို ငွေတစ်ထောင်ပေး၍ စေတနာချင်းမျှရန် ပြောနေပါ၏။ အမျှပေးဝေလိုက်လျှင် လျှော့များသွားသလားဘုရား။

http://www.dhammadownload.com



ဒကာ။ ဆီမီးတစ်တိုင်က မီး ဘယ်သူ ဘယ်လောက်ကူးကူး ကူးသမျှ အလင်းပိုတောက်ပသည်သာရှိဘိသို့

သင် အမျှ ဘယ်လောက်ဝေဝေ သင့်စေတနာကား အမြစ်ပျက်မသွား သည့်အပြင် တိုးဖွံ့သာရှိချေသည်။ သို့နှင့်-

အရှင်ထံမှ ပြန်လာကာ သုမနသူဌေးကြီးအား အမျှပေးဝေ၏။

အမျှ-အမျှ-အမျှ/ သာဓု-သာဓု-သာဓု. . သူလဲရ၊ ကိုယ်လဲစုမိကြ၏။

- သို့နှင့် သတင်းစကား ကြားသမျှက လာရောက် မျှဆောင်စေ၏။
- သို့နှင့် တစ်ပြည်လုံးက လာရောက်သာဓုခေါ် အမျှကောက် ကြား ပေါက်ကြ၏။
- သို့နှင့် ဘုရင်ကပါ ခိုးမြှောက်။ နေ့ချင်းကြီး သူဌေးဘဝ ရောက်တော့ သည်။

ယင်းကို ထုံးကောင်းအရာထား၍ ယနေ့ သာသနာ ထွန်းကားရာဒေသ များ၌ အလှူဖိတ်၊ အကူဝင် အမျှဖြင့် အလှူဒကာ ဝင်ခံကြခြင်းတည်း။

နောက်တစ်တွဲကား သုခသာမဏေနှင့် ဂန္ဓသူဌေး။

ယင်းတို့ကား တစ်ဦးကတောမှာ၊ တစ်ဦးက ဗာရာဏသီ မြို့တော်မှာ။ ထိုစဉ်

မြို့ပေါ်နေ ဂန္ဓသူဌေးသားသည် မိဘများထားရစ်ခဲ့ရသော ရွှေဘဏ္ဍာ၊ ငွေဘဏ္ဍာ စသည်များကြည့်၍ သူ့လက်ထက် အပါယူသွားရန် ကြံ၏။

ယင်းကား အခြားမဟုတ်။

သူကြိုက်သော အစားအစာဖြင့် အသားပါအောင် ယူသွားလိုခြင်းတည်း။

သူကြိုက်သော အကြွားအဝါဖြင့် အားပါအောင် ယူပြလိုခြင်းတည်း။

သူသေ သူ့အသားပါခန္ဓာကြီး ထားခဲ့ရမည်ကို မသိရှာပေ။

http://www.dhammadownload.com



သို့နှင့် တစ်နေ့ မိမိတိုက်ပေါ်တွင် အသပြာတစ်ထောင်တန်သော ချိုးရေအဝတ်အစား အသုံးဆောင်ခွက်မှသည် အသပြာတစ်ထောင်တန်သော ထမင်းအဖျော်များထိ လူအများအား အသိပေးစားပြရာ တောမှ ထင်းရောင်းလာသော ဆင်းရဲသားက ကြည့်ရင်း အားမရ သွားရည်ကျလာ၏။ မနေနိုင် မထိုင်နိုင်ဖြစ်လာ၏။

လူအားလုံးလည်း လမ်းပေါ်မှနေ သူ့ထက်ငါ ခုံအဆင့်ဆင့်တို့ဖြင့် မျှော်ကြည့်ရင်းက လေနှင့်အတူပါလာသော ထမင်းဟင်းများအနံ့ကြောင့် မနေနိုင် သလောက်ပင်။

ထိုစဉ်

အများထက်ကဲသော ထိုဆင်းရဲသားက သူငယ်ချင်းအကူဖြင့် တစ်လုပ်မျှတောင်းခံရာ ဂန္ဓသူဌေးကား တုတ်တုတ်မျှမလှုပ်။

သို့ကြောင့် လေးကြိမ်မြောက်တွင်

သူဌေးကြီးခင်ဗျား။ အကျွန်ုပ်၏ သူငယ်ချင်းသည် သူဌေးကြီးထမင်းမှ စားခွင့်မရ သေရပါတော့မည်။ သို့ကြောင့်

တစ်လုပ်စာမျှ မျှပါ သူဌေးကြီးခင်ဗျား။

ထိုစကားကြောင့် သူဌေးကြီး အသံလာရာဘက် ခေါင်းမော်ကြည့်လိုက်၏။ ပြီးလျှင်

ငါ့ဆီ သုံးနှစ်ကျွန်ခံ၊ ဤငါစားသလို ကျွေးမည်။

လှမ်းအော်ပြောလိုက်၏။ သူဌေးက. . ။

စိမ်လိုက် သူဌေးမင်း။ လှမ်းအော်အတွံခံလိုက်၏။ တောသားက. . ။

သို့နှင့်

ထမင်းတစ်ထပ်ဝန် သုံးနှစ်တိတိ ကျွန်ခံသောကြောင့် သူ့အမည်အား

http://www.dhammadownload.com



ဘတ္တာဘင်္ဂိက (ထမင်းသာအဖိုးစားနာရှိသောကျွန်) မှည့်ပေးကြလေ၏။

သုံးနှစ်စေ့ပြီ။ လမ်းဆုံ လမ်းမပေါ်တွင် အသပြာ တစ်သိန်းထိုက် မဏ္ဍပ်မှသည် အသပြာတစ်သိန်းထိုက် ထမင်းတိုင်အောင် ကတိအတိုင်း ပြင်ဆင်ကျွေးမွေး၏။ ထိုစဉ်

ရေချိုးအဝတ်လဲပြီးပြီ။ တစ်သိန်းတန် ခင်းနှီးကြီးအပေါ်လည်းထိုင်ပြီးပြီ။ တစ်သိန်းတန် ထမင်းစားသုံးရန် ရွှေခွက် အဖုံးကြီးလည်း ဖွင့်လိုက်ပြီ။

ဂန္ဓာမဒနတောင်နေ နိရောဓာသမာပတ်မှထပြီးစ ပစ္စေကအရှင်ကြီးသည်လည်း သပိတ်တော်ပိုက်လျက်က ဘတ္တာဘင်္ဂိကရှေ့ ချက်ချင်းကြီး ဆိုက်လာပြီ။

ထိုအခါ ဘတ္တာဘင်္ဂိကသည် အရှင်အား မော့ကြည့် လိုက်၏။ ထိုစဉ် ရုတ်တရက် အတွေးဝင်လာ၏။ ငါ သုံးနှစ် ကျွန်ခံပြီးမှရလာသော ဤထမင်း. . ငါ အခုစား အခု ချက်ချင်းကုန်ပါအံ့။

အကယ်၍များ ငါမစားဘဲ ဤအရှင်အား လှူရပါမူကား အကျိုးမဆုံးမှုံးမတုံးဖြစ်တော့အံ့။ သို့ကြံရွယ်ကာ ချက်ချင်းထလှူလိုက်၏။ တစ်ဝက်လောက်ရောက်သော် အရှင်က လက်ကာပြလိုက်ရာ

အရှင်မြတ်ဘုရား. .

တပည့်တော်အား တစ်ဘဝစာ တစ်ခဏစာလေးမျှ ချီးမြှောက်တော်မမူပါနှင့်။ တစ်သက်စာမျှမက သံသရာတစ်ဖက်စာအထိ ချီးမြှောက်တော်မူပါဦးဘုရား။ သို့နှင့် အရှင်လည်း လက်ကာ လက်ထုတ် ရုပ်လိုက်သည်။ သို့နှင့် ဘတ္တာဘင်္ဂိကလည်း အလှူခံကြွ အကုန်လောင်းလိုက်သည်။

လူအားလုံး အံ့အံ့ကျွက်ကျွက်ဖြစ်ကြပြီ။

ငတ်တုန်းကလည်း သူ့အပြင် နှစ်ယောက်မရှိလူပဲ။

ပြတ်မယ့်ပြတ်တော့လည်း သူ့အပြင် နှစ်ယောက်မရှိ လူပဲ။ ထိုစဉ်

http://www.dhammadownload.com



ထိုဘတ္တဘဋိက ဆုတောင်း၏။ ဆုရမှ အမှုဝေနိုင်မည်။

- ဘုရားတပည့်တော် ဤကောင်းမှုကြောင့် ဖြစ်လေရာရာ ဘဝတိုင်း မရှိစကား နားမှလေသံ မကြားရပါလို၏။
- ဆင်းရဲသားဘဝမျိုးမှ လွတ်မြောက်ရပါလို၏။

ထိုသို့

- မရှိမကြား ဆင်းရဲသားမဖြစ်ချိန်
- အရှင်ဘုရားများ ကျင့်သလို ကျင့်၍

အရှင်ဘုရားများ သိသလိုပင် သိရပါစေသား အရှင်မြတ်ဘုရား။

ထိုစဉ်လည်း အားလုံး သာဓုခေါ်ကြသည်။

အရှင်မြတ်ကလည်း ပြည့်စေဖြင့်ပင် စေတနာစဉ်အား အရှိန်မြှင့်တင်ပေးထားခဲ့ပြီ။ ထို့နောက် ပစ္စေကအရှင်မြတ်သည်

ငါအား

လူအများ ဂန္ဓမဒနတောင်အရောက် မြင်စေသတည်း။

ဤသို့ အဓိဋ္ဌာန်လျက်က ကောင်းကင်ခရီးဖြင့် တက်ကြွ ကြွသွားရာ ထိုအခါလည်း လူအားလုံး အံ့အံ့ကျက်ကျက် ပွက်ဆူ ကျန်ရစ်ခဲ့ပြီ။

ထိုစဉ် ဂန္ဓသူဌေးသည် အသံများ နားထောင်ရင်းက အင်း. . ငါပေးသော အရိုက်အရာနှင့် ဆင်းရဲသား မတန်မရာဖြစ်နေ၍ထင့်။

သို့ အတွေးပေါက်ကာ အစေခံများအား သွားကြည့်စေ၏။ ထိုအခါ

- မြင်ကွင်းကား ပစ္စေကအရှင်ကြွနေသည်ကလည်း အထင်းသား
- ဤသပိတ်မှ ပစ္စေငါးရာ၏သပိတ်များသို့ ဝေငှနေသည်ကလည်း အထင်းသား၊
- ဂန္ဓမဒနတောင်၌ ပစ္စေကအရှင်များ ဆွမ်းစားနေသည်များကလည်း

http://www.dhammadownload.com



အထင်းသား၊

ဤအထင်းသား သုံးမျိုးတို့နှင့် ပက်ပင်းတိုး တိုးမိကြသော အစေခံများသည် သူဌေးထံ ပြန်ပြေးကြပြီး သတင်းပို့ရာ. .

- ဂန္ဓသူဌေး ဝမ်းသာအားရစွာဖြင့် အသပြာတစ်ထောင်ပေး၍ သာဓုခေါ်၏။

- အားလုံးတို့လည်း အသပြာပေး၍ သာဓုခေါ်ကြ၏။

- ဘတ္တဘင်္ဂိကာလည်း သူဌေးရာထူး ရတော့၏။

ထို့မှနောက်

- အမျှဝေ သာဓုခေါ်သမား

- ဘတ္တဘင်္ဂိကနှင့် ဂန္ဓသူဌေးတို့သည် ကဿပဘုရား သာသနာနှင့် ဤဂေါတမသာသနာအကြား

- နတ်ဖြစ်လည်းအတူတူ၊ သွေးတူ မွေးတူပင်

- လူဖြစ်လည်းအတူတူ၊ သွေးတူ မွေးတူပင်. . ၊

သရက်မျိုးစေ့ တစ်စေ့က အပင်ဆောင်ခဲ့လျှင် ဝတ်ဆံ အားကောင်း-ကောင်းသလောက် လက်တွေ့မြင်။ အပင်သန် အသီး သီး။ ထို့နောက် သရက်ဥယျာဉ်ကြီးများ ဖြစ်လာသည် အထိကို လက်ခံနိုင်သေးလျှင် စေတနာ တစ်ခုက ဘဝမျိုးစုံ အကျိုးကုန်ပေးလည်း လက်ခံရမည်သာ။

အကြောင်းဆုံ ဤပုံချက်ချင်းပေး

ဤ ဆိုခဲ့ပြီး

ချက်ချင်းအကျိုးပေး ဒိဋ္ဌဓမ္မ ဝေဒနီယကံ - ဖြစ်ခွင့်ရရန်မှာ. . .

၁။ အလှူခံပုဂ္ဂိုလ်

၂။ အလှူရှင်၏ဝတ္ထု

http://www.dhammadownload.com



၃။ အလှူရှင်၌ စေတနာ

၄။ အလှူခံ၌ လွန်ကဲသောဂုဏ်

အထက်လေးမျိုး ပြည့်စုံပါက ချက်ချင်းအကျိုးခံစားခွင့် ရစေပါသည်။

ထိုစဉ်

၁။ အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်းမှာ နိရောဓသမာပတ်မှ ထစဖြစ်သော ရဟန္တာ၊ အနာဂါမ် ထိုနှစ်ပါး တစ်ပါးပါးဖြစ်ခဲ့မူ အလှူခံပုဂ္ဂိုလ် ပြည့်စုံပြီ။

သာသနာပအခါ၌ကား နိရောဓမှထစ ပစ္စေကဗုဒ္ဓါသည် အလှူခံပုဂ္ဂိုလ် ပြည့်စုံခြင်းတည်း။

၂။ တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်းဖြစ်ခဲ့ပါမူ အလှူဝတ္ထုဘက်က ပြည့်စုံပြီ။

၃။ ကာလသုံးပါးစလုံး

- မလှူမီလည်း ဉာဏ်ယှဉ်-သောမနစိတ်(ဉာဏ်မှ ဖြစ်သောကြည်စိတ်)
- လှူခဲ့လည်း ဉာဏ်ယှဉ်-သောမနစိတ်(ဉာဏ်မှ ဖြစ်သော ကြည်စိတ်)
- လှူပြီးလျှင်လည်း ဉာဏ်ယှဉ်-သောမနစိတ် (ဉာဏ်မှဖြစ်သော ကြည်စိတ်)

ထိုသို့ ဉာဏ်ဝင် ကြည်-ကြည်နေသော စေတနာဖြစ်ခဲ့မူ စေတနာ ဘက်ကလည်း ပြည့်စုံပြီ။

၄။ အလှူခံပုဂ္ဂိုလ်က ပစ္စေက၊ ရဟန္တာ၊ အနာဂါမ်ဖြစ်ရုံမျှမဟုတ် သမာပတ်ဝင်စားခြင်းမှထစဖြစ်ခဲ့မူ အလှူခံ၌ လွန်ကဲသောဂုဏ်နှင့် ပြည့်စုံပြီ။

ဤကား ချက်ချင်းအကျိုးပေး၌ ရှိရမည့် သမ္ပဒါလေးပါးတည်း။

ဤ၌ နောက်တစ်ခု သိစေလိုသေးသည်မှာ

http://www.dhammadownload.com



အကယ်တိတိ

အထက်ပါ ပြီးစီးပြည့်စုံခြင်းလေးမျိုး မရနိုင်သော အချိန်နေရာမျိုးများ ဖြစ်ခဲ့ပါမူ

(က)အလှူခံကလည်း ရုတ်တရက်တွေ့ ညေ့်သည်ဖြစ်နေလျှင်

(ခ) အလှူပစ္စည်းကလည်း အဆင်သင့်ရှိ ညေ့်သည်ဖြစ်နေလျှင်

(ဂ) စေတနာကလည်း ရုတ်တရက်ပေါ် ညေ့်သည်ဖြစ်နေလျှင်

- ပုဂ္ဂိုလ်သတိ စိတ်မရောက်၊ သဘောမျှသာ စိတ်ကောက် နေတော့ခြင်း

- လောဘ သောကဖြင့် လိုက်လံရှာနေစရာမလို၊ ရှေ့နောက်ကုသိုလ် စိတ်ချည်း ကြံဆိုနေတော့ခြင်း

- ရှေ့တိုးနောက်ငင်စေတနာ မဖြစ်သာ၊ စေတနာ အလုံးအရပ်စွာနေ တော့ခြင်းများကြောင့်

ထိုညေ့်သည်သုံးမျိုး ဆုံဆိုက်အလှူသည်လည်း ချက်ချင်းကြီး အကျိုးပေး ရတော့သည်သာ။

ပင်းယခေတ် ငါးစီးရှင်ကျော်စွာလက်ထက် အလှူခံက တံငါသည်ဖြစ် နေသော်မှလည်း ရုတ်တရက်ပေါ် အဘိညာဉ်ရ ရဟန္တာအထိ အတွေးပေါ် သွားသောကြောင့် ချက်ချင်း ဆင်ဖြူတော် လက်ခံရရှိခြင်းက သက်သေထူခဲ့ပြီ။ ထိုစဉ်က

- ပစ္စည်းကလည်း လက်ထဲရှိ စားတော်ပွဲ၊ စေတနာကလည်း ချက်ချင်း ပေါက်-ပါ ဆိုခဲ့ပြီ။

ဤဆိုခဲ့ပြီးများ၏ အဓိကမှာ

မိမိတို့သူကောင်းပြုခရီး ပြီးစီးလေတိုင်း စေတနာဆန္ဒအားများ တွန်းအား ပါသော ပီတိရှိန်ဖြင့်

http://www.dhammadownload.com



- ဆုတောင်းလျှင် ဆုတောင်းပြည့်ဝခြင်းပင်။ ထို့နောက်

မိမိလက်ဝယ်ရှိ စေတနာဆန္ဒအားများ အမှုဝေက သေသေချာချာ ရရှိသွားခြင်းပင်။

သို့ကြောင့်

ပုဒ္ဓဝါဒီတို့ စုဝေးရာ မြန်မာတို့၏ မြန်မာများသည်

- ဒါနပြောက်ပြီးနောက် စေတနာလက်ရောက်လာအောင် ပြုတတ်ကြပါ
- ဒါနနှင့်စေတနာအကြောင်းပြု တောင်းဆုလည်း ပန်ဆင်ထားကြပါ
- ဆုတောင်းပြီးနောက် လက်တွင်းမိ စေတနာ ဆန္ဒ ခွဲတမ်း ချပေးကြပါ

❖❖❖

http://www.dhammadownload.com

# မေတ္တာပို့ခြင်းသည် တောင့်တခြင်းတစ်မျိုး

သဗ္ဗေ ခေမာ ဝေရာ ဟန္တု ဘဝန္တု သုခိတာ သဒါ

- ဆုတောင်းခြင်းသည် ပတ္ထနာ
- မေတ္တာပို့ခြင်းသည်လည်း ပတ္ထနာ

သို့ကြောင့်ပင်

အချင်းချင်း သတင်းစာသဝဏ်ပါးရာ၌ ဆုတောင်း ပတ္ထနာ-မျှမေတ္တာများ ပို့သလိုက်ပါကြောင်းဟူသော နှစ်ထပ်ဆင့်ဆိုခြင်းတည်း။

ဤ၌ ပတ္ထနာဆိုသည်မှာ

မိမိမြင်တွေ့လိုသော အာသာဆန္ဒအတိုင်း မြင်ကွင်းပေါ်လိုရာကို လှမ်းမျှော်တောင့်တလိုက်ခြင်းကို ဆို၏။ သာကေတစ်ခု ထုတ်ဆိုပြပါမည်။

အလောင်းတော် မဟာသုတသောမမင်းအား အင်္ဂုလိမာလ အလောင်းဖြစ်သော ပေါရိသာဒမင်းကသတ်ဖို့ ဖမ်းသွားရင်းက မသတ်မီ လမ်းပေါ်မှာပင် လိုရာဆုတောင်းလော့ ခွင့်ပေး၏။ ထိုအခါ မဟာသုတသောမမင်းက

သင် အသက်တစ်ရာရှည်သည်ကို ငါ ကြည့်လိုပါသည် တောင့်တ၏။ ဤတောင့်တချက်ထဲ၌

နတ်တလူစာစဉ်

http://www.dhammadownload.com



- ငါ အသက်တစ်ရာ ရှည်ရပါလို၏ဆိုသော မိမိအတွက် ဆုတောင်းလည်း ပါပါသည်။
- သင်လည်းပဲ အသက်တစ်ရာ ရှည်ပါစေဆိုသော သူ့ အတွက် မေတ္တာပို့လည်း ပါပါသည်။

ထိုတောင့်တချက်သည် မိမိမြင်တွေ့လိုသော အာသီသ အတိုင်းလျှင် ပေါ်လိုသောမြင်ကွင်းသို့ ရှေးရှုတောင့်တနေကြောင်း ကောင်းကောင်းကြီး ထင်ရှားနေပါသည်။

သည့်အတူ

အလှူရှင်တို့ ဝေငှနေသော အမှုအမှုဆိုသည့် စေတနာ ခွဲတမ်းချဒါန ထဲ၌လည်း

- မိမိလည်းဘေးကင်း အများလည်းဘေးကင်းပါစေ

ဤတောင့်တချက်နှစ်ခင်းလည်း တင်းတင်းကြီးပါဝင် နေပါသည်။

- မိမိလည်း ရန်မတိုး အများတို့လည်း ရန်မတိုးမိကြပါစေနှင့်။

ဤတောင့်တချက် လက်ရှိုလည်း တိုးဝင်နေပါသည်။

သူ့ထံရှိ သဒ္ဓါ၊ ပီတိ၊ စေတနာ ဝတ်ရည်လှည့်စိတ်၌ပင် ထိုဆန္ဒများကိန်းပြီး ဖြစ်နေလျှင်

မိခင်သည် သားသမီးအပေါ်၌ အလိုလိုမေတ္တာကိန်းပြီးသား ရှိပါသည်။

သို့ကြောင့်

သဗ္ဗေ ခေမာ ဝေရာဟောန္တု - နှုတ်က မသွန်းမိသော်မှ ထိုသားသမီးများ ရပြီးသား။

ထိုမိခင်၌တည်သော မေတ္တာကို ကိုယ်ချင်းစာစိတ်က ထောက်ခံထား၏။

လက်ပေါ်မှာပင်ကြီး၊ သူချည်းလည်း ဘာမှလုပ်ခွင့်မရ။ သားဒုက္ခိတ

http://www.dhammadownload.com



ဘဝကို မြင်ခဲ့ရပြီးဖြစ်နေ၏။

ထိုမိခင်၌တည်သော ကရုဏာကို သီလက တာဝန်ခံထားပြီ။

လူ၌ရှိအပ်သော ဂရုဓမ္မ၊ နိစ္စသီလသည် တိရစ္ဆာန်ဉာဉ် စရိုက်မှန်သမျှ အားလုံး ရိုက်ချိုးပစ်ပေးနေ၍

ထိုမိခင်၌တည်သော အမြတ်ဆည် ငါးပါးသီလကိုကား သရဏဂုံပွားသတိ က အပြီးအစီး တာဝန်ယူပေးထားပြန်၏။

သရဏဂုံခါတ် မပြတ်ရှုပွားနေသော အပ္ပမာဒသတိသည်

- အာရုံကောင်းဝေး ပြန်ပြောင်းမျှော်တွေးမည့်စိတ်ကို ထိန်းကျောင်းပေး ထားတော့၍ အာရုံသစ် အပေးနောက် ကောက်ကောက်ပါ ပြေးလိုက်မည့် စိတ်ကို ထိန်းကျောင်းပေးနေတော့၍

ထို စိတ်ကောင်းသတိ၏ သရဏဂုံ တုတ်မြောက်ဖိအားကို စိတ်သည် မတွန်းလှန်နိုင်တော့ရာ တည်ရှိအားများက ဘယ်လောက် သွေးဆွဆွ မထဝံ့ တော့ပါ။

အပြင်မှ ညှို့ခေါ် အာရုံတို့က ဘယ်လောက်လျှော်လျှော် ထိုစိတ် ခေါင်း မဖော်ဝံ့ပါ။

ထိုအချိန်

ထိုမိခင်၌ ချစ်မုန်းဖြင့် ဆင်ယင်ထားသော တိရစ္ဆာန်ဉာဉ်နှင့်စရိုက်များ အနုသယသွေးမှတစ်ဆင့် မလိုက်သာတော့ရာ

ကြိုက်မှလုပ်ဖြစ်သော သူ့အသက်သတ်ကျင့်များ လွင့်စင်သွားတော့ သည်သာ။

မုန်းမှသာလုပ်ဖြစ်သော သူ့အသက်သတ်စသည် အကျင့်မှားများ လွင့်စင်သွားပြီသာ၊

နတ်တလူစာစဉ်

http://www.dhammadownload.com



ထိုအချိန်

ထိုမိခင်၌ မျက်စိ စသည်များလည်း ကြွေရလာပြီး လူစိတ်မှန်လည်း သန့်သန့်ဝင်လာနေပြီ။

လူစိတ်မှန် သန့်သန့် စီးပြေးနေသော ထိုမိခင်၌

ကိုယ်ချင်းစာထား သားအပေါ်၌ ကရုဏာတရား မပွားစီး မရှိတော့ပါ။

ကိုယ်နှင့်တန်းတူထား မေတ္တာတရားလည်း သားအပေါ်၌ မပွားများ မရှိတော့ပါ။

ဤကား လူသားဆန်သော မိခင်၏ မေတ္တာ၊ သားသမီး အပေါ်၌ အလိုလို ပါနေခြင်း၏ သဘာဝတည်း။

သည့်အတူ အလျှုရှင်တစ်ဦး၌ထားရှိသော သဒ္ဓါ ဆန္ဒ စေတနာအင်အား ပြင် အမှုတို့၌လည်း

- မေတ္တာကလည်း ထောက်ခံပေးထားသေး၏။
- ကရုဏာလည်း ပါပါ၏။
- သီလ သရဏဂုံ သတိ တို့အတွဲလည်း ပွဲစကတည်းက ပါပြီးသား ဖြစ်နေကြပါ၏။

သို့ဆိုသော်

ထို အလှူရှင် ဝေငှသော အမှုထဲဝယ် ဘာကျန်သေးသနည်း။

သို့ကြောင့်

အမှုဝေရာ၌ အဝေရာဟောနှုပါ။ မပါ အငြင်းပွားစရာ မလိုတော့ပါ။

❖❖❖

http://www.dhammadownload.com

ရန်နှင့်ဘေး ဝေးဝေးနေစေ အမျှဝေ၏

ဤဆုတောင်း မေတ္တာပို့ အမျှဝေ စာစဉ်၌ သဗ္ဗေခေမာ ဝေရဟောန္တု ဘဝန္တု သုခိတာ သဒါ ဤသို့ပင် ခေမ၊ အဝေရ၊ သုခ သုံးနှစ်တွဲ ပါရှိနေချေရာ

ခေမာ တာဝန်ခံ ဘေးအမျိုးမျိုးကား

ပရိတ်တော်လာ ရာဇတောဝါ စသည် ဘေး ၂၅ ပါး လည်းပါသည်။

သူနှင့်မကင်းရာ ဒဏ် ၁၀ ပါး၊ ဥပဒ် ၁၆ ပါး၊ ကြမ္မာ ၃၂ ပါးများလည်း ပါသည်။

သို့ကြောင့် ဘေးဥပဒ်အန္တရာယ်ဟူ၍ သုံးစွဲခြင်းတည်း။

ထိုစဉ်

ကြောက်စရာကောင်းသည်များဟာ ဘေး၊

အနီးကပ် အဖျက်အဆီးခံရသည်များက ဥပဒ်၊

အပြစ်ကျရောက်ပါသည်များက ဒဏ်၊

အနိုင်ကျင့် နှိပ်စက်ခံရသည်များက ကြမ္မာ၊

ထိုအားလုံး ကြောက်စရာကောင်းသည်ချည်းသာ။

တစ်ဖန်

နတ်တလူစာစဉ်

http://www.dhammadownload.com



အဝေရာ တာဝန်ခံရသော ရန်အမျိုးမျိုးမှာကား

ကိုယ်တွင်းရန် ကိုယ်လက်သပ်မွေးထားသည်များက ထနှောက်ယှက်ကြခြင်း၊

ကိုယ်ပရန် ကိုယ်နှင့်ပက်ပင်းတွေ့များက ဆီးကြိုနှောက် ယှက်ကြခြင်း၊

ထိုစဉ်

ကိုယ်တွင်းရန်၌လည်း

ကိလေသာ တရားကိုယ် ၁၀ ပါးလည်း ပါဝင်၏။

သံယောဇဉ်တရားကိုယ် ၁၀ ပါးလည်း ပါဝင်၏။

နီဝရဏ အနှောက်အတား ၅ ပါးလည်း ပါဝင်၏။

ယင်းတို့သည်

ဗီဇသွေး အနုသယသွေးများနှင့် အရောဝင်ကာ လူကိုလည်း ရန်လုပ်ကြ၏။ လူစိတ်ကိုလည်း ရန်လုပ်နေကြ၏။ လူသားတိုင်း

စားစား သွားသွား နားနား နေနေ သူတို့နှင့် မကင်းကြ။

ကြံဖန်ပြောသည်၊ ပြုလုပ်သည်၊ သူတို့တွေက ပါပြီးသား။

သို့ကြောင့် . . .

အန္ဓ ဗာလ ပုထုဇဉ်(ကန်းသည်၊ မိုက်သည်၊ ကိလေသာ စိတ်များသည်) သုံးဘွဲ့ရလူသားတိုင်း၏ ကံမှန်သမျှ သူတို့၏ အနှောက်အတား မကင်းကြသည်ချည်းဖြစ်ကြရာ

လူစိတ်က အမြတ်ကို ရည်းမှန်း၏။ သို့သော်

သူတို့အစီအမံကြောင် အယုတ်ခန်းသို့ချည်းသာ။

တစ်ဖန်

လူစိတ်က ကောင်းရာမှန်းသည်၊ သို့သော်

http://www.dhammadownload.com



လူတို့ဩဇာ မလွန်ဆန်နိုင်သဖြင့် ဆိုကျိုးထဲချည်းသာ။

သူတို့စကား နားယောင်သွားကြောင့် ဒုက္ခတွင်းထဲသို့သာ။ သည်လောက်ဆို ဘေးဆိုသောထိုစကား သဘောပေါက်သွား သင့်လောက်ကြပြီ။

တစ်ဖန် အပြင်ရန်၌ကား

ရေမီးစသည် ရန်သူမျိုးငါးပါးလည်း ပါဝင်၏။

ဆိုခဲ့ပြီး ဘေးအမျိုးမျိုးများလည်း ပါဝင်၏။

သို့ကြောင့်လျှင် ဘေးဥပဒ်အန္တရာယ် ရန်အသွယ်သွယ်တို့ကား ပြင်ပရောက်များလည်းဖြစ်ကြ၏။ မိမိက သွားရောက် ရန်မစလျှင်လည်း သူ့အလိုလိုကား ကျရောက်မလာတတ်ကြ။

သို့ကြောင့် ကြောက်စရာမလို။

ထန်းသီးကြွေခိုက် ကျီးနင်းခိုက်မျှဖြစ်သဖြင့် ဘေးကြောများလည်း မရှည်တတ်။

ကိုယ်တွင်းနေ ကိလေသာ သံယောဇဉ်ရန်မှန်သမျှကား မိမိဘဝနှင့်အတူထား။

သူတို့လက်အောက်ကြား သွားလာနေရခြင်းကြောင့် ကြောက်စရာအကောင်းတကာ့ အကောင်းဆုံး။

- လူသေကောင် သူမွေးဆွဲ ဖြစ်နေခြင်းကြောင့်လည်း ရွံစရာ အကောင်းတကာ့အကောင်းဆုံး။

- ရန်သူပင်ဖြစ်သော်မှလည်း ရန်သူမှန်းမထင်ရအောင် ပိရိလှခြင်းကြောင့်လည်း မုန်းစရာ အကောင်းတကာ့ အကောင်းဆုံး။

ထိုကိစ္စ သတိရှိမှ သိရသည်။ သတိမရှိ မသိ။

ထိုကိစ္စ အသိဝင်မှ မြင်ရသည်။ အသိမဝင် မမြင်။

နတ်တလုစာစဉ်

http://www.dhammadownload.com



ထိုကိစ္စ ကိုယ့်ကိုယ်ကိုယ်ပြန်ကြည့်သူမှ တွေ့ရသည်။ ပြန်မကြည့် မတွေ့။

- ကိုယ့်ဘဝ အသက်လည်းမွေး ဝမ်းလည်းကျောင်းပေးနေရသည်မှာ သူတို့ကြောင့်၊

- ကိုယ့်ဘဝ အစာလည်းခွံ့ကျွေး အညစ်ကြေးအမျိုးမျိုးလည်း သုတ်သင်ပေးနေရသည်မှာလည်း သူတို့ကြောင့်၊

- ကိုယ့်ဘဝ အိမ်ထောင်သားမွေး ဒုက္ခဘေးအမျိုးမျိုးထဲ တိုးဝင်နေရသည်မှာလည်း သူတို့ကြောင့်၊

တဏှာ ဥပါဒါန် ကံ အဝိဇ္ဇာ သင်္ခါရ တို့ကြောင့် ဘဝ ဇာတိ ဇရာ မရဏ သောက စသည်ဖြစ်၏။ ဘုရားစကား ဤမျှ သက်သေထား။

ထိုစဉ်

ကမ္ဗဋ္ဌာန်းလေးဆယ်ထဲမှ တစ်ခုခုကို ဓမ္မသရဏဂုံ အဖြစ်ထား။ မမေ့ မလျော့ မပေါ့မဆ အင်္ဂါလေးချက်စုံ အပ္ပမာဒ သတိတရားဖြင့် ပွားနေများနေသော် ကောင်းမှုရှင်များ

- အမှတ်နောက် အမှတ်ပြည့်ကြောင့်

အသိနောက် အသိ အသိတို့ချည်း ဝင်နေသော် ထိုကောင်းမှုရှင် အကျင့်စင်ကြယ်နေပါပြီ။ သီလ ဝိသုဒ္ဓိမျိုး ကမ္ဗည်းထိုး၍ ရပါပြီ။ ထိုမှနောက်

အသိ အသိတို့အကြား သတိသတိများ ထားပေးလိုက်ရာ. .

ဝင် အေးအေး၊ ထွက် နွေးနွေး စသည် ဝေဒနာ ဖော်ပြလာချေပြီ။ အာနာပါနသရဂုံမှာ

ထိုဝေဒနာများ၌ပင် သတိအစိုက်ထားပေးလိုက်ပါ။

အေးအေးမှသည် အေးလှုပ်လှုပ်ဖြင့် ရိပ်ရိပ်ဆင်းသော ဖြစ်ပျက်ခြင်း လက်ငင်းတွေ့ရသည်။

http://www.dhammadownload.com



ထိုဖြစ်ခြင်း ပျက်ခြင်းကြီးအကြား အသိပါ ထားပေးလိုက် စမ်းပါ။ ထိုအခါ
(က)ရုပ်နာမ်တို့၏ နှစ်ပါးသွားဟန်များလည်း ထိုအသိဉာဏ်ဝယ် ကေန်ပေါ်လာပါမည်။
(ခ) ရုပ်နာမ်တို့၏ သဘာဝလက္ခဏာများလည်း ထိုအသိ ဉာဏ်ဝယ် ကေန်ပေါ်လာပါမည်။
(ဂ) ရုပ်နာမ်တို့၏ သဘာဝအားလုံး အဆုံးအထိလည်း ထို အသိဉာဏ်ဝယ် ကေန်ပေါ်လာပါမည်။

ထိုကောင်းမှုရှင်က

ကိုယ်တွင်းဘေး မည်သို့မျှ မအေးကြောင်း ကောင်းကောင်းသိသွားရာ

ကိုယ်တွင်းရန် အမှန်မအေးကြောင်းလည်း ကောင်းကောင်းကြီး အသိဦးနေတော့ရာ

အမျှ အမျှဆိုသော ထိုစကားထဲ၌ပင် ခေမာ အဝေရာ ချီ -

ထိုဆုတောင်းမေတ္တာပို့များ အလိုလို ပါပြီးသား. .

သူ့၌ ကရုဏာထား မေတ္တာပွားများ မိခင်အလား အားကောင်းနေပြီဖြစ်သောကြောင့်။

ကောင်းသုခ ရကြပါစေ အမျှဝေ၏။

သီလကို သရဏဂုံဖြင့်စီရင်

သရဏဂုံကို သတိဖြင့် ခရိုပြင်းနှင်ပေးနေသော ဤ ကောင်းမှုရှင်၏ စိတ်အစဉ်၌

ငါ သူ လည်းမဝင် စိတ်များ ရှေ့နောက် နောက်ကျန်လည်း မဖြစ်။

ကိလေသာနှင့်ပညတ်များ မဝင်။ လူစိတ်ချည်းသက်သက် စဉ်ထွက်နေ၏။ သို့ကြောင့် . . .

နတ်တလူစာစဉ်

http://www.dhammadownload.com



သောကနှိပ်စက်၍ဖြစ်သော အပူများ ငြိမ်းအေးနေပါတော့သည်။ ဒေါသမာနများ နှိပ်စက်မှု ထန်ပြရသော မာန်ပူများလည်း ငြိမ်းအေးနေပါတော့သည်။ ရှေ့ကြုံတွေး၊ နောက်ပြန်တွေးမိမှုပေါ်ရသော ကံပူများလည်း ငြိမ်းအေးနေပါတော့သည်။

လူဖြစ်တုန်းလေး လူစိတ်မွေးနိုင်သူတည်း။

ထိုကောင်းမှုရှင်က အမျှ အမျှ အော်ဟစ်ပေးဝေသော် ထိုအထဲဝယ် ဘဝန္တ သုခိတာ သဒါလည်း သားသမီးတို့ အပေါ် မိခင်စိတ်အလားဖြင့် အလိုလိုပါသွားပါပြီ။

ဘဝထဲ ဒါမပါ။ ဆိုစရာ မလိုတော့ပါ။

ထိုသို့ စေတနာ ဒါန ဝေငှရာ၌

အနီးနေ ပွဲဝင်ပရိသတ်များကား ရည်ညွှန်းအဖြစ် အမျှခံကြရာ၏။

ဝေးနေ ပွဲပြင်ပရိတ်သတ်များကား မညွှန်းအဖြစ် အမျှခံ ကြရ၏။

ထိုစဉ်

သူတော်ကောင်း သူမြတ်လောင်းအပေါင်းက ဝေငှပို့သသော မေတ္တာများကိုလည်း အကျွန်ုပ်ကလည်း သာဓု သာဓု ဤသို့ အာရုံမှန်း တမ်းခေါ် ခေါ် လိုက်ခြင်းများက ဆွမ်းကြီးလောင်းပွဲ အဝေးမှုနေ ပွဲဝင်နေခြင်းများအဖြစ် သက်သေခံ နေကြပြီ။

လူလူချင်းတွေ့ မမြင်ဖူးဘဲနှင့် ဖော်ရွေနေခြင်းများသည် ဒင်းလက်ချက်။

လူလူချင်းနီး တွေ့တွေ့ချင်း ရင်းနှီးနေခြင်းများသည် ဒင်းလက်ချက်။

အကယ်တိတိ

နေ့စဉ် အိပ်ရာဝင်တိုင်း ဗုဒ္ဓဝါဒီတို့ လုပ်မြဲဖြစ်သော ဘုရားလက်ထက် မေတ္တာပို့အမျှဝေ သမထ ဘာဝနာ၊ ဝိပဿနာဘာဝနာနှစ်ပါး တစ်ပါးပါးဖြင့်

http://www.dhammadownload.com



စိတ်၊ ကိလေသာ ဘေး ကင်းဝေးအောင် ရှုပွား စသည့် ကောင်းမှုရှင်များဆိုပါမူ

ဦးစွာ ဘုရားရှင်၏ ဓမ္မဓာတ် စိတ်အာရုံဖြင့် ချဉ်းကပ်၍ ပင့်ဖိတ်ပါ။

ထို့နောက် ဘုရားရှေ့ သရဏဂုံခံသည့်အလား သရဏဂုံ သီလ ခံယူလိုက်ပါ။

ပြီးသော် ဘုရားဂုဏ်စသည့် ရတနာ့ဂုဏ်များ ကိုယ်၌ထုံလာရန် ရွတ်ပွားပါ။ ပြီးသည်နှင့် မိမိနှင့်တကွ အားလုံးအပေါ် မေတ္တာပို့ အမျှဝေပေးပါ။

မိမိကိုယ်ကို ကောင်းအောင်ပြုစုပြီးမှ မိမိကိုယ်အတိုင်း အားလုံးအား ကိုယ်တိုင်းပေးခြင်းတည်း။

ထိုသို့ မေတ္တာပို့ အမျှဝေရာတွင်

အနီး အဝေး၊ မြင်အပ် မမြင်အပ်၊ ကြောက်တတ် မကြောက်တတ်၊ ဘဝဆုံးပြီးသူ မဆုံးသေးသူ

ထို ရည်ညွှန်း မညွှန်း ၂-ပါးတွဲများလည်း ပါရှိပြီးသားပင်။ တစ်ဖန်

ရှည်သူ တိုသူ အလတ်စားသူ ဤသုံးပါးတွဲလည်းပါပြီးသား။

ကြီးသူ ငယ်သူ အလတ်စားသူ ဤသုံးပါးတွဲလည်းပါပြီး သား။

ဝသူ ပိန်သူ အလတ်စားသူ ဤသုံးပါးတွဲလည်းပါပြီးသားပင်။

ထိုစဉ်

ထိုသူများ အချင်းချင်း မလှည့်ပတ်ကြရန်လည်း ဆန္ဒပြု၏။ အချင်းချင်း အထင်မသေးမိကြရန်၊ အချင်းချင်း ရန်မလိုမိကြရန်တို့ပါ ဆန္ဒပြု၏။

ဆန္ဒသည် တောင့်တခြင်းတည်း။

ယင်းဆန္ဒသည် ပတ္ထနာ၏ ကိုယ်စားတည်း။

ကောင်းမှုဖြင့် ကိုယ်ကျင့်ကောင်းနေသူ၏ဆန္ဒ ဘာမဆို စူးရှနေသည်ပင်။ ကောင်းမှုဖြင့် စေတနာသန့်နေသူ၏ အာသီသ ဘာမဆို ပို့ရာတျ

http://www.dhammadownload.com



နေတော့သည်ပင်။

ဘုရားလက်ထက်တော်က မေတ္တာအကျိုးပြ ဖြစ်ရပ်တစ်ခု။

ရဟန်းတော်ငါးရာတို့သည် ဘုရားထံမှ ကျင့်နည်းများ တောင်းခံပြီး နောက် ဟိမဝန္တာနှင့်ဆက်စပ်သော တစ်တောဝယ် ဓမ္မသရဏာဂုံ ပွားထုံကြရာ နတ်များမနေသာကြ။ ခလေးလက်ဆွဲ ဟိုသည် ဟိုသည်ခွာ၍ ပေးနေကြရ၏။ ကြာသောအခါ

မနေဝံ့အောင် ခြောက်လှန့်ကြ၏။

မနေဝံ့အောင် အနံ့အသက်များ ပေးကြ၏။

ထိုရဟန်းများ မနေဝံ့ကြပြီ။ ရောဂါရသူရဖြစ်လာကြပြီ။ သမာဓိမျှ မတည်ကြပြီ။

သို့နှင့် ဘုရားထံမှောက် ပြန်လည်ရောက် အကြောင်းစုံ လျှောက်ထား ကြသည်။

ဘုရားရှင်သည်

ဤနေရာမှတပါး အခြားနေရာများနှင့် ဤရဟန်းများ မလျှောက်ပတ် ဟုသိ၏။

မေတ္တာဒါန မဝေငှသောကြောင့် နတ်အများ ဆင်းရဲနေသည်ကိုလည်း မြင်၏။

သို့ကြောင့်. .

မေတ္တာသုတ်ဖြင့် မေတ္တာကမ္မ ဒါနခဏ်းချပုံကို သင်ပေး လွှတ်လိုက်၏။

ထိုမေတ္တာသုတ်တော်၌ ကရဏီယ အစချီ ဘာဝနာ ပရိကံဖြင့် (မေတ္တာ ပွားများရန်၏ အခြေယူ အစပျိုးဖြင့်) ငါ ဤလိုကျင့်ပါသည်။ ဤမှန်သော စကားကြောင့်ဆိုသော သစ္စာလည်းပါ၏။ တစ်ဖန်

http://www.dhammadownload.com



သုခိနော ဝါ ခေမိနော ဝါ ဟောန္တု သဗ္ဗ သတ္တာ ဘဝန္တု သုခိသတ္တာဖြင့်

ဤသစ္စာစကားကြောင့်

- သတ္တဝါအားလုံး ဘေးမရှိကြပါကုန်လင့်။
- သတ္တဝါအားလုံး ရန်မရှိကြပါကုန်လင့်။
- သတ္တဝါအားလုံး ကိုယ်အပူမသန်း စိတ်ချမ်းမြေ့ကြပါစေ။

ဤသို့ မေတ္တာပို့လွှတ်ပေး၏။ သို့ကြောင့် မေတ္တာလည်းပါနေ၏။

အထူးမှာ ထိုသို့ မေတ္တာပို့လွှတ်မည်ကြံတိုင်း

ပထမ မိမိကျင့်သုံးထားသော သီလကို ဦးစွာအာရုံပြုပါ။

ထို့နောက် မိမိလက်ဝယ်ရှိကောင်းမှုကို အာရုံယူပါ။ ပြီးသော်

အနီးအဝေး စသည်သို့ စေတနာယှဉ် မေတ္တာဒါန ခွဲတမ်းချပါ။

ထိုမေတ္တာက ဘယ်လိုဟာမျိုးလဲမေးသည်ဖြစ်သောကြောင့်

နောက်ဆုံး မာတာယထာ နိယံပုတ္တ မိမိ၏ တစ်ဦးတည်းသော သား အပေါ်ထားသော မိခင်မေတ္တာမျိုးဟူ၍ ဆိုထားပါ၏။ သို့ကြောင့်

စေတနာဒါန အမျှ မေတ္တာဖြင့် ခွဲတမ်းချလိုသော ကောင်းမှုရှင်အဖို့ ဘာမဆို ရာဂ ဒေါသဖြင့် မကြံဆိုသော မိခင်မေတ္တာမျိုးထားဖို့တော့ လိုပါမည်။

ထို ရဟန်းငါးရာတို့ကား

အမှတ်ကောင်း စိတ်ဖြောင့်ကြောင့် ကိုယ်ကျင့်ကလည်းကောင်း

စေတနာကလည်း အားလုံးအပေါ် ကိုယ်ချင်းစာထား မေတ္တာပွား ထားပေးခြင်းကလည်းကောင်း၊

တောင့်တချက်ကလည်း မိခင်တ သားသမီးအပေါ် မြင်လိုသောအတိုင်း အထားကောင်း၊

သို့ကြောင့်

http://www.dhammadownload.com



ထိုတော ပြန်ဝင်သည်နှင့် တောရှင်နတ်မြတ်များက ကြိုဆိုနေနှင့်ကြပြီ။

ထိုတော နေသည်နှင့် အိမ်ရှင်နတ်များက ဝေယျာဝစ္စ ပြုလုပ်ပေးကြသည်။

ထိုတောမှ အကျင့်ခရီးပြီးစီးသည်နှင့် နတ်အားလုံးလည်း ချမ်းသာသုခ ရကြပြီ။

မေတ္တာသည် သူတွက်၊ ကိုယ်တွက် နှစ်ဖက်ကောင်းတည်း။

မေတ္တာသည် ရန်သူမိတ်ဆွေ နှစ်ထွေကြိုက်တည်း။

သို့ကြောင့်

လှူဘာဝ ရောက်ဆဲ ကောင်းပွဲဝင် ကောင်းမှုရှင်သည်

ကောင်းမှုခရီး ပြီးစီးတိုင်း

ဆန္ဒအားမှ ဖြစ်ပေါ်လာသော စေတနာသန့်ဖြင့်

လက်ဦး မိမိအတွက် ရယူလိုသော ဆု-ပတ္ထနာခေါ် တောင့်တခြင်းဖြင့် ဆန္ဒပြုပါ။

ထို့နောက်

ကိုယ်လိုကောင်း အပေါင်းအားလည်း လောင်းလှူပေးသော စေတနာ အားဖြင့်

အပြင်ဘေးကင်း၍ အတွင်းရန်ပါ ရှင်းပါစေဟု ဆန္ဒပြုပေးပါ။

အပ္ပမညာ ကိုယ်ချမ်း စိတ်ကြည်ပါစေဟုလည်း ဆန္ဒပြုပေးပါ။

ရေဖြင့် အပတ်ခံလိုက်ရသူ မည်သူ မအေး ရှိရှိမ့်နည်း။

❖❖❖

http://www.dhammadownload.com

## ဒီနေ့ ဒါတွေ အရေးကြီးနေသည်

ပညာယ ပရိဝုဍ္ဎိ ဝိရုဠှိ ဒုဘိန္နရာ

ဟိဏ္ဍကာလေ ဖုသာ မေ့တာ အမေ့ ကာမ ဝါဒိဝိ။ ။

တက်ခေတ်ကို အရှေ့ကမ္ဘာက တာဝန်ယူခဲ့ပြီး၊

ဆုတ်ခေတ်ကို အနောက်ကမ္ဘာက တာဝန်ယူနေသည်။

သို့ကြောင့်

လူကျင့်ပျက်ရာမှ တိုးတက်လာသော လူနေမှု၊ ကောင်းမှုမှဖြစ်သော ကောင်းမှုများ မဟုတ်ကြပါ။

သမ္မတ္တိစက်ဆိုသည်မှာ

ကောင်းမှုနှင့် ပြည့်စုံရာမှ ပေါ်ထွက်လာသော ယန္တရားကို ဆိုပါသည်၊

ဘော်ကဲ့သို့ ယက်ရှာရာမှ ထွန်းကားလာသော အရာမျိုး မဟုတ်ကြပါ။

ယင်းတို့မှာ

၁။ နေရာက မိမိနှင့် သင့်တော်ရာ

၂။ အရင်းမှီက ရှေးဘုန်း ရှေးကံ

၃။ အပေးအယူက မှန်မြတ်သော ကိုယ်ကျင့်

နတ်တလုတစင်

http://www.dhammadownload.com



၄။ ကျော ထောက်နောက်ခံက သူတော်ကောင်းမိတ်

ဤလေးမျိုးတို့သည် ကောင်းမှုဖြင့် ကောင်းဆုယူရာ၌ လည်ပတ်စေသော စက်ယန္တရား ဖြစ်ပါသည်။

၁။ နေရာက မိမိနှင့်သင့်တော်ရာ (ပဋိရူပဒေသ)ဆိုသည်မှာ

- နွားဖြင့် အသက်မွေးမည့်သူသည် နွားစာပေါသော တောဖြစ်မှ သင့်တော်မည်။
- နွားလှည်းဝင်၍ရသော လမ်းရှိမှလည်း သင့်တော်မည်။
- နွားလှည်းအကူဖြင့် လုပ်ရသော လုပ်ကွက်ပေါမှလည်း သင့်တော်ပါမည်။

ထိုသို့မဟုတ်ပါဘဲ

ကားနေရာ နွားဝင်မွေးမိသော် စက်အစိတ်အပိုင်းတစ်ခု ချို့ယွင်းသွားပြီ။ အင်္ဂါမစုံ။ ထိုစက် လည်ပတ်ရန် ခက်ပြီ။

သည့်အတူ

ကားဖြင့် အသက်မွေးမည့်သူ၊ လက်သမား၊ ပန်းရံ စသည်ဖြင့် အသက်မွေးမည့်သူ။ ရုံးလုပ်ငန်းဖြင့် အသက်မွေးမည့်သူ စသည်များလည်း

- မိမိ အသုံးချပစ္စည်းနှင့် သင့်တော်မည့်နေရာဖြစ်ဖို့ အရေးကြီးပါသည်။
- မိမိ အသုံးချပညာနှင့် အံဝင်ဖို့ အထူးအရေးကြီးပါသည်။

ဘီအက်စီအောင်ပြီးမှ ကားစပယ်ယာလုပ်ရန်မသင့်။

ဆယ်တန်းအောင်ပြီးမှ တောပြန်လယ်ထွန်ရန် မသင့်။

စကတည်းက လယ်ထွန်ဝါသနာပါလျှင် အရွယ်ကုန်အောင် အချိန်ဖြုန်းမနေနှင့်။ သေစာ ရှင်စာလောက် တတ်မြောက်လျှင် လယ်ယာနှင့် လက်သင်ဝင်ပေရော့။

ဤနေရာ စကတည်းက ယုံကြည်ချက်ဖြင့် ပန်းတိုင် အလျင်စိုက်ဖို့လို၏။

http://www.dhammadownload.com



ပန်းတိုင်တက်ရာ၌ ကိုယ့်သတ္တိကိုယ် ယုံကြည်ဖို့ အထူးအရေးကြီး၏။

သတ္တိရှိရန်မှာ

အလုပ်တစ်ခု မစမီ အတွေးဖြင့် ခေါ်ယူကြည့်ပါ။

ဤအလုပ်သည် မိမိနှင့် နေရာကျ၊ မကျ။ လုပ်ကွက်က ရေရှည်ရ၊ မရ စသည်။ နေရာကျသည်၊ ရေရှည်လည်း ရမည်။

ထိုသို့ သိရသောအခါ

ထိုအလုပ် လုပ်မည်။ ဖြစ်ပေါ်လာမည့် အခက်အခဲကိုလည်း ကြိုတင်တွေးပါ။

ထိုအခက်အခဲအပေါ် မိမိ ခံနိုင်၊ မခံနိုင်ကိုလည်း ချိန်ဆပါ။

ဘာဖြစ်ဖြစ် ခံနိုင်သည်၊ ခံမည်ဟူ၍ စိတ်ကတိပေးမှ အလုပ်ဝင်ပါ။

ထိုသို့ အခက်မျှော်ပေါ် ကျော်တက်မည်။ စိတ်အားဖြင့် အလုပ်ဝင်သူ။

အကယ်တိတိ

တွေးထင်ထားတိုင်း အခက်အခဲနှင့် ကြုံလာပါက သတ္တိမကျတော့ပါ။ စကတည်းက ငါ မျှော်ပြီးသားပဲဖြင့် အေးအေးဆေးဆေး ကျော်နိုင်ပါမည်။

အကယ်တိတိ

တွေးထင်မထားသော လုပ်ဆုများ လက်ထဲဝင်လာပါမူကား ဝင်ဝင်သလောက် အမြတ်လက်ရောက်ချည်း ဖြစ်တော့သည်။

ထိုမှအပြန်

စကတည်းက အကောင်းမျှော် အကောင်းပေါ်ကရော ဖြင့် အလုပ်ပြင်လေသူ အကောင်းရက အရင်းမျှ ရှိသေးသည်။

အကယ်တိတိ

တွေးထင်မထားသော အခက်ခဲစုံ ပြုဝင်လာပါမူကား သတ္တိလည်းတုံး

http://www.dhammadownload.com



ခွက်ခွက်သောလည်း ရွှံနိမ့်ပြီ။

ဘာမဆို အကောင်းမမျှော်ပါနှင့်။ လောကဓံသည် အကောင်းဖြင့် တည်မခံတတ်။

ဘာမဆို အခက်ခဲကို ကြိုတွေးပေးပါ။ လောကဓံသည် အဆိုးဖြင့်သာ ကြုံဆုံတတ်၏။

၂။ ရှေးဘုန်းရှေးကံဆိုသည်မှာ

ပုဗ္ဗေ စ ကတ ပုညတာ ၏ စကားဖြစ်ရာ

ကောင်းစားခြင်းကို ဒါနက တာဝန်ယူပါသည်။

ချမ်းသာခြင်းကိုကား သီလက တာဝန်ယူပါသည်။

လူသားတိုင်း ကောင်းစား ချမ်းသာလိုသူများချည်း ဖြစ်ကြပါသည်။ သူမှမဟုတ်။ အခြားသတ္တဝါများလည်း ကောင်းစားချမ်းသာလိုသူများချည်း ဖြစ်ကြပါသည်။

သို့စဉ်လျက် ပျက်ပြား ဆင်းရဲနေသည်များမှာ ပုညခေါ် ရှေးဘုန်း ရှေးကံ(ရှေးဘုန်းရှေးကံ) အခံမပါလှခြင်းကြောင့်ပင်။

ပုညကံ အခံပါသော်မှ

မိမိ ဒါနထုပ် မြှုပ်နှံထားသောနေရာမဟုတ်က နေရာ မကျတတ်ပါ။

ဤကိစ္စ ဈေးများတို့အထဲ ဝင်ရောက်လေ့လာကြည့်ပါ။

ဈေးထဲမှာ ပစ္စည်းချင်း အရည်ချင်းချင်း တူညီနေပါလျက်က

တစ်ဆိုင်မှာက လူဝင်အဝဲ တဖွဲဖွဲ တစ်ခါတလေ ကြိတ် ကြိတ်တိုးပဲ။

တစ်ဆိုင်မှာကျ လူအဝင်စဲ မျက်နှာမွဲ တစ်ခါတလေ ငိုပွဲ။

သို့ဖြင့်ပင်

အချို့ အရင်းဆုံး အတိုးလုံးလုံးတက်ဖြင့် ဆိုင်မှထွက်ခွာ သွားကြရပါ

http://www.dhammadownload.com



သည်။

နောက်ခံရှိန်ကောင်းသူများမှာမူကား လှုပ်ရင်းက ဟုတ်။ လျက်ရင်းက တက်။ တစ်နေ့တခြား ဒီရေတက်အလား တိုးတက်သွားကြတော့သည်။

သင့်တော်ရာအရပ် အရှေ့ပေးပုညနှင့် စပ်မိသွားပြီ။

၃။ မွန်မြတ်သော ကိုယ်ကျင့်ဆိုသည်မှာ

ကိုယ်စိတ်နှစ်ပါးကို ကောင်းရာအကြား သွင်းထားပေးခြင်းပင်။

ထိုသို့ ဖြစ်ရန်မှာ စိတ်ကောင်းထားခြင်းဖြင့်ပင် ပြည့်စုံလုံလောက်၏။

စိတ်ကောင်းရှိနေလျှင် ကိုယ်လည်း ကောင်းပြီးသား။

စိတ်ကောင်းရှိနေလျှင် အကျင့်လည်း ကောင်းပြီးသား။

ထိုစိတ်ကောင်းဖြင့် မှန်မှန်ကန်ကန် ပြောဆိုဆက်ဆံလျှင် အများ ယုံကြည်လာပါမည်။

အများယုံကြည်လာသဖြင့် အများအားကိုး ကြီးပွားတိုးတက်ဖို့ကား မခဲယဉ်း။

သူတစ်ပါးအား အခက်ခဲဖြင့်နှောင် ချောင်ပိတ်သတ်စရာမလို။

အကယ်တိတိ မိမိ၏ စိတ်ကောင်းအရင်း ကင်းနေခဲ့လျှင်

ပထမ သဒ္ဓါခေါ် ယုံကြည်ချက်စိတ်ထား ဖွားမြင်လာအောင် တွေးပေး ပါ။

ထို့နောက် ကိုယ်ချင်းစာ တန်းတူထား စိတ်များပွားလာသည်အထိ ဝင်စား ပေးပါ။

နောက်ဆုံး ပေးကမ်းစွန့်ကြဲခြင်းဖြင့် ရက်ရောစိတ် မွေးမြူ ပေးစမ်းပါ။

ထိုသို့သော စိတ်ကောင်းစု ပြုစုပျိုးထောင်ပါလျှင်

ဆက်ဆံသူ အများရှိ သီလ မေတ္တာ ခန္တီ သစ္စာ တို့မှဖြစ်သော ဓမ္မဓာတ်၏

http://www.dhammadownload.com



ရောင်ပြန်ဟပ်ကြောင့် မိမိ၏စိတ်ကောင်းများ အလိုလိုလာ၊ တဖွားဖွား ပေါ်လာပါတော့သည်။

သင့်တော်ရာဖြင့် ရှေ့ပေးပုညနောက် စိတ်ကောင်းလည်း ရောက်လာပြီ။

၄။ တစ်ဖန်

သူတော်ကောင်း၊ မိတ်ကောင်းဆိုသည်မှာ

ကိုယ် နှုတ် စိတ် သုံးပါးစလုံး ဉာဏ်ဖြင့် မွမ်းထုံထားနိုင် သူပင်။

ယင်းသည် ကြံစည်တိုင်း ကောင်းရာကိုသာ ကြံသောကြောင့် သူတော်၏ ကောင်း၏တည်း။

ပြောဆိုတိုင်းလည်းကောင်းသည်ကိုသာ ပြောသောကြောင့် သူတော်၏ ကောင်း၏တည်း။

ပြုမှုတိုင်းလည်း ကောင်းသည်သာပြုသောကြောင့် သူတော်၏ ကောင်း၏ ပင်တည်း။

ထို သူတော်ကောင်းသည်

(က)မိမိသို့ လာရောက်ဆည်းကပ်သူအား ချောက်မတွန်းတတ်

(ခ) မိမိသို့ လာရောက်ဆည်းကပ်သူ ခုတုံးလုပ်၍ စီးပွားမရှာတတ်

(ဂ) မိမိသို့ လာရောက်ချဉ်းကပ်သူက အကြံတူ ဉာဏ်တူ ဖြစ်ပစေ ဝန်မ တိုတတ်။

သည်မျှ မကသေး။

မကောင်းဆိုတား ကောင်းဆို ညွှန်ကြားပေးသေး၏။

တစ်ဖက်ဒုက္ခဖြစ် ပစ်ခွာမသွားတတ်။

ထိုမျှ တော်သော ကောင်းသောသူမှ မပေါင်း။ မည်သူ့ သွားပေါင်း မည်နည်း။

http://www.dhammadownload.com



နေရာမှ ကံရှိ၊ စိတ်ကောင်းပြည့်နောက် မိတ်ကောင်း ပြည့်လည်း ရောက်လာပြီ. . .

ထို အချိတ်အဆက်လေးရဲ့ တစ်ခုကိုတစ်ခု ဆက်မိလာသောသူ။

ကိုယ်ကောင်းသလောက် အများရဲ့ ဘာမဆို ပုံသာထား။ ပုံတိုက်အားပေးမြောက်စားခံရပြီ။အားပေးသလောက်အားရှိ၊ ထိုအချိတ်အဆက်လေးခုလည်း တစ်ပတ်ပြီး တစ်ပတ်လှည့်တော့သည်။ မျက်မြင်၌ စက်ယာဉ်လည်း ပတ်လာခြင်းတည်း။

အတိတ်က ဆည်းပူးခဲ့သမျှ စိတ်ကောင်းများ လမ်းကြောင်းအတိုင်း ပေါင်းဝင်လာသောကြောင့် . . ၊

အတိတ်က ဆက်ဆံခဲ့သမျှ မိတ်ကောင်းများ လမ်းကြောင်းအတိုင်း ပေါင်းဝင်လာသောကြောင့် . . ၊

ထိုသူ တစ်ဘဝကောင်းစာရေးမဟုတ်။ နောင်အတွက်ကိုပါ ရိက္ခာထုပ်စုမိရာ နောင်လည်း ဤစိတ်ကောင်း မိတ်ကောင်း ကံကောင်းများ လှည့်ဝင်လာဦးမည်သာ။

တစ်ဘဝနှင့်တစ်ဘဝတို့အကြား ဆိုးခြားမရှိ၊ အကောင်းချည်း လှည့်ဝင်နေဦးမည်။

စက်သည် လည်ပတ်လေ့ရှိ၏။ မိမိနှင့်အများ အပြန် အလှာသွားကို။
စက်သည် လည်ပတ်လေ့ရှိ၏။ ရှေးကံက အခု၊ အခုကံ က နောင်ကို။
တစ်ဖန်
ထိုလေးပါးတွင် ရှေးစုပုညကံသည် အခရာ၊ အညာ ဆိုပါသည်။
ဘာ့ကြောင့် မေးပါသော်
အကောင်းသည် အကောင်းချည်းသာ စုစည်းလေ့စေ ပေးတတ်သော

http://www.dhammadownload.com



ကြောင့် ကောင်းမှုကံတွင်းဝယ်
(က)သဒ္ဓါအရင်းခံ ဆန္ဒ ဝိရိယ ဝီမံသ များလည်း စုဝင်နေ၏။
(ခ) သဒ္ဓါအရင်းခံ သီလ သုတ စာဂများလည်း စုစည်းပြီးသား ဖြစ်နေ၏။
သို့ကြောင့် ထိုကံတွင်
ကောင်းစားခြင်းကို တာဝန်ယူသော ရှေးဟောင်း ပုညကံဒါနလည်း ပါနေပါသည်။
အတ္တသမာ ပဏီဓိစက်ခေါ် ကိုယ်နှင့်အတူ စိတ်ကောင်းပါ ဖြူစင်စေသော ရှေးဟောင်းပုညကံ သီလလည်း ပါနေပါပြီ။ ယင်းက ချမ်းသာခြင်းကို တာဝန်ယူပါမည်။
ထိုစက်နှစ်ပါး လင်သွား မယားပါပမာ အတူပါနေသောသူ။
နေသင့်ရာအရပ် ဝင်ကပ်မိမှာကလည်း သေချာနေပါ၏။
သူမိတ်ကောင်းများနှင့် ဆုံမိမည်မှာလည်း သေချာနေပါ၏။
စက်လေးချက် အကွက်လည်ရန်လည်း မခဲယဉ်း။
အလှူခံများ၌ရှိသော သီလ မေတ္တာများပင် ဆွဲငင်အားကြောင့်၌
မိမိထံရှိ သဒ္ဓါ ဆန္ဒ ဝိရိယများ၏ တွန်းအားကြောင့်၌
ယခုဘဝ ပစ္စက္ခမှာပင်
၁။ ပုညစက်ကလည်း ကောင်းပြီးရင်း ကောင်းချင်ခြင်းတို့ဖြင့် လည်ပတ်နေမည်သာ။
၂။ စိတ်ကောင်းစဉ် သီလအပြင်အဆင်ကလည်း ကောင်းပြီးရင်း ကောင်းချင်ခြင်းတို့ဖြင့် လည်ပတ်နေမည်သာ။
ဒါနစက် သီလစက် ဤနှစ်ချက် သွက်သွက်လည်နေသူအား
၃။ ကလျာဏမိတ္တ(သပ္ပုရိသသံသေဝ)စက် တွဲဖက်လာရန် မခဲယဉ်း။

http://www.dhammadownload.com



၄။ ပဋိရူပစက် နေသင့်ရာအရပ် ဆက်စပ်ပေးမည့်သူ ရှာဖွေရန်လည်း မခဲယဉ်း

ထိုလူသား နောက်နောင်များလည်း ကောင်းစားချမ်းသာရန် မခဲယဉ်းတော့ပြီ။

တစ်ဖန်

ဆိုခဲ့ပြီး ဒါနစက် သီလစက် နှစ်ချက် သွက်သွက်လည် နေသူ၌
ငါ ငါ့သို့ ငါရဖို့ဆိုသော အစွဲစိတ် ကင်းဆိတ်နေချေရာ. . .

(က)တဏှာ၊ မာန၊ ဒိဋ္ဌိဆိုသော ခွဲပေးစိတ်သုံးမျိုး မတိုးဝံ့ကြပြီ။ သို့ကြောင့် ဘယ်သူနှင့်တွဲဖက် အပေါ်စီးသို့တက်ပြီး အစွဲကာမ အစွဲဝါဒတို့ဖြင့် မထိုးနှက်

(ခ) တဏှာရှဲရာမှ တွဲဖက် ဒေါသလည်း ခွာရှဲပေးရရာ ဒေါသအသင်းအပင်း ဣဿာ မစ္ဆရိယာ ကုက္ကုစ္စအမည်ရသော မနာလိုသဝန်တို နောက်ခိုခြင်း မရှိကြပြီ။ သို့ကြောင့် ဘယ်သူ ဘယ်လောက်မှားမှား မုန်းငြိုးပြစ်မှားခြင်း မရှိတော့ပါ။

(ဂ) ချစ်မုန်းနှစ်ပါး လမ်းဖယ်သွားရာမှ အမိန့်ပေး မောဟလည်း သူ၌ အမိန့်ပေးစရာ လက်အောက်ခံမဲ့သွားတော့ရာ မောဟ၏ အသင်းအပင်း

၁။ အဟိရိက လူအသွင် ကင်းပျက်နေပါသည်ကို ရှက်ရကောင်းမှန်း မသိတတ်တော့ခြင်း

၂။ အနောတပ္ပ နောင်တစ်ဖန် အပါယ်စံဘဝကျရမည်ကို ကြောက်ရကောင်းမှန်းမသိတတ်တော့ခြင်း

၃။ ဥဒ္ဓစ္စ အပူလှန့်၍ လန့်ပြေး ပြေးနေရသော ပျံ့စိတ် အားကြီးနေခြင်း

၄။ ဝိစိကိစ္ဆာ မည်သည့်အာရုံကို မိမိရရကိုင်ခွင့်မရ၍ စိတ်မချဖြစ်

http://www.dhammadownload.com



နေခြင်း

ထိုလေးပါးလည်း ကောင်းမှုရှင်၏စိတ်၌ အိပ်ခွင့်မရတော့ပါ။ သို့ကြောင့်

ချစ်မုန်းစရာ အာရုံက ဘယ်လောက်ညှစ်ညှစ် ဘာဖြစ်ဖြစ် စိတ်မဝင်တော့ပါ။

လူဖြစ်တုန်းလေး မွေးခွင့်ရလိုက်သော လူ့စိတ်အေး စစ်စစ်တည်း။

မိုးက တိုးဝင်ထားသောစမ်းသည် အပူမသမ်းက နွေကျလည်း မခမ်းပါ။

မိုးရေ အိပ်တတ်ရာ ရေခံမြေသည် သို့အထက် အရိပ်တက်က စမ်းထွက်ရန် မခဲယဉ်းပါ။

ထိုစကား သာသနာတော် ပွင့်ဦးစကာလတုန်းက

အရှင်သာရိပုတ္တာ၊ အရှင်မောဂ္ဂလာန်အစထား ရှင်အများအပြားတို့က သက်သေထူပြသွားကြပြီ။

ဇောတိက၊ ဇဋိလ၊ မေဏ္ဍက အစထား လူအများအပြားတို့ကလည်း သက်သေထူပြသွားကြပါပြီ။

လူအထဲ သာဝတ္ထိနေ အရိယာအစားစား လူဖြူရှင် ငါးကုဋေတို့လည်း အစွာဆုံး။

သူတို့သည် ကံဖြင့်သာ အသက်ရှင်ကြ၏။ တဏှာမာန်ဖြင့် မဟုတ်ကြပါ။

သူတို့သည် ဉာဏ်ဖြင့်သာ အသက်ရှင်ကြ၏။ ဒေါသမာန်ဖြင့် မဟုတ်ကြပါ။

ယနေ့. . .

မျက်မှောက်ကာလ မြန်မာတို့၏ မြန်မာထဲ၌လည်း ထိုဖြစ်ရပ်များ မရှားသေးပါ။

ရှင်ထဲက ရှာကြည့်- တွေ့နိုင် မြင်နိုင် ကြပါသေး၏။ အလှမ်းမဝေးသေး။

http://www.dhammadownload.com



လူထဲမှာလည်း ရှာဖွေကြည့် - တွေ့နိုင်မြင်နိုင်ကြပါသေး၏။ လက်တကမ်းလေး။

အကယ်တိတိ. .

ယနေ့ မြန်မာတို့၏ မြန်မာများ. .

လက်ဝယ် ပိုင်ဆိုင်နေကြသော ထိုစက်များ ချွတ်ယွင်း ဖောက်ပြန်သွားချေသော် -

ထိုမှ ပြောင်းပြန်ဖြစ်သော စက်လေးပါး အစားဝင် ရောက်လာပါတော့အံ့။

ယင်းတို့မှာ -

၁။ မသင့်တော်ရာအရပ်များ၌ အနေမှားသွားခြင်း

၂။ သူတစ်ပါးကြည့်၍ ကံပေးအထိ မစောင့်နိုင်တော့ခြင်း

၃။ စိတ်ကောင်းမွေး ရိုးသားခြင်းဖြင့် အားမရတော့ခြင်း

၄။ အကြိုက်ပေးပေါင်းသူကို အကောင်းထင် အားကိုးခြင်းပင်။

ဤလေးချက် မပျက်မကွက် အကွက်ဝင်လာသော ထိုလူသားများ

(က)လူမနေ့ဘဲ ကိုယ်ပျက်ပြား ခံကြရတော့မည်။

(ခ) စိတ်ယုတ် နှုတ်ချိုများကသာ နေရာရကြတော့မည်။

(ဂ) ကိုယ်ကျွံကာမ ဝါဒလက်လွန်များသာ မျက်နှာပန်းလှကြတော့မည်။

နောက်ပြန်လည်သောစက်၏ တုန့်ကွက်များတည်းပင် ဖြစ်ပါသည်။

ယနေ့အတွက် ဒါတွေသိထားဖို့ အရေးကြီးနေပါပြီ။

ယင်းတို့မှာ ယနေ့၏ ရှေ့ရှေ့နက်ဖြန်များတွင် ဆက်လက်ပြသမည့် မြင်ကွင်းများဖြစ်ပါသည်။

❖❖❖

http://www.dhammadownload.com

http://www.dhammadownload.com

## စက်ပျက် လက်နှစ်ဖက်ဖြင့် ယက်ရှာရှာရမည်

လူ့ဒုရှိအပ်သော ဉာဉ်စရိုက်များကို သီလနှင့်ဒါန မိဘနှစ်ပါးတို့က မွေးပေးထားပါသည်။

ထိုစဉ် . . .

သီလက ကိုယ်ကြိုက်တာ မကြိုက်တာလောက်သာ သိတတ်သော တိရစ္ဆာန်ဉာဉ်နှင့် နိုင်ရာစားဝါဒကို စိတ်၌ ဖြစ်ပေါ်လာတိုင်း နိုင်ရာတံခါးပေါက်တို့မှ စောင့်ကြပ်ဖျက်သိမ်းပေးပါသည်။

ဒါနက ငါကောင်းစားပြီးရော့ဖြင့် ကြိုက် ကြိုက်သလို လိုက်သိမ်းပိုက်ခြင်း၊ မကြိုက် မကြိုက်သလို လိုက်တိုက်ခိုက်ခြင်း၊ တိရစ္ဆာန်အကျင့်ဆိုးများနှင့် နိုင်ရာစားအကျင့်ကို စိတ်၌ ဖြစ်ပေါ်လာတိုင်း ကိုယ်ချင်းစာ တန်းတူထားနိုင်မည့် နှလုံးသွင်းမှန်ကန်စိတ်ဖြင့် . . .

- အောက်တွေ့က တွဲခေါ်ပေးပါသည်။
- အထက်တွေ့က အားပေးပါသည်။
- တန်းတူတွေ့က ဖေးကူပါသည်။

ၤ၍ လူညဉ်နှင့် လူကျင့်များကြောင့်ပင် ထိုလူသား၌

နတ်တလုစာစဉ်

http://www.dhammadownload.com



(က) ကိုယ်ချင်းစာမေတ္တာထား မျက်စိနှစ်ကွင်းလည်း ပွင့်လင်းလာစေပါသည်။
(ခ) ဟိရိဩတ္တပ္ပ - အရှက်အကြောက် နှာခေါင်းနှစ်ပေါက်လည်း ရောက်လာစေပါသည်။

ဤသည်မှာ လူသားတစ်ဦး၌ ရှိအပ်သော လူ့အစဉ်လာများလည်း ဖြစ်ပါသည်။

လူသားတစ်ဦး လူဖြစ်တုန်းလေး လူစိတ်မွေးခြင်းလည်း ဖြစ်ပါသည်။

ထို လူ့စိတ်စစ်စစ်ကို

အာရုံဆန်းများက စိတ်ကောင်းရိုး ထိုးချိုးဝင်လာနေသောကြောင့် အရိုးပေါ် အပျော်နှောက် စိတ်ဖောက်ပြားလာသောအခါ စိတ်ဆန်းပြားဖြစ်လာတော့ရာ

အာရုံဆန်းပြား စိတ်ဆန်းပြားတို့ကစားရာမှ ကံဆန်းများလည်း လိုက်ပါလာသည်။

ကံဆန်းပြား စိတ်ဆန်းပြားများ လမ်းသလားရာမှ ဥတု ကြမ်း အာဟာရကြမ်းများ ထမ်းဝင်လာပါသည်။ ထိုဥတုကြမ်း အာဟာရကြမ်းတို့က ပမ်းပေးလိုက်သောအခါတွင်ကား -

ပြုပြင်မှုလေးပါးတို့အကြားမှ ပြုပြင်ခံ ကံသတ္တဝါ လူသားများမှာ ကစားသမားများ လက်ကြားက ကိရိယာတန်ဆာပလာများအဖြစ်သို့ ရောက်ရှိလာကြပါတော့အံ့။

ထိုစဉ်

(က) ကိုယ်ခန္ဓာများက အလျော်အစားလုပ်ရာ၏ ဇယ်များဖြစ် လာကြပါမည်

(ခ) မနာလိုဝန်တိုခြင်းများက အံစာတုံးကလေးများ ဖြစ်လာကြပါမည်

http://www.dhammadownload.com



(၈) မရှက်မကြောက်ခြင်းများက ချပ်မှောက် ချပ်လှန် ဖဲချပ်ကလေးများ ဖြစ်လာကြပါမည်

လူ့စိတ်နှင့် လူ့သားဘဝကား ဗိုင်ခံအိမ်နေရာကသာ

ယနေ့ ထိုစကား အနောက်တိုင်းသားတို့က သက်သေခံ ပြနေကြပါပြီ။

- ကိုယ်ဖြင့်ရင်း၍ ကျောင်းတက်စရိတ်ရှာရခြင်းများ
- ကိုယ်ဖြင့်ရင်း၍ အသက်မွေး ဝမ်းကျောင်းနေရခြင်းများ
- ကိုယ်ဖြင့်ရင်း၍ ရုပ်ရှင်စသည်များမှနေ စီးပွားရေး အမြတ်ထုတ်ခံရခြင်းများ

စသည် စသည့် လောင်းကစားပွဲများအားလုံး သိမှိုကြပြီးသား။

ထိုသူများ၌ ဘာစက်မှမလိုကြပါ။ ငွေစက်သည်သာ အဓိကပါ။

ထိုသူများ၌ ဘာစက်မှ မသုံးလိုကြပါ။ အပျော်စက်သည်သာ အခရာ။

ယင်းတို့သည်

လူ့ကိုယ်လုံးရှိသော်မှလည်း လူ့ကျင့်များပျက်စီးနေပြီဖြစ်ခြင်းကြောင့် လူမနှုံသော ကိုယ်ပျက်များ ဖြစ်ကြပါသည်။

တဏှာဆင်ဖြင့် ယဉ်ပါးနေသော ဆက်ဆံရေးများဖြစ်ခြင်းကြောင့်လည်း စိတ်ယုတ် နှုတ်ချိုလေးများ ဖြစ်လာကြပါသည်။

နာ,မည်ထင်က ထေ၊ သာ,မည်ထင်က ချေလေ့ရှိသော နိုင်ရာစားများ ဖြစ်ခြင်းကြောင့်လည်း ကိုယ်ကျွံကာမ ဝါဒလက်လွှန်များချည်း ဖြစ်လာကြပါသည်။ ထိုကိစ္စမှာ

- မေးကြည့်စရာမလို
- ပြေးကြည့်စရာမလို
- တွေးကြည့်ရုံနှင့် သိနိုင်ကြပါသည်။

http://www.dhammadownload.com



ငွေသည် အဓိက၊ ငွေရှိလျှင် ဘာမဆို အကုန်ဖြစ်၏။

ငွေဖြင့်ပင် အာဏာတည်ဆောက်ရန် ပန်းတိုင်ထားကြရသည်။

ထိုအခါ

တဏှာမာန်သည် မပါမပြီးပါ။

ဒေါသမာန်သည်လည်း မပါမပြီးနိုင်ပါ။ ထိုစဉ်

(က)တဏှာမာန်က တဏှာ-မာန-ဒိဋ္ဌိ ချဲ့ထွင်လိုစိတ်များ မွေးဖွားပေးသည်။

(ခ) ဒေါသမာန်က ဣဿာ မစ္ဆရိယ ကုက္ကုစ္စ မွေစိတ်များ မွေးဖွားပေးသည်။

(ဂ) တဏှာ ဒေါသ နှစ်ပါးစုံက မောဟ-အဟိရိက-အနောတ္တပ္ပ-ဥဒ္ဓစ္စ-ဝိစိကိစ္ဆာများ မွေးဖွားသည်။

ထိုလူသား ရှေ့မမြင် နောက်မသိ ညစ်စိတ်က ဖိထားခံရရာ

သွေးတက်တုန်း အစုန်လျှော် သွေးကျ အောက်ဖို့ချည်းသာ။

အတိုက်မခံရမီ ကြံရာပျော် အတိုက်ခံရသော် အောက်သို့ချည်းသာ။

ဘာဖြစ်ဖြစ် စိတ်မွေး၊ ရှက်ဖို့ ကြောက်ဖို့ကား ဝေလာဝေး။

အရှေ့နှင့်ဆန့်ကျင်သော အနောက်၏ ဘဝတည်ဆောက်မှုပုံ စံပြဇယား တည်း။

နိုင်ငံရေးပါတီကြီးများ၊ ငွေရှင် ကြေးရှင်ကြီးများက တည်ထောင်ပေးထား ကြ၏။

အာဏာပိုင်အစိုးရများ၊ ငွေရှင်ကြေးရှင်ကြီးများကပင် ဖွဲ့စည်းပေးထား ကြ၏။

ထိုပါတီ ထိုအစိုးရက

ထိုငွေရှင် ကြေးရှင်ကြီးများထံ ငွေ၊ ပစ္စည်း၊ လူ အများအပြား ၎င်းတို့လက်တွင်းကြား ဝင်လာစေရန် အကောင်ထည်ဖော်ပေးကြရပါမည်။

http://www.dhammadownload.com



ဖန်တီးပေးရပါမည်။

သန်းကြွယ်ငွေသူဌေးကြီးတစ်ဦး ဖြစ်လာစေရန် ဤမှာဘက်၌ ဆင်းရဲသားပေါင်း သန်းကြွယ်ဖြစ်လာစေရေး ဖန်းတီးပေးရပါမည်။

ယင်းမှာ

- ငွေဝင်နည်းပါး ကုန်ပစ္စည်းဈေးမြှင့်ပေးထားခြင်းများတည်း
- အဆန်းဖြင့်များ အပျော်အပါး လိုက်စားစေခြင်းများတည်း

ကိုယ့်တစ်ပြည်တည်း မဟာအင်အားကြီးနိုင်ငံဖြစ်လာစေရန် ဖန်တီးရပါမည်။

ယင်းမှာ

တိုင်းပြည်ငယ်လေးများအတွင်း အချင်းချင်း အငြင်းပွား စစ်ကစားစေခြင်းများတည်း။

ဤသို့ဖြင့် မိုးပျံတိုက်ကြီးများ ထီးထီးမားမား ပေါက်ဖွား လာကြပါသည်။

ဤသို့ဖြင့် လူသုံးကုန်ပစ္စည်းများ တခမ်းတနား ပေါက် ဖွားလာခဲ့ကြပါသည်။

သို့သော် ထိုအဆန်းပေါ် ပျံသန်းနေသူများ-

အသုံးဆောင်ကောင်းများသုံးရင်းက လူလုံးတီးဖြစ်နေကြသည်ကိုလည်း ကြည့်တတ်လျှင် မြင်ကြရပါမည်။

ကိုယ်ချင်းစာနှင့်ပတ်သက် လင်နှင့်မယားပင် ရက်စက် ပြနိုင်ကြပါသည်။

မေတ္တာနှင့်ပတ်သက် သားသမီးကိုပင် စွန့်ပစ်ထားနိုင်ကြပါသည်။

အရှက်နှင့်ပတ်သက် လူမြင်ကွင်း လူရှင်းသလို ဖြစ်နေကြပါပြီ။

အကြောက်နှင့်ပတ်သက် အကန်းတောတက်နည်းအတိုင်း ဖြစ်လာကြပါပြီ။

http://www.dhammadownload.com



အသက်မဲ့ ငွေ အမွေ- သက်ရှိ တစ္ဆေအခြောက်ခံနေ ရခြင်းများတည်း။

သို့တိုင်လည်း

ကျော်ကြားသည်ကိုသာ လူသိများ၏။ ပျက်ပြားနေသည်ကား မသိကြပါ။

တိုးတက်နေသည်ကိုသာ အမြင်များ၏။ ဆုတ်ယုတ်နေပုံကား မမြင်ကြပါ။

သတိအခံပါသော ဉာဏ်ပညာဖြင့် တိုးဝင်ကြည့်မှသာ ထိုကိစ္စ ဒိဌသိမြင်ခွင့် ရကြပါမည်။ သတိမပါ တဏှာဝင်လာမည်။

ဇာတ်ဆောင်မလုပ် သရုပ်မပြ။ ပွဲကြည့်နေရာမှနေ ထိုင်ကြည့်မှသာ အတိအကျ သိမြင်ခွင့် ရကြပါမည်။ ကိုယ်တိုင်ပါ သွေးဆာနေ၍ မမြင်သာ။

အနီးဝင်မတိုး အဝေးကနေ မှိုကြည့် ကြည့်မှသာ အမိအရ သိမြင်ခွင့်ရကြပါမည်။ အနီးကပ် မီးဟပ်ခံရသဖြင့် အမှန်ကျ မြင်ခွင့်မရသာ။

ယနေ့ ဒါတွေသိထားဖို့ လိုပါသည်။

ဤစကားများသည်

နိုင်ငံရေးစကားများ မဟုတ်ကြပါ။ မြန်မာရေး စကားများသာ။

- ငါတို့၏ မြန်မာတို့၏ မြန်မာများ အတွေးမမှားကြရန် အတွက်တည်း။
- ငါတို့ရှိ မြန်မာတို့၏ မြန်မာများ အတုယူမမှားကြရန် အတွက်တည်း။

လူမနူ ကိုယ်ပျက်နေသော ထိုလူသားများ

ဝတ်ကောင်းစားလှတို့ဖြင့် မည်သို့ပင် ဆင်ယင်ထားသော်လည်း လူကျင့်ပျက်ပြားနေခြင်းကြောင့် အထက်တန်း စားများလည်းမဟုတ်၊ အထက်တန်းသွားသမားများလည်း မဟုတ်ပါ။

နေအိမ်တိုက်တာ အဆောင်အယောင်တို့ဖြင့် မည်သို့ပင် ခမ်းနားစွာနေထိုင်ညားသော်လည်း လူစိတ်ကင်းမဲ့နေခြင်းကြောင့် လူညဉ်လည်းမရှိ

http://www.dhammadownload.com



လူသိလည်း မသိကြပါ။ ဤမှာနေ တစ်ဆင့်တက်ကြည့်လိုက်ကြပါ။
(က)အဓမ္မကာမ ကာမလမ်းကြောင်း ငါကောင်းပြီးရောဖြင့် သူ့ပိုင်နက်အတွင်း အတင်းလုယက်ဖျက်ဆီးနေကြပါပြီ။
(ခ) အဓမ္မဝါဒ ဝါဒလမ်းကြောင်း ငါကောင်းပြီးရောဖြင့် သူ့ဝါဒ အမျိုးမျိုး အပုပ်ချ၍လည်း ဖျက်ဆီးနေကြပါပြီ။ အမျိုးမျိုး သွေးကိုပေး၍လည်း ဖျက်ဆီးနေကြပါပြီ။ ပစ္စည်းပေး၊ ငွေပေးများဖြင့်လည်း ဖြားယောင်း ဖျက်ဆီးနေကြပါပြီ။ အခြောက် အမြောက်များဖြင့်လည်း ဝိုက်ဝေ့ဖျက်ဆီးနေကြပါပြီ။

ရှက်ကြောက်မဲ့ အဏုမြူဗုံးနှစ်လုံး ပြောင်ကျကျ ထုတ်သုံးနေခြင်းတည်း။
ကိလေသာဆယ်ခုတဲ့။ ဗုံးပဒေသာဆွဲဖြင့် တိုက်ပွဲဝင်နေခြင်းတည်း။
ဤ၌

အဓမ္မကာမ အဓမ္မဝါဒအကြောင်း အနည်းငယ်ရှင်းပြဖို့ လိုပါမည်။

သူ့ပိုင်ကာမသည်

လူတစ်ဦးချင်းစီ၌ပင် သူ့၌ရှိသော တစ်ဖက်လိုချင်စရာများ အထားအားဖြင့် ငါးမျိုးစီရှိကြ၏။ ထိုစဉ် . . .

သူမကြည်ဖြူဘဲ ယူသုံးမိလျှင်လည်း အဓမ္မကာမ အဓမ္မဝါဒတည်း
သူကြည်ဖြူရန် လှည့်ဖြားယူလျှင်လည်း အဓမ္မကာမ အဓမ္မဝါဒပင်။

ထို့ထက်ကဲ နိုင်ထက်စီးနင်း ဝင်ဆွဲပါမူကား တိရစ္ဆာန် အကျင့်အောက်ရောက်သွားပြီ။

ယနေ့ လူမျိုးချင်း(လိင်ကိစ္စမှနေ) ရင်းသွင်းရာတိုင်းတို့၌လည်း ဤမြင်ကွင်းများ မမြင်ချင်မှအဆုံး ဖြစ်နေကြပါပြီ။

ယနေ့ ဘာသာချင်း(ဝါဒရေးရာမှနေ) သိမ်းသွင်းရာတိုင်းတို့၌လည်း ထို

http://www.dhammadownload.com



သတင်းများ မကြားချင်မှအဆုံး ဖြစ်နေကြပါပြီ။

မြန်မာတို့၏ မြန်မာများ သတိအခံပါသော ဉာဏ်ပညာဖြင့် အတွင်းမြင် မြင်တတ်ကြရန်ဖြစ်ပါသည်။

မြင်ပြီးနောက် ရှောင်လွှဲတတ်ကြရန်လည်း လိုပါသည်။ သို့မဟုတ်

စားတော်ပဲချက်နှင့် တစ်သက်လုံးစားမလား။

ငါးသလောက်ပေါင်းချက်နှင့် တစ်ရက်တည်းစားမလား။

ထိုနေရာမျိုးသည် မနေသင့်သော နေရာမျိုးပင်ဖြစ်ပါသည်။

လောကရေးဘက်ကကြည့်လျှင်လည်း ငါးနိုင် ငါးစား၊ ဖားနိုင် ဖားစားမျိုး များသာ ဖြစ်နေချေရာ မည်မျှ လူနေမှုမြင့် နေစေ မည်သို့မှ မချမ်းသာနိုင်ပါ။

ကောင်းစားသူများသာပျော်၊ မကောင်းစားသူများအော်နေရခြင်းကြောင့် လည်း မည်မျှတိုးတက်နေသော နိုင်ငံဖြစ်နေစေ မနေသင့်ပါ။

ဓမ္မရေးဘက်ကနေ ကြည့်လျှင်လည်း အချိန်က ဘဝကို စားနေသော် လည်း လူ့ရင်းစား ပြန်လည်ရရန် ကျင့်ချိန်မရှိခြင်းကြောင့် မည်မျှ သာယာ နေသော ဘဝဖြစ်ပစေ အသုံးမကျတော့ပါ။

တစ်ဘဝတည်းဖြင့် ဘဝပြတ်တောက်သွားလျှင် ဟုတ်သေး၏။

ယခုသော် အစွဲပေါ်အတိုင်း ဘဝများ ဆက်ကာဆက်ကာ ရနေကြ ဦးမည်ဖြစ်ရာ တစ်ဘဝအသက်ရှုချောင်ရုံမျှဖြင့် စိတ်ချလက်ချ မနေသင့် ကြပါ။ တစ်ဖန်လည်း

ထို မနေသင့်သောအရပ်တွင်

အပေါ်ယံပြ အဆန်းတွင် ပစ္စည်းလှလှတို့၏ဆွဲအားကြောင့် သူကိုကြည့်၍ သူလိုလုပ်ရန် အားယူကြည့်ခြင်းများလည်း (မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါပမာ) ကေန် ဖြစ်ပေါ်လာပါမည်။ သူ့ကကိုယ်က တန်မတန်ကို

http://www.dhammadownload.com



ဉာဏ်မဝင် နိုင်တော့ပါ။

စိတ်ရိုးကိုပစ်ပယ်ထား အပျော်ပါးချည်းလိုက်စားမိမှာလည်း ကေန်ပင်။

သည့်အတူ

ဖျော်ပေးနေသူကိုသာ ပေါင်း၊ ဖျော်ပေးသလောက် ပျော်ရွှင်ခြင်းဖြင့် အချိန်ရောင်းစားခြင်းများကလည်း ကေန်ပင်။

သူတော်ကောင်း ရှောင်ရှား၊ သူယုတ်မာချင်း ဘဝဇာတ် ခင်းကျင်းပြီ။

ထိုသူများ၏ ပွဲသိမ်းပုံ ပွဲပြီးဆုံးသည်အထိ ကြည့်ဖို့ လိုပါသည်။

အဆိပ်သည် မိမိအား ထားသိုရာ ကျည်တောက်ကိုပါ လူးပေစေ၏သို့ သူယုတ်မာသည်လည်း မိမိအား လာပေါင်းသူကိုလည်း ဓာတ်ကူးစေ၏။

တောင်ဇလပ်ပန်းသည် မိမိထုပ်ယူသော ပေါက်ဖက်ကိုပါ မွှေးစေ၏သို့ သူတော်ကောင်းသည်လည်း မိမိအား လာ ပေါင်းသူကိုလည်း ဓာတ်ကူးစေ၏။

ဘုရားလက်ထက်တော်က အဇာတသတ်ကို ကြည့်ပါ။

သူသည် မင်းဖြစ်ကံ နောက်ခံရှိသော်မှ မစောင့်နိုင်ရှာ။ သို့ကြောင့် ဒေဝဒတ်၏ အံ့မခမ်း တန်ခိုးကို အထင်ကြီးမြတ်နိုးမိခဲ့ရာမှ ဒေဝဒတ် အကြံပေးသောအတိုင်း လိုက်နာပြုကျင့် မိခဲ့ပါသည်။ သို့ကြောင့်

အစပထမ ဘုရင်ဘဝဖြင့် ဟန်ကျပန်ကျ ဖြစ်လာခဲ့ပါသည်။

ထိုမှနောက် ရာဇမာန်က ကံကိုဖောက်သောက်တော့ရာ

(၁) မနေသင့်သော ဒေဝဒတ်နေရာ သွားရောက်မိခြင်း

(၂) ကံပေးချိန်အထိ မစောင့်တော့ဘဲ ဖခင်အားသတ်မိမှားခြင်း

(၃) မိမိကိုယ်ကိုယ် စိတ်ကောင်းသွေး မမွေးနိုင်တော့ခြင်း

(၄) မပေါင်းသင့်သော ဒေဝဒတ်နှင့် အပေါင်းမှားမိသွားခြင်းများ ရှိခဲ့ပါသည်။

သို့ကြောင့်

http://www.dhammadownload.com



သည့်ဘဝမှာလည်း ကိုယ်စိတ်ဆင်းရဲရပါတော့သည်။

သေပြီးနောက်လည်း အပါယ်ရောက်ရပါတော့သည်။

စက်ပျက်ကို နောက်ပြန်လှည့်၍ မောင်းနှင်ခြင်း၏ သဘောတစ်ခုတည်း။

ယနေ့ မျက်မှောက်ခေတ်၌လည်း . . .

ဤဖြစ်ရပ်မျိုး မရှားလှပါ။ ဒုစရိုက်သမားနှင့်ပေါင်း ဒုစရိုက်ကို အသက်မွေးဝမ်းကျောင်းအဖြစ်ထား ဒုစရိုက်မှုနှင့် ကြီးပွားနေသူများ။

ယနေ့ တိုက်နှင့်ကား မယားထည်လဲနှင့် ပျော်ပျော်ပါးပါး။

နက်ဖြန် တဲကုပ်ကြား အများ အပါယ်ခံယောကျ်ား။

ယင်းတို့ကို အတွင်းသိ အစင်းသိ မြင်သိလိုကြပါသော်

လမ်းပေါ်မှာ လက်ဆွဲအိတ်တကားကား အဖိုးတန်ဝတ် ကောင်းစားလှများဖြင့် သွားလာနေသည်ကိုသာ မကြည့်ဘဲ သူ့အိတ်ထဲအထိ အရောက်သွား၊ ထမင်းဖြူထဲ ပဲလှော်ကြဲ စားနေရသည်အထိ ရှုစားကြည့်သည့်ပမာ-

(က)လူမနေ့ ကိုယ်ပျက်တို့ဘဝ အတွင်းခင်းအထိ ဉာဏ်ဖြင့် ဝင်ကြည့်ကြပါ။

(ခ) စိတ်ပျော် ကိုယ်ဖားတို့ခန္ဓာ အတွင်းခင်းအထိ ဉာဏ်သွင်းကြည့်ကြပါ။

(ဂ) အဓမ္မကာမ အဓမ္မဝါဒ မတရားမှုများ ဝေးဝေးကွင်း ရှင်းရှင်းနေပြကြပါ။

(ဃ)ငါးသလောက်နှပ်ချက်ဖြင့် တစ်ရက်တည်းမစားဘဲ စားတော်ပဲနှင့်သာ တစ်သက်လုံးစားကြပါ။

ထိုမျှမကသေး။ ဒါတွေပါ လေ့လာစေချင်သေး၏။

သူတော်ခေါင်းပါး သူယုတ်မာတို့ ထွန်းကားနေသော ထိုဒေသများ၌

- ရိက္ခာချန် ကံရိက္ခာထုပ်များ မမြုပ်နှံနိုင်ကြသည်ကိုပါ ရှုစားခဲ့ကြပါ။
- နောက်ဘဝ အသာထား နက်ဖြန်အတွက်များပင် ချန်ထားစရာ မရှိသည်များကိုပါ လေ့လာခဲ့ကြပါ။

http://www.dhammadownload.com



- ကိုယ်ချင်းစာ မေတ္တာခေါင်းပါး နိုင်ရာစားမနေကြပုံများကိုပါ ကြည့်ခဲ့ကြပါ။

ထိုသို့ မသိမြင် ကိုယ်ပါပင် ဝင်နေကြပါမူ

အိပ်တန်းဆင်းမှ အိပ်တန်းတက်အထိ ကြက်များ ခြေနှစ်ဖက်ဖြင့်ယက်၍ အစာရှာဘိသို့ . . .

ထိုလူသားများလည်း

နေ့မှားလည်းမသိ၊ ညမှန်းလည်းမသိ။ လက်နှစ်ဖက် ခြေနှစ်ဖက်တို့ဖြင့် လှည့်လည်ရှာဖွေကြရမည်မှာ ဧကန်ပင်ဖြစ်ပါသည်။

ယနေ့ ဒါတွေ သိထားဖို့တော့ လိုပါမည်။

ဤသည်တို့မှာ ယနေ့၏ ရှေ့ရှေ့နက်ဖြန်များအတွက် ဆက်လက်ပြသမည့် မြင်ကွင်းများဖြစ်ကြပါသည်။

❖❖❖

http://www.dhammadownload.com

http://www.dhammadownload.com

ပြောမရသော သားမေတ္တာဖြင့်သာ ကုစားပါ

ငွေစက်သည် အခြေပျက် အနေပျက်အထိ အနေခက် စေပါသည်၊

မရှိတောင့်တ ရှိတောင့်တတို့ဖြင့် ငွေသည် လူ့စိတ်ကို ခြယ်လှယ်နေသောကြောင့်တည်း။

မရှိကြောင့်ကြ ရှိကြောင့်ကြတို့ဖြင့်လည်း ငွေသည် လူ့စိတ်ကို နှံ့ချွတ်နေသောကြောင့်တည်း။

ငွေဖြင့် တည်ဆောက်ထားသော ကမ္ဘာ တစ်ဘဝသာ တာဝန်ခံပါမည်။

ငွေသည် တဏှာမာန် မာနမာန် ဒိဋ္ဌိမာန်တို့ဖြင့် အဆိပ်ပြင်းစွာ ပေါက်သတ်နေသောကြောင့်တည်း။

ယနေ့ မြို့ပြပေါ်ရှိ လူသားများ

မြွေပေါက်၍ မသေ၊ ငွေပေါက်၍ သေနေကြရပါသည်။ ထိုငွေသည် သက်မဲ့ဖြစ်သော်လည်း စေလိုရာစေ တန်ခိုး၊ လူအား ဖန်ဆင်းပေးပါသည်။ အပေါ်မြောက်၍ အောက်ကိုလည်း ပစ်ခွဲတတ်ပါသည်။ အစောင်းအတည့်အားဖြင့် မျက်လှည့်ပြစားတတ်ပါသည်။

ထိုစဉ်

နတ်တလူစာစဉ်

http://www.dhammadownload.com



ယနေ့ လူသားတို့၏ ငွေဖြင့်ပင် အသက်ရှင်ခွင့်ရနေရရာ ထိုငွေက တိုက်တာနေအိမ်များမှသည် တစ်ဘဝသုံး လူ့အသုံး အဆောင်အားလုံး သိမ်းကြုံးဖန်တီးပေးထား၏။ ငွေသာပါ ဘာမဆို မိမိအလိုကျ ရစေ၏။ ဂုဏ်ကိုပင် တင်ပေးသေး၏။

တယ်ဟုတ်တဲ့ ငွေပါကလား။

တစ်ဖန်

ထိုငွေသည် အားမာန်ကိုလည်း တိုးပွားစေပြန်ရာ

- တဏှာမာန် အထန်များ အပျော်အပါးဖြင့်ပင် အချိန်ကုန်စေပါသည်။
- မာနမာန် အထန်များ ယှဉ်ပြိုင်ခြင်းဖြင့်ပင် အချိန်ကုန်စေပါသည်။
- ဒိဋ္ဌိမာန် အထန်များ မတရားသိမ်းပိုက်ခြင်းဖြင့်ပင် အချိန်ကုန်စေပါသည်။

ငွေက ဝါသနာ ညဉ်စရိုက်များကို မြေတောင်မြှောက် ငွေလောင်းပေးနေခြင်းများပင်။

ထိုလူသားအား ထိုငွေက

တစ်နေ့တခြား တက်ကံရှိန်များ ကုန်လိုက်နေပြီကို မရိပ်မိတော့ခြင်း။

တစ်နေ့တခြား လက်တင်ငွေများ လက်ပြင်ကြားမှ လုံးပါးပါးနေသည်ကို မရိပ်မိတော့ခြင်း။

ထိုခြင်းနှစ်လုံးအကြား မြုန်းဆို- ကားရာအရာ ခွပေးလိုက်တော့သည်။

တယ်ဆိုတဲ့ ငွေပါကလား။

တစ်ဖန်လည်း ထိုငွေသည် အမှတ်အသွင်းဖြင့်လည်း ကမျှင်းတတ်သေးရာ အရှာခိုင်းတော့လည်း ငွေက၊ အသုံးခိုင်း ပြန်တော့လည်း ထိုငွေကပင်

http://www.dhammadownload.com



ဖြစ်ပါသည်။

လူသည် သူ့အလိုကျ ရှာပေး သုံးပေးရုံမျှ ဖြစ်ခဲ့ပါသည်။ တစ်နေ့ ထိုလူ ကံတုံးသွားသော် ထိုငွေ လုံးလုံးရှာမတွေ့တော့ပါ။

တယ်လဲ မျက်လှည့်အပြကောင်းတဲ့ ငွေပါကလား။

ထိုငွေသည် သူ့တစ်ပွေတည်းဖြင့်ပင် အဝင်မှအထွက် အထွက်မှအဝင် စက်လှည့်နေချေပါ၏။

ထိုစဉ်

ငွေစက်ကို လှည့်ပေးနေရသော လူ၏စိတ်သို့ ငွေဆိပ်များ မွန်ထွန်သွား စေရာ

- ငွေမြင်သည်ဆို သွားရည်ယို အလိုကြီးရမ္မက် ထွက်ပါသည်။
- ငွေမြင်ပြီဆို ချဉ်ချင်းပို ရကိုရမှ ဆက်ပါသည်။
- ငွေရမည်ဆို ဘာမဆို လုပ်ကိုလုပ်မည် ဖက်လာသည်။

ကောင်းကံဖြင့် တည်ဆောက်ထားရာ သော့ကို ပွင့်စေလိုသော သော့တံနှင့် သော့ခံ အတိုင်းအခံချင်း တူရာနှင့် ကြည့်ဖွင့်ပေးမှ ပွင့်ပါသည်။

သည့်ပမာ

ကံဟောင်းများကာ လူစိတ်မှန်ဖြင့် တည်ဆောက်ထားသော ကံအေး များဖြစ်ကြရာ

ကံသစ်များကလည်း လူစိတ်မှန်ဖြင့်သာ ဖွင့်ပေးရပါမည်။

ထိုသို့မဟုတ်ပါဘဲ

ကံဟောင်းမြှုပ် ကံယုတ်ဖြင့် ထုတ်ယူမိမှားခဲ့သော်

■ လက်ရှိ မသင့်တော်သော အရပ်မှသည် သည့်ထက် မသင့်တော်ရာဆီ ရွှေ့ပြောင်း ငွေရှာတော့မည်။

http://www.dhammadownload.com



- ■ လုပ်နိုင်မှ စားရမည်ဆိုသော မာန်ဝင်ကံများ အစားထိုး ပေးပါတော့မည်။
- ■ ငွေသာပါ ဘာလုပ်ရလုပ်ရ စိတ် ထိပ်တက်လိုက်ပါတော့မည်။
- ■ မကောင်း မကောင်းချင်း ဆက်သွယ်ပေးမည့်သူ အကူယူပါတော့မည်။

ထိုစဉ်

ငွေစက် အခြေပျက် အနေပျက်အထိ အနေခက်စေပြီ။ သို့ကြောင့်

- ငါ- ဝီရိယ နည်းနေသေး၍ထင်၏ဖြင့်လည်း တစ်ဖန်ပြန် သန်သန်လုပ် အမြုပ်မှ အမြုပ်သို့။
- ငါ-အရှက်အကြောက် နည်းနေ၍ထင်၏ဖြင့် တစ်ဖန်လှန် ထန်ထန်လုပ် အမြုပ်မှ အမြုပ်သို့။
- ငါ-လူပေါင်းညံ့နေ၍ထင်၏ဖြင့် သည့်ထက်တိုး အဆိုးရှာ ပေါင်း ခေါင်းမြုပ်ကိုယ်မြုပ် အပုပ်သို့။

စက်ပြောင်းပြန်မောင်း မကောင်းသည်မှာ ရှုကြည့်ပါ။

ယနေ့ ဒါတွေ သိထားဖို့တော့ လိုပါမည်။

ဤသည်တို့မှာ ယနေ့၏ ရှေ့ရှေ့ကို ပြများအတွက် ဆက်လက်သေမည့် မြင်ကွင်းများဖြစ်ကြပါသည်။

ထိုယနေ့၏ ဒါတွေများ ဘဝကထာဆရာ၏ လက်ထက်တုန်းက မပေါ် ခဲ့ဖူးသေးပါ။ သို့ကြောင့် ထို ဒါတွေများကို အဌကထာဆရာ သူ့ ဆုတောင်းထဲ ထည့်မသွားပါ။ ဤ၌ ထိုငွေစက်ကြောင့် အခြေပျက်လေသူ

- လူမနူဘဲနှင့် ကိုယ်နူနေရှာပြီ။
- စိတ်တွင်းပုပ် နှုတ်ချိုဖြင့် အပုပ် အပုပ်ချင်းပင် အရှင်းနှီး ရှာဖွေနေရပြီ။
- ကိုယ်ကျွံကာမ ဘဝလက်လွန်ဖြင့် သွေးမွန်နေရှာပြီ။

http://www.dhammadownload.com



မျက်စိလည် လမ်းမှားသွားနေသူအား မျက်စိမလည် လမ်းမမှားသူများက သနားစိတ်ဖြင့် မျှားခေါ်လေမှ ထိုလူသား ဖဝါးအထားမှန် အသွားမှန် ပြန်ဖြစ်လာသည်ပမာ-

ဤမှာလည်း

ဆန္ဒအားကြီးမားစွာ စီးဆင်းကျလာရာမှ စိမ့်ထွက်လာ သော စိတ်ကောင်း စေတနာကောင်းတို့ဖြင့် ကောင်းမှုကို အောင်မြင်ပြီးစီးသူတိုင်းက

- မိမိရှေ့ မြင်တွေ့နေရသော အဆုတ်တွင်း ပြေးဆင်းနေလေသူများသို့
- မိမိမြင်တွေ့လိုသော ဆန္ဒပြုဆုတောင်းဖြင့်

ငါသည်

ငါ့ဆန္ဒအားမှ ပေါက်ဖွားလာသော စေတနာ အဟုန်ကြောင့် ဤကောင်းမှုခရီး ပြီးစီးခဲ့ရပြီ။

ထိုကောင်းမှု၏ စေတနာအရှိန် လှိုင်းခတ်မှုကြောင့် အားလုံး ဘေးကင်းရန်ကွာ ကိုယ်စိတ်နှစ်ခင်း လက်ငင်းချမ်းသာ ကြပါစေ။

သည့်မျှမကသေး

မကောင်းမှု ပြုကျင့်မိကြရာမှ ပျက်စီးနေသူများကို အမှောင်မြင်ဉာဏ်ဖြင့် ဖွေလှန်ကြည့်တတ်ကြပါစေ။

အဓမ္မကာမ အဓမ္မဝါဒ မတရားမှုတို့အကြားမှ အလွတ် ရှောင်ရှားနိုင်ကြပါစေ။

ဤသို့လျှင် ဆုတောင်းပတ္ထနာ အမျှမေတ္တာများ ပေးဝေပို့သကြပါ။

မိခင်ထားသော အားမျိုးရှိ လူထားမှားများအထိ လှိုင်မမီစေနိုင်ပါသည်။ ထိုစဉ်

- ဘေရိသဒ္ဒေါ တိဂါဝုကော - စည်တီးသံက သုံးဂါဝုက် ခရီးသာ ကြားရ

http://www.dhammadownload.com



ပါမည်။

- မေယသဒ္ဒေါ တိယောဇနာ - မိုးချုန်းသံက သုံးယူဇနာ သာ ကြားရပါမည်။
- ဒါနသဒ္ဒေါ ဆ ကာမာဝစရော - ကောင်းမှုပြုသံက နတ် ပြည်ခြောက်ထပ်အထိသာ ကြားရပါမည်။
- သီလသဒ္ဒေါ အကနိဋ္ဌော - သီလဆောက်တည်သံက ဗြဟ္မာ့ဘုံအထိသာ ကြားရပါမည်။
- ဘာဝနာသဒ္ဒေါ နိဗ္ဗုတော - ဘာဝနာအားထုတ်သံက နိဗ္ဗာန်အထိ ကြားနိုင်ပါသည်။
- မေတ္တာသဒ္ဒေါ အနန္တရော - မေတ္တာသံကား အဆုံး ပိုင်းခြားမရှိ အရပ်ကပင် ကြားရပါသည်။

သို့ကြောင့်

- မိခင်ထားသော သားသို့ မေတ္တာမျိုးတို့ဖြင့်
- ဖြူစင်သူ အရိယာများထားသော အမျှားဖို့ မေတ္တာမျိုးတို့ဖြင့်

ကောင်းမှုရှင်တိုင်းက မေတ္တာနှီး၍ မကောင်းမှုရှင်များသို့ ထိုးပို့ပေးကြပါ။

ဤဒွိ ယနေ့ခေတ်လူတို့ ရှင်းပြရန်မှာ

ရှေးခေတ်က တစ်ယူဇနာ(တစ်ယူနစ်)သည် ဤခေတ် ရှစ်မိုင်နှင့်အတူတူ

ရှေးခေတ်က တစ်ဂါရက်သည် ဤခေတ် နှစ်မိုင်နှင့် အတူတူ

သို့ကြောင့်

- စည်ကြီးများ တီးသံဖြစ်ပါမူ ၆ မိုင်က ကြားကြရသည် ဆို၏။
- မိုးချုန်းသံများဖြစ်ကြပါမူ ၂၄ မိုင်က ကြားကြရသည် ဆို၏။
- မိုးကုပ်စက်ဝိုင်းတစ်ခု၏ အနန္တသတ်အကွာဝေးကား တစ်ယူဇနာ (ရှစ်

http://www.dhammadownload.com



မိုင်)ဆို၏။

ဤသည်တို့မှာ ယနေ့ခေတ် လူတို့ လက်လှမ်းမီတော့သော အသုံးနှုန်းများပင်။

❖❖❖

http://www.dhammadownload.com

http://www.dhammadownload.com

မိုးရွာတုန်းပျိုးထောင် နွေအတွက် မျိုးလှောင်ထား

- ဒါနကမ္မပီဇကော ကုသလာ သုဂတာ သေဗ္ဗာ
- နိဂါပေန္တု အပေဗ္ဗက္ခာ ဘုဥ္စာပ ဣစ ပေဗ္ဗက္ခာ...

ယနေ့ ကမ္ဘာ အလျှုခံကောင်းများ မဆိတ်သုဉ်းသေးပါ။

အလှူခံကောင်းဆိုသည်မှာ

အကျင့်ကောင်း၊ အကျင့်ဖြောင့် အာရုံမှန် အထက်မှ အထက်သို့ ဆန်နေသော အကျင့်သန်များပင် ဖြစ်ကြပါသည်။ ထပ်မံရှင်းပြပါမည်။

(၁) သုပ္ပဋိပ္ပန္န - အကျင့်ကောင်းမည်သည်

အကျင့်နှင့်အသိ တွဲမိနေအောင် ကျင့်နေခြင်းပင်ဖြစ်၏။ ထိုအထဲ

(က) ကျင့်သလောက်သိ၍ သိသလောက် ကျင့်နေခြင်းများလည်း ပါ၏။

(ခ) ကျင့်ရင်းကသိ သိရင်းကကျင့်လည်းပါ၏။

(ဂ) သိရင်းပယ် ပယ်ရင်းကျင့် ကျင့်ရင်းသိများလည်းပါ၏။

ဤအကျင့်ကောင်းသည်

တင်းမာလွန်းသောအကျင့်သာရှိပြီး အသိဉာဏ် အသိမဝင် အကျင့်မျိုး မဟုတ်ပါ။

နတ်တလူစာစဉ်

http://www.dhammadownload.com



အကျင့်မရှိ ယုံကြည်ကိုးကွယ်ဝတ်ပြု ဆုတောင်းရုံ အကျင့်မျိုးလည်း မဟုတ်ပါ။

မှန်သောဘုရား၏ မှန်သောတရားအတိုင်း လိုက်နာ ကျင့်သုံးခြင်းမျိုး ပင်ဖြစ်ရာ အကျင့်အသိ ကြောင်းကျိုးမိ အကျင့်ကောင်း ဆိုရပါသည်။

(၂) သည့်အတူ

ဥဇုပဋိပ္ပန္န အကျင့်ဖြောင့်ကလည်း

ဝါမထောင့် ယာမထောင့် ဖြောင့်စင်းသောအကျင့်ပင် ဖြစ်ပါသည်။

(က)အတင်းအလျော့မထား၊ အလယ်အလတ်ကြားမှနေ ကျင့်သောအကျင့် ဖြစ်ခြင်းကြောင့်

(ခ) အပြစ်ဖုံး ကြွားလုံးထုတ် နှစ်ခု၏ အလယ်ကြားမှနေ ကျင့်သောအကျင့် ဖြစ်ခြင်းကြောင့်

ထိုအကျင့်ဖြောင့်သည်

အတင်း အလျော့မထား သတိတစ်လုံးတည်းဖြင့် မပြတ်ရှုစားရုံနှင့် ပြီးစီး၏။

အပြစ်ဖုံးဖိခြင်း တစ်စိတ် တစ်အိတ်လုပ်ပြောခြင်းများကိုလည်း ရှောင်ပြန်၏။

သတိတင်ထားသော မဂ္ဂင်ပွားဖြင့် တစ်ကြောင်းတည်း လမ်း ဖြောင့်တန်း စွာ တန်းဝင်စေ၏။

သို့ကြောင့် ထိုအကျင့် အကျင့်ဖြင့် ဆိုရပါသည်၊ တစ်ဖန်

(၃) ဉာယပဋိပ္ပန္န နှလုံးသွင်းမှန်ကလည်း

ကာမအာရုံမလိုက်သော စိတ်ကူးအာရုံကြား ထားပေးခြင်းပင် ဖြစ်ပါ သည်။

http://www.dhammadownload.com



ထိုအာရုံမှန် အကျင့်သည်

(က)မိမိအကျင့် သိက္ခာဆင့်ဖြင့် မြင့်ထက်မြင့်ရေးသို့သာ တလေးတစား အရေးထား၏။

(ခ) နိဗ္ဗာန်သို့သာ ကျောင်းပို့ထား၏။

(ဂ) မည်သည့်အာရုံဝင်ဝင် ဓမ္မအမြင်ဖြင့်သာ ဆင်ခြင်၏။

သို့ကြောင့် ထိုအကျင့် အကျင့်မှန်(အာရုံမှန်)ဆိုရ၏။ တစ်ဖန်လည်း

(၄) သာမိစိပဋိပ္ပန္န အထက်ဆန်အကျင့်ကလည်း

နတ်လူတို့ အရိုအသေခံပုဂ္ဂိုလ်နှင့် ထိုက်တန်စွာကျင့်နေခြင်းပင် ဖြစ်ပါသည်။

(က)မေတ္တာ ဘာဝနာပွားရှ်ကျင့်ခြင်း၊

(ခ) ဈာန်ဝင်စား၍ကျင့်ခြင်း၊

(ဂ) ဝိပဿနာပွား၍ကျင့်ခြင်း၊

ယင်းတို့သည် ဘုမ္မိပိဏ္ဍိက ခေါ် ပြည်သူတို့လှူသော ဆွမ်း စသည်ပစ္စည်းများအပေါ် မြတ်သော အလှူခံဖြစ်တောင် သိဒ္ဓိဝင်နေသည်ဖြစ်ခြင်းကြောင့် အထက်ဆန်အကျင့်(အလှူရှင်၏ စေတနာထက် မြင့်သောအဆင့်ဘက်တက်စေသောအကျင့်) မည်ပါသည်။

အယျမိတ္တာမထေရ်ကျင့်သော အကျင့်မျိုးပင်။

ကြားဖူးသည်မှာ -

ထိုအရှင် ဆွမ်းခံဝင်သွားချိန် သားအမိနှစ်ဦး စကားပြောနေသည်ကို ကြားလိုက်ရ၍ နားစွင့်ထောင်လေရာ

သမီးရေ - သည်ခဏလာဦး။ အမေ တောသွားဦးမယ်။

ညည်းအစ်ကိုလာရင် ဆွမ်းလောင်းရအောင် အိုးထဲမှာ ရွှေပြီးသား

http://www.dhammadownload.com



ဆန်ဟောင်းရှိတယ်။ ထောပတ် တင်လဲများလည်း ရှိတယ်။ အဲဒါ
ကောင်းကောင်းချက်ပြီး ညီအစ်ကို လောင်းလိုက်။ ပြီးတော့
ထောပတ်နဲ့ တင်လဲလည်း လှူလိုက်။ ကျန်တာလည်း ညည်းစားပေါ့။
အမေတော့ မနေ့ကကျန်တဲ့ ထမင်းကြမ်းသိုးကိုပဲ ဆန်ပုံးရည်နဲ့ စားပြီး
သွားပြီ။

နေ့လယ်စာကော အမေ ဘာစားမလဲ။

အဲ - နေ့လယ်စာအတွက်တော့

ဆန်ကွဲကလေးကို ဆန်ပုန်းရည်နဲ့ ကျိုထား။

ချဉ်နီး ဟင်းရွက်ကလေး ခတ်လိုက်။ ဒါဆို တို့သားအမိ တော်ရောပေါ့။

ထိုအရှင် ကြားလိုက်ပြီ။

ငါတို့တော့ အကောင်းတဲ့။ သူတို့ဘို့ကျတော့ ဖြစ်သလိုပဲတဲ့။ သို့ကြောင့်
ငါသည် ဤဆွမ်း ပုထုဇဉ်အဖြစ်ဖြင့် ခံယူမစားထိုက်။

သို့ကြံရွယ်ဆုံးဖြတ်ကာ မိမိနေရာ ကဿက လိုဏ်ဂူသို့ ပြန်ကြွသွား၏။

ရောက်သည်နှင့် ပြင်းပြင်းထန်ထန် အားထုတ်ရာ တစ်ထိုင်အတွင်းမှာပင်
အာသဝေါခမ်းခြောက် ရဟန္တာအဖြစ်သို့ရောက်တော် မူသွား၏။

ဤသည်မှာ လူနတ်တို့၏ အရိုအသေနှင့် ထိုက်တန်စွာ ကျင့်ခြင်းပင်ဖြစ်
ပါသည်။

ထိုအရှင်၌

အကျင့်ကောင်းများလည်း နောက်မှ စိတ်နှင့်မကွာ လိုက်ပါနေပြီးလည်း
ရှိ၏။

အကျင့်ဖြောင့်များလည်း နောက်မှ စိတ်နှင့်မကွာ လိုက် ပါနေပြီးလည်း
ရှိ၏။

http://www.dhammadownload.com



အာရုံမှန်အကျင့်မှန်များလည်း နောက်မှ စိတ်နှင့်မကွာ လိုက်ပါပြီးရှိနေပါ၏။

သို့ကြောင့်ပင် တစ်ထိုင်အတွင်း ခရီးပြင်းနှင်နိုင်ခြင်း ဖြစ်ပါ၏။

(၁) ထိုအရှင် ဤသို့သော မြတ်သောအလှူကို ခံယူထိုက်ပါပြီ။

(၂) ကိုယ်ကမသွား ဒါယကာတို့ လာရောက်လှူသည်များကိုလည်း ခံယူထိုက်ပါပြီ။

(၃) ဧည့်သည်တို့တွင် အမြတ်ဆုံးသော ဧည့်သည်ဖြစ်နေသဖြင့် ဧည့်သည်စာကိုလည်း အလှူခံထိုက်ပါသည်။

(၄) လူတို့တွင် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်နေသဖြင့် လူအားလုံး (နတ်ဗြဟ္မာ သတ္တဝါအားလုံး) တို့၏ အမြတ်ထားရှိခိုးခြင်းကိုလည်း ခံယူထိုက်ပါပြီ။

(၅) ဒါယကာတို့၏ စေတနာမျိုးဝတ်ဆံ မိမိသိက္ခာ၏ တစ်ဖန် စိုးပြန် တစ်ဖန်အေး မြေခံဖြင့်

အနည်းငယ်မျှသော ဒါနကလေးကပင်

ချက်ချင်းအကျိုးကြီးမားခြင်းများကို ဖြစ်စေနိုင်ပါပြီ။

ဤသည်မှာ အလှူခံပုဂ္ဂိုလ်ကောင်းတစ်ဦး ရှိအပ်သော ဂုဏ်သတ္တိများဖြစ်ပါသည်။

ထိုဂုဏ်သတ္တိမျိုး ရှိနေလျှင်

(က) ရွာထဲ၌ ပုဆိုးကွက်ကြား ဆံယဉ်ထားဖြင့်နေလည်း အလှူခံကောင်းစာရင်း ဝင်ပါသည်။

(ခ) ရွာထဲ၌ လုံချည်ပန်းကြား ဆံရှည်ထားဖြင့်နေလည်း အလှူခံကောင်းစာရင်းဝင်ပါသည်။

(ဂ) တစ်လောကလုံး၌ လူ့အရာဝင် နတ်အသွင်ဖြင့် နေလည်း အလှူခံ

http://www.dhammadownload.com



ကောင်း စာရင်းဝင်ပါသည်။

(ပဋိပတ္တိ ပူရကောဟိ -

ဒေဝေါဝါပေဟာတု မနုဿောဝါ ဘိက္ခု တိ သဒ်ီအနွတိ)

ယနေ့ ထိုအလှူခံကောင်းမျိုး မရှားပါးသေးပါ။

သာသနာထွန်းကားသောနေရာတိုင်း ရှင်ထဲမှာလည်း အများအပြားရှိကြပါသေးသည်။

သာသနာထွန်းကားရာနေရာတိုင်း လူထဲမှာလည်း အများအပြားရှိကြပါသေးသည်။

ရလိုမှုသို့ အာရုံမကွက်

သဒ္ဓါဂုဏ် ယုံကြည်ခြင်းဖြင့် မိတ်ဖက်တတ်ကြပါမူ

အမြတ်ကား ပြန်လာတတ်ပါသည်။

အမြတ်ကား ကျန်နေခဲ့တတ်ပါသည်။

ယနေ့

ထိုအလှူခံကောင်းများရှိ သိက္ခာစာတ်မှ သွန်းဖြိုးသော သီလ မေတ္တာမိုးများ စွေဖြိုးနေခိုက်. .

(က)ယနေ့၏ ရှေ့ရှေ့နက်ဖြန်များအတွက်လည်း မိုးရေခံ ထားသင့်ကြပါသည်။

(ခ) သာသနာတွင်းကာလ နောက်နောက်ဘဝများအတွက်လည်း ဤမှနေစုထားသင့်ကြပါသည်။

(ဂ) သာသနာကွယ်ချိန်များအတွက်လည်း ဤမှနေ သို့လှောင်ထားသင့်ကြပါသည်။

အလှူခံကောင်းများ တုံးသောအချိန်များသည် မိုးခေါင် ရေရှားချိန်ချည်း

http://www.dhammadownload.com



ဖြစ်ကြရာ

ထိုအချိန်များကား ရှည်လျားလွန်းကြပါသည်။

ရှေ့အရေး ကြိုပြေး ယနေ့ကပင် တွေးမြင်ထားသင့်ကြပါသည်။

ရှေ့အရေး ကြိုကြည့် ယနေ့ကပင် တွေးသိထားသင့် ကြပါသည်။

နေပူလာမှာကို နေရိပ်ထဲကနေ ထိုင်ကြောက်မနေနှင့်ဆိုသော်လည်း တစ်ရက်ပူဆို ဟုတ်သေး၏။ တစ်သက်ပူဆိုက ထိုင်ရင်းကြောက် ကာကွယ်ရေးများ ကြိုတင်တည် ဆောက်ထားရပါတော့မည်။ တစ်ဖန်

တစ်သက်ပူဆို တော်သေးဆိုရ၏။ ဘဝဆက်ဆက် အသက်နှင့်ဖက်၍ တက်တက်ပြောင် နေပူဆိုပါသော်ကား ယခုကပင် ကြိုတင်၍ နေကာများ ပြင်ဆင်ကြရပါမည်။

❖❖❖

http://www.dhammadownload.com

http://www.dhammadownload.com

## မျိုးသန့်နှင့် မျိုးညံ့

မျိုးသန့် မျိုးသည်

ပထမတန်းစားမြေ အခံမရသော်မှ ဒုတိယ၊ တတိယ တန်းစားမြေ ဖြစ်နေလျှင်ပင် မျိုးဆုံးမဖြစ်တတ်။

မျိုးညံ့မျိုးသည်ကား

ပထမတန်းစားမြေ အခံရသော်မှ ရွက်မှော် ဗိုက်သရော အဖျင်းမကင်း အဆံအောင်မြင်ခြင်းမရှိ ပိုးကိုက်လည်းမိနေက မျိုးဆုံးဖြစ်တတ်လှသည်။

ထိုစဉ်

အလျှုံခံပစ္စည်း ကြားခံထား၍ စေတနာမျိုးဝတ်ဆံချထားရာ၌

(က)ရှေ့နောက် အကုသိုလ် အခြံအရံမပါမှ၊ မျိုးသန့်အရာ တွင်ပါသည်။

(ခ) ရှေ့နောက် အကုသိုလ် ခြံရံနေပါက မျိုးညံ့ဖြစ်သွားပါပြီ။

မျိုးအတန်းအစား ထိုနှစ်ပါးတို့တွင်

အပြစ်ကင်းသော ကောင်းကျိုးမျိုးချည်းလည်း ခံစားခွင့်ရ

လူနတ်နိဗ္ဗာန် သုံးတန်သို့သွားရန် အလားအလာလည်းရှိ

http://www.dhammadownload.com



အရိယာသူတော်ကောင်းတို့ သာဓုခေါ်ကာ ချီးမွမ်းခြင်းများကိုလည်း ခံယူရရှိ။

ထိုသုံးချက် အကွက်မိ မျိုးသန့်မည်သည်။

(၁) ဒိဋ္ဌိ၊ တဏှာ နေရာပေးရှိသော ငါ၊ ဝတ္ထု၊ ပုဂ္ဂိုလ်တို့သို့ မသုံးသပ်ရပါ။

(၂) ငါ၊ ဝတ္ထု၊ ပုဂ္ဂိုလ် ထိုသုံးမျိုးတို့၏ ဖြစ်နေပုံ ပျက်နေပုံသို့သာ စိတ်ဝင်စားရပါသည်။

(၃) မတုံမဖက် မိမိစေတနာသက်သက်ချည်း ထက်သန် နေရပါသည်။

သောမနဿ သဟဂုတ် တဏှာမာန်ကင်း စိတ်ကြည်လေးဆင်းနေပါပြီ။

ဉာဏ သမ္ပယုတ် ပညာတ်ကိုမြှုပ် ပရမတ် ဖော်ထုတ် ပေးနေပါသည်။

အသင်္ခါရိက ပွဲထုတ် ရေအောင် မိုးအောင်သက်သက် မျိုးဆံထက် နေပါသည်။

ထို စိတ်ချုပ် အကျိုးပေးများလည်း ထိုနှင့် ရုပ်တူ နာမ်တူပင်။

ထိုမျိုးမျိုး

အလှူခံ ပုဂ္ဂိုလ်မျိုးတို့အကြား ထိုစိုက် ပွားစေရပါမူ

ကောင်းမှုတစ်ခုသာ ဖြစ်ဖြစ်မြောက်မြောက် အောင်ပါစေ။ တစ်ဘဝမက ဘဝအဆက်ဆက် နိဗ္ဗာန်တိုင်အောင်အထိ မျိုးဆက်စေပါသည်။

ဘုရားရှင်၏ သာသနာ ပွင့်ဦးကာလတုန်းက

ပန်းတစ်ပွင့် ရှေးဘုရားရှင်အား လှူခဲ့ဖူးသဖြင့် သံသရာ ရှည်ခဲ့သမျှ ဒုက္ခမတွေ့ရဘဲ သည်ဘဝ သည်သာသနာမှာ ကျွတ်တမ်းတစ်ရက်ဝင်ပုဂ္ဂိုလ်က သက်သေပြသွားပြီ။

သည့်အတူ

ဥပုသ်တစ်ရက်စောင့်မိသဖြင့် မျိုးအောင်ခဲ့သူ သရဏဂုံ တည်မိရာမှ

http://www.dhammadownload.com



မျိုးအောင်ခဲ့ရသူ စသည်များ အများအပြား သက်သေခံသွားကြပါပြီ။

ကိုယ့်ဘက်ကယုံ မျိုးသန့်စုထားရုံ ရှိပါသည်။

ထိုသို့ မျိုးဝတ်ဆံ ကံချရာ၌ ဉာဏ်သည် ဝတ်ဆံတည်အရာ လည်းဝင်၏။ ပိုးကင်းအရာလည်းဝင်၏။ ဉာဏ်မပါ အဆံ ဗလာ ကံဗလာ ဖြစ်တော့သည်။

ဉာဏ်သည် ရှေ့နောက် အကုသိုလ် မခိုစေတတ်သောကြောင့်

မလှူမီသည် ရှေ့၊ လှူပြီးသည်နောက် လှူစဉ်ကား အလယ်ထောက်။

တစ်ဖန် လှူစဉ်၌ပင်

စိတ် တစ်ခု-တစ်ခုကျစီ၌ ဖြစ်-တည်-ပျက် (ဥပဒ် ဌီဘင်) သဘောပေး သုံးချက်ရှိရာ

ဖြစ်ဆဲကား ရှေ့၊ တည်ဆဲကား အလည်၊ ပျက်ကျသွား ပြီးကား နောက် ခွဲရဦးမည်။ ထိုစဉ်

ဖြစ်ပျက်မြင် ဉာဏ်မဝင်မိက နောက်ပိုး အကုသိုလ်စိတ် မချရ။

အခြား ငါဝတ္ထု ပုဂ္ဂိုလ်စွဲများရှိ အကုသိုလ်မဝင်သော်မှ မောဟကား ဝင်ခိုနေပါပြီ။

ဖြစ်ပျက်မြင် ဉာဏ်ဝင်မှ ထိုအကုသိုလ် စိတ်ချရ၏။ မိမိခန္ဓာ မိမိရှု ဆဲနေရာရှိ ဖြစ်ပျက်စဉ် ရှေ့နောက် တန်းစီဝင်နေပါသည်ကို တပ်အပ် ထင်ထင် မြင်နေရသူ စိတ်များ တွေးလည်းမတွေးသာ ပြေးလည်း မပြေးသာ တော့ပါ။

မလှူမီ လှူဆဲ လှူပြီး သည်စိတ်အတိုင်း ရှိနေစေရပါမည်။ ထိုအခါ

အပူလည်း စင်၊ မျိုးလည်းသန့်၊ ဝတ်ဆံလည်း ခန့်ထည်သွားတော့သည်။

အကယ်တိတိ

မိမိ၌ ဤသို့သော ဘာဝနာဉာဏ် အခံမရှိသေးဆိုပါလျှင် စိန္တာဉာဏ်

http://www.dhammadownload.com



သုတဉာဏ်တို့၏ အစီအရင်ဖြင့်

လက်ငင်း၌ ဖြစ်ပျက်မမြင်သည်ကို အတိတ်ဖြင့် အစားထိုး ဉာဏ်ဝင်ကြည့်ပေးပါ။

■ မနှစ်က လှူထားသော ဆွမ်း၊ ယနေ့ ဘယ်အခမ်း ရောက်နေသလဲ ပြေးတွေးပေး။

■ မနှစ်က ငါ၏အရွယ် ယနေ့ ဘယ်အရွယ်ဆိုက်လာနေပြီလဲ ငုံ့ကြည့်။

■ မနှစ်က အလှူခံ၏အရွယ် ယနေ့ ဘယ်နယ်ထဲဝင်နေပြီလဲ မော့ကြည့်။

ထိုသို့ ယခင်နှင့် ယခု ယှဉ်တွဲရှုမိသော ဖြစ်သလောက်သော ပျက်ခြင်းများ အထင်းသား မြင်တွေ့နိုင်ပါပြီ။ ကောင်းသလောက်သော အဆိုးများ လက်ငင်း မြင်တွေ့နိုင်ပါသည်။ သူ့သဘာဝ သူ့အပြ အကျအနမြင်ရပြီ။

သည်လိုဆို ဒါတွေလည်း သည်လိုနေမှာပဲ။

ထိုအခါ လှူဆွဲ ဆွမ်း စသည်များအပေါ်၌ တဏှာ မကပ်သာတော့ပါ။

ထိုအခါ အလှူခံပုဂ္ဂိုလ်များ အပေါ်၌လည်း တဏှာ မကပ်သာတော့ပါ။

ထိုအခါ မိမိ၌လည်း ဝိဋ္ဌိငါ မကပ်သာတော့ပါ။

မူလထို ပြိုပိုးများရှင်း ဒေါမန စသည် နောက်ပိုးများလည်း ကင်းတော့သည်သာ။ သာသနာတွင်း ပျိုးခွင့်ရ မျိုးသန့်များတည်း. . ။

သာသနာတွင်း ကောင်းမှုသည် မိတ်ဆွေဖြစ် ကျွေးမွေး ခြင်းများနှင့် တခြားစီ။

သာသနာတွင်း ကောင်းမှုသည် အပြန်အလှန် လက်ဆောင်ပေးခြင်း များနှင့် တခြားစီ။ ဉာဏ်မပါ ပိုးဝင် မျိုးမစင်သည်ကို သတိပြုရမည်။ ထိုမျိုးမစင်အကျိုး ကောင်းစားသော်မှ ချမ်းသာကို ကျိုးနေတတ်ပါသည်။

ပစ္စည်းရှိ လူဆင်းရဲမျိုးတည်း. . ။

http://www.dhammadownload.com

အပျက်ထားပြား မပျက်ထားမှာပွား

မစင်သော မျိုးထွက် အခြားအခြားရောစွက်ခံရခြင်းကြောင့် ပင်ကိုယ်ပျက်၍ မျိုးမစစ်ဖြင့် ကွဲပြား၊ မျိုးကပြားသို့ တိုးဝင်သွားပါသည်။

ကောက်နုမျိုးဟူ၍လည်း ဆို၍မရတော့ပါ။

ကောက်ကြမ်းမျိုးလည်း မဟုတ်ပါ။

ကောက်ညှင်းမျိုးဟူ၍လည်း ပြောမရတော့ပါ။

အပျက်ထား ပြားသွားခြင်း၏ မျိုးစပါးတည်း။

သည့်ပမာ

ပျက်တတ်သောခန္ဓာ ငါအထင်ဖြင့် အစွဲထား လှူသော အလှူ။

ပျက်တတ်သောပစ္စည်း ငါ့ပစ္စည်းအမြင်ဖြင့် အစွဲထား လှူသောအလှူ။

ပျက်တတ်သော အလှူခံ ငါ့မိတ်ဆွေအသွင်ဖြင့် အစွဲထား လှူသောအလှူ။

ထိုအလှူမျိုး. .

စေတနာကောင်း မျိုးအကြား ဒိဋ္ဌိ တဏှာ ထိုးပေးထားခြင်းကြောင့် စေတနာ အရည်ပျက် မျိုးပျက်အရာ ဝင်သွားရပါတော့သည်။

ဤ၌

နတ်တလုစာစဉ်

http://www.dhammadownload.com



လယ်သမားကြီးတစ်ဦး လယ်ယာလုပ်ငန်းများအပေါ် စိတ်စေတနာထားရှိပုံနမူနာအဖြစ် တင်ပြလိုပါသည်။

ထိုလယ်သမား၌ ရှိအပ်သော အရာဝတ္ထုများမှာ

(က)လယ်

(ခ) ထွန်၊ ထယ်

(ဂ) မိမိ

(ဃ)မျိုး

ထိုသို့ရှိရာတွင် မိုးကျ၍ လယ် ရေရသည်နှင့် ထို လယ်သမားကြီးသည် လယ်ထဲပေါ်ကို နွားတပ်ထွန်ဖြင့် မိမိ ကိုယ်တိုင် ဆင်းထွန်ပါသည်။

ထိုစဉ်. .

မြေနူးများ ကျေညက်သွားကြပြီ။ တစ်ဖန်လည်း အေးသွားပြီ။ တစ်ဖန် အေးသဖြင့် တစ်ဖန် ဆီများလည်း တက်လာပြီ။

သို့ကြောင့် ထိုအထဲ မျိုးများ ပက်ကျဲလိုက်ပါသည်။

ထိုသို့ မျိုးပက်ကျဲပြီးသည်နှင့် ချိုး၊ ငှက် စသည်အဖျက်များ စောင့်ပေးနေရုံမှတစ်ပါး သူ့မှာ တခြားစိတ်များ မရှိကြပါ။ မကျဲမီ ထွန်ခဲ့တုန်းကလည်း ထွန်ရေးညက်လိုခြင်းမှတစ်ပါး သူ့မှာ ဘာစိတ်မှ မထားပါ။ မြေကောင်း မကောင်းလည်း ဝယ်စဉ်က လေ့လာပြီးပြီဖြစ်ပါသည်။ နွားထွန် စသည်များ ကောင်း မကောင်းလည်း မထွန်မီကပင် ပြင်ဆင်ပေးထားပြီး ဖြစ်ပါသည်။ မိမိကိုယ်တိုင် ကျန်းမာရေးကောင်း မကောင်းကား အချိန်ပြည့် သိရှိပြီးသားပင် ဖြစ်နေပါသည်။ သို့ကြောင့်

- လယ်သို့ စိတ်ရောက်ရန် မလိုတော့ပါ။
- လယ်လုပ်ကိရိယာများ အပေါ်လည်း စိတ်ရောက်ရန် မလိုတော့ပါ။

http://www.dhammadownload.com



မိမိကိုယ်ကိုယ်လည်း စိတ်ရောက်ရန်မလို ခေါင်းအေးအေး ထွန်ရုံသာ လိုပါသည်။ တစ်ဖန်

လယ်ချမျိုးကလည်း စကတည်းက အဆံချောင် အဆံကပ်များနှင့် ရွက်မှော် ဒိုက်သရော အဖျင်းများ အမျိုးမျိုး ရွေးပြီး လှေ့ထုတ်ပြီးဖြစ်နေချေရာ လယ်ချမျိုးသို့လည်း စိတ်ရောက်ရန် မလိုတော့ပါ။

ထို့အပြင်

မြေနှင့်မျိုး ရေအထိုးတို့ဖြင့် ပျိုးထောင်ထားရာ ပျိုးခင်းကလည်း သူ့မြေနှင့် သူ့မျိုး သူ့မိုးနှင့် သူ့အခါ အားလုံး ချိန်လွှတ်ထားပြီးဖြစ်ရာ

ဘယ်လောက် ဘယ်လောက် ပေါက်ရမည်သို့လည်း စိတ်ရောက်ရန် မလိုပါ။

ရောက်လည်း ကိုယ်မှန်းတိုင်း မပေါက်ပါ။ သူ့သဘာဝ အတိုင်းသာပါ။

ဘယ်လို ဘယ်လိုဖြစ်ထွန်းရမည်သို့လည်း စိတ်ရောက်ရန် မလိုပါ။

ရောက်လည်း ကိုယ်တွက်သလို တက်မလာပါ။ သူ့ သဘာဝအတိုင်း သာပါ။

သည့်ပမာ

ဤကောင်းသောအမှု ပြုစုပျိုးထောင်ရာ၌လည်း

(၁) လယ်ယာမြေကောင်းအရာဝင် အလှူခံပုဂ္ဂိုလ်

(၂) လယ်လုပ်ကိရိယာအရာဝင် အလှူပစ္စည်း

(၃) လယ်သမားအရာဝင် မိမိ

(၄) မျိုးစပါးအရာဝင် စေတနာ

ထိုလေးမျိုးတို့တွင်

အထက်ဆုံးသုံးမျိုးတို့သည် သိုးကုန် ပုပ်ကုန်အရာဝင် အနိစ္စမျိုးများ

http://www.dhammadownload.com



ဖြစ်ခြင်းကြောင့် သူတို့ထံ စိတ်မရောက်ကြရပါ။

ရောက်ခဲ့သော် ဒိဋ္ဌိ တဏှာ ဖျက်သဖြင့် စိတ်ပျက်ရုံမျှသာ။

ယင်းသုံးမျိုးတို့သည် အကျိုးပေးများ မဟုတ်ကြပါ။ အကြောင်းခံမျှသာပါ။

ယင်းတို့ကား အပျက်ကြား စီးမျောပါသွားကြမည့် ပျက်စီးစရာများချည်း ဖြစ်နေခြင်းကြောင့်

ငါ ဝတ္ထု ပုဂ္ဂိုလ် ထိုသုံးမျိုးစလုံး အားကိုးအားထား မပြုကြရပါ။

တကယ် အားကိုးထားကြရမည်မှာ

ထိုသုံးမျိုးတို့ဆုံစဉ် အကြားမှ ဖွားသက်လာသော မိမိပိုင် စေတနာကိုသာ

(က)မိမိစေတနာကို ထက်စေခြင်းဖြင့် အလှူပွဲတစ်ခု ပြီးစီးပါစေ။

ထက်ရန်မှာ မည်သူတစ်ဦးတစ်ယောက်၏ မည်သည့် ပယောဂမျှမပါ သော စေတနာမျိုး ထားပေးရပါမည်။

(ခ) မိမိစေတနာ သန့်ပြန့်စင်ကြယ်စေခြင်းဖြင့် အလှူပွဲ တစ်ခုပြီးစီးပါစေ။

သန့်ရန်မှာ စိတ် အတွေး အပြေးမထား။ ဆင်ခြင်ဉာဏ် ပွားပေးနေပါ။ ထိုစဉ်

စေတနာထက်ခြင်းက ဘဝအဆင့်မြင့်ကို တာဝန်ယူပါမည်။

စေတနာ သန့်ခြင်းက အနှောက်အတားကင်းစွာ အာရုံ ခံစားခွင့် ပေးပါ မည်။

ထို အလှူရှင်၏ မျိုးထားစေတနာသည်ကား ရေအောင် မိုးအောင် တို့အကြား သဖန်းမြေအနှစ်အသားတွင် ဖွားမြင်ထားသော မျိုးပွားများ ဖြစ်ခြင်းကြောင့် ရာဂ ဒေါသ မောဟ စသည် ကိလေသာပိုးများ ကင်းစင် နေပါသည်။ ထက်သောစေတနာကြောင့် အဆံချောင် အဆံကပ်မျိုးလည်း မဟုတ်တော့ပါ။ ဆင်ခြင်ဉာဏ် အပွားဝင်ထားခြင်းကြောင့်

http://www.dhammadownload.com



ဝယ်သူလာ ရောင်းသာရောင်း၊ ရောင်းပေးသလောက် သူ့၌လည်း အကောင်းပွားစေလိမ့်မည်။

တောင်းသူလာ မှုသာမှု၊ မှုသလောက် သူ့၌လည်း အကောင်းချည်း ရစေလိမ့်မည်။

သည်မျှသာ မကသေး။

ထို ဆင်ခြင်ဉာဏ် အပွားအလေ့ကြောင့် ငါ ဝတ္တု ပုဂ္ဂိုလ် စသည် ရှက်မှော် ဒိုက်သရော အဖျင်းများလည်း ကင်းစင်နေတော့ရာ ဒိဋ္ဌိတဏှာနှင့် အပေါင်း ပါအားလုံး တုံးစေပြီ။

တဏှာ မာန ဒိဋ္ဌိတို့ကြောင့်ဖြစ်သော ပြိတ္တာတံခါး ပြတ်ခြားထားလိုက်ပြီ။

ဒေါသ ဣဿာ မစ္ဆရိယတို့ကြောင့်ဖြစ်သော ငရဲတံခါး ဖြတ်တားထား လိုက်ပြီ။

မောဟ အဟိရိက အနောတ္တပ္ပတို့ကြောင့်ဖြစ်သော တိရစ္ဆာန်တံခါး အစပ်ခြားလိုက်ပြီ။

သည်မှာတွင်လား မဟုတ်သေးပါ။

ထိုဆင်ခြင်ဉာဏ် အပွားအလေ့ များကြောင့်ပင် မိမိလည်း ရဘဝ အသုံး ချချိန်

(က)အလိုကြီးသူချင်း ဖက်ပြိုင်အနိုင်လုရခြင်း ငါပိုင်အဖြစ် မတရားရယူသိမ်း ပိုက်ရခြင်းများ အလျှဉ်းကင်း။ ကုသိုလ်၏ ဖြစ်ပွား အရင်းချည်းသာ စီးဆင်း လာပါမည်။

(ခ) တစ်ဖက်သို့ မုန်းငြိုးပြစ်မှားခြင်း မနာလို ဝန်တိုစိတ်ထားခြင်းများ အလျှဉ်းကင်း။ တစ်ဖက်၏ ကြည်သာခြင်းဖြင့်ပင် ခံစားလိုရင်း ခံစားခွင့် ပေးခြင်း ခံယူရပါမည်။

http://www.dhammadownload.com



(ဂ) ဘာဖြစ်ဖြစ် စိတ်မဲရှိုင်းဝင်ခြင်း ရှက်ရမှန်းမသိတော့ခြင်း ကြောက်ရမှန်း မသိတော့ခြင်း ပုံ့မျှော်ခြင်း တွေရင်းက ခေါင်းညိတ်လိုက်ရခြင်းများ အလျှဉ်း ကင်း လူ့စိတ်ကို ထိန်းသိမ်းစောင့်ရှောက်ရင်းကပင် လူလူချင်း ပေါင်းသင်းခွင့် ပေးနေလိမ့်မည်။

ထိုကောင်းမှုရှင်မျိုးသည်

မီးငွေ့ မီးကျီးဖြင့်သာ ချက်ပြုတ်ထားသော ဟင်း ထမင်းများ တစ်ည အတိ မီးဖိုနှင့်ဝေးဝေးထားပေးပြီး နောက်ရက်တွင်မှ အားလုံး ခူးခပ် ယပ်ခတ်စားလေသူပမာ အအေးတွင်း အချမ်းလိုမ့် စိမ့်သောဘာဝ ပိုင်ရှင် အဖြစ် ရောက်ရာပြီ။

အလှူခံကောင်း အကြောင်းခံက ထောက်ပံ့လိုက်သော အခွင့်ရေး များတည်း။

အာရုံမှန်စေတနာမှန် ဆင်ခြင်ဉာဏ်က အဆံတည် ပေးလိုက်သော အခွင့်အရေးများတည်း။

ဤဒြ

မေဏ္ဍကက အလောင်းတို့ ဖြစ်ရပ်ကလေးဖြင့် သာဓက တင်ပါစို့။

ထို ထို မေဏ္ဍကမိသားစုသည်

သာသနာပကာလတုန်းက ပစ္စေကဗုဒ္ဓါ အလှူခံကောင်းအား မဖြစ် စလောက်သော ဆန်ကွဲထမင်းလေး လောင်းလှူ မိရာမှ အမိတဘောဂခေါ် အနှိုင်းမဲ့ စီးစိမ်ရှင်အဖြစ်သို့ ဆိုက်ရောက်လာသူများဖြစ်ကြပါသည်။ ဖြစ်ရပ်မှာ

သူတို့သည် အချိန်က ဗာရာဏသီ သူဌေးဖြစ်ခဲ့ဖူးကြပါသည်။ ထိုစဉ် သုံးနှစ်တိတိ မိုးခေါင်လေရာ နှစ်ရာကျော်ကျော် ကျီကြီးများဖြင့် သိုလှောင် ထားသော မျိုးများ၊ ပုတ်ကြီး၊ ကတ်ကြီးများဖြင့် သိုလှောင်ထားသောမျိုးများ

http://www.dhammadownload.com



မြေကျင်းတူး၍ သိုလှောင်ထားသောမျိုး၊ ကုန်ကုန်ပြောရလျှင် ကျီနံရံ မြေကျဉ်ဖြင့် ကပ်ထားသောမျိုးများပင် အကြိုက်သမားတို့ ဝိုင်းအုံစောင်ခြင်း ကြောင့်လည်း ကုန်ခဲ့ရပါပြီ။

ကြောက်ရသူတို့ ခြိမ်းခြောက်တောင်းခြင်းကြောင့်လည်း ကျန်ခဲ့ရပါပြီ။

သည်နေ့

သူတို့ငါးဦးစားရန် ဆန် တစ်စလယ်မျှသာ ကျန်သောနေ့ ဖြစ်ပါသည်။ သို့နှင့် ထိုနေ့ ထိုတစ်လယ်သောဆန်တို့ ထမင်းအဖြစ်ချက်ကာ စားရန် ပြင်ဆင်လိုက်ကြပါသည်။ သည် ထမင်းကား သူတို့ငါးဦးအတွက် နောက်ဆုံး စားခွင့်ရထမင်းပင်။ ထိုစဉ် -

ပစ္စေကဗုဒ္ဓါအရှင် ကြွရောက်လာပြီး အလှူခံတော်မူရာ

သူဌေးကြီးသည် လှူ၏။ နောက် ဆုတောင်း၏။

ကျန်လေးဦး (သူဌေးကတော် သားနှင့် ချွေးမ ကျွန်) တို့လည်း လှူ၏။ နောက် ဆုအသီးသီးတောင်းကြ၏။ တူညီသော ဆုတောင်းမှာ -

'ဤကောင်းမှုကြောင့် ဖြစ်လေရာဘဝတို့၌ မရှိစကား မလှုစကား မဝစကား ဤသုံးပါး နားလှုလေသံ မကြားရသည်သာ ဖြစ်ရပါလို၏၊ ထိုစကားသုံးပါး မကြားရသော ဘဝမျိုးများ၌ပင်

အရှင်ဘုရားများ ကျင့်သလို ကျင့်၍

အရှင်ဘုရားများ သိသလို သိရပါလို၏ဘုရား။'

ထိုစဉ်

ပစ္စေကဗုဒ္ဓအရှင်မြတ်ကလည်း ပြည့်စေဖြင့်ပင် ဗျာဒိတ် တင်ပေးသွား၏။

မတူညီသော ဆုတောင်းများမှာ -

(၁) ဆန်မျိုးများကုန်သောအခါ ကောင်းကင်မော့ကြည့်ရုံနှင့် အလိုလိုပြည့်ရ

http://www.dhammadownload.com



ပါလို၏။ (သူဌေးကြီး)
(၂) စလယ်ချက်ထမင်းဖြင့် ပေးမကုန်၊ လှူမခမ်းဖြစ်ရပါ လို၏။ (သူဌေးကတော်)
(၃) အသပြာတစ်ထောင်အိတ်ဖြင့် ပြည့်တိုင်းပေး ပေးတိုင်း ပြည့်ရပါလို၏။ (သူဌေးသား)
(၄) မျိုးတစ်တောင်းဖြင့်ပင် ပြည့်တိုင်းတောင်း တောင်းတိုင်း ပြည့်ရပါလို၏။ (ချွေးမ)
(၅) နွားနှစ်တောင် ထမ်းပိုးကပ်ဖြင့်ပင် လယ်ညက်ယာညက်ရပါလို၏။ (ကျွန်)

ပစ္စေကအရှင်ကလည်း ပြည့်စေဖြင့်ပင် သိဒ္ဓိတင်ပေးခဲ့ပါသည်။

မကြာပါချေ

သူဌေးကြီး ထမင်းဆာလာ၏။ သူဌေးကတော်ကြီးအား ထမင်းမရှိသော်မှ အိုး ရေဆေးပြီး တိုက်ကျွေးစမ်းပါ့ ခိုင်း၏။ သူဌေးကတော်ကြီးကလည်း မရှိစကား မပြောကြားလိုသဖြင့် မရှိမှန်းသိလျက်က ထကြည့်ရာ ထမင်း အပြည့်နှင့်သာ -

(က)ပစ္စေ၏ သီလ မြေခံကလည်း ဒုတိယတန်းစားမြေ အဆီထွက်ကောင်း
(ခ) သူဌေးကြီးများ စေတနာကလည်း အဆီပြည့် အငတ်ခံ လှူသဖြင့် မျိုးစေ့တင်း
(ဂ) ဆွမ်းကလည်း တရားသဖြင့်ရထားသောဆွမ်း၊ လယ် လုပ်ကိရိယာက လည်း အတောင့်၊

ထိုမျိုး စေတနာနှင့် သီလအရှိန်ပြင်းသလောက် အဝေးအထိ ခရီးပေါက်စေမည်။ စေတနာ သီလ အရှိန်အေးသလောက် ပေးမကုန် လှူမခမ်းဖို့

http://www.dhammadownload.com



ရောက်စေမည်။

ထိုနေ့ ထမင်းအိုးဖြင့်ပင် တောင်းလာသမျှ လူအားလုံး ဝစေ ရစေခဲ့ပါသည်။ ကျည်များလည်း နဂိုအတိုင်း ပြည့်စေခဲ့ ပါသည်။ ဆုတောင်းတိုင်းလည်း ပြည့်စေခဲ့ပါပြီ။

ထိုမိသားစု ယခု ဘုရားရှင်လက်တော်မှာတွင်ကား အင်္ဂတိုင်း အိန္ဒိယမြို့မှာ

(၁) သူဌေးကြီးကား မေဏ္ဍက သူဌေးကြီး ဖြစ်လာစေပါသည်။

(၂) သူဌေးကတော်ကား ပဒုမဒေဝီဖြစ်လာစေပါသည်။

(၃) သူဌေးသားကား ဓနဥ္စယ(ဝိသာခါဖခင်) ဖြစ်လာစေပါသည်။

(၄) သူဌေးချွေးမကား သုမနဒေဝီ(ဝိသာခါမိခင်) ဖြစ်လာစေပါသည်။

(၅) ကျွန်ကား သူ့ဆုတောင်းအတိုင်း ဤမှာလည်း ကျွန်ပင်။

ထို ငါးဦးတို့နှင့် မြေးဝိသာခါပါ ဤသာသနာ၌ သောတာပန်ဖြစ်လာကြပါသည်။ ဆုတောင်းတိုင်းများလည်း အားလုံး ပြီးစီးပြည့်စုံကြတော့ရာ. .

မေဏ္ဍကသူဌေးကြီးလည်း ကောင်းကင်မော့ကြည့်ရုံနှင့် စပါးကျိုပြည့်၏။ အိမ်နောက်ဖေး အလိုလိုပေါ်ပေါက်လာသော ဆိတ်တို့၏ ပါးစပ်များမှလည်း လိုရာရာ သွားရောက် နှိုက်ယူတိုင်း ဘာမဆို လိုတရစေပါသေးသည်။

ခန္ဓပဒုမ၏ အစွမ်းကလည်း ဆန်တစ်စလယ်ချက်အိုးဖြင့် ပွဲတိုးကြပါသည်။

ဓနဥ္စယကလည်း အသပြာတစ်ထောင်အိတ်ဖြင့် အများစိတ်တိုင်းကျ ပေးဝေနိုင်ပါသည်။

သုမနကလည်း မျိုးတစ်ကောင်းဖြင့် တောင်းတိုင်း ပေးပြခဲ့ပါသည်။

ကျွန်ပုဏ္ဏားကလည်း နွားထမ်းပိုးတင်ဖြင့် ထွန်သားရာ ထင်ပြခဲ့ပါသည်။

http://www.dhammadownload.com



သူတို့မိသားစု အဘယ်မှာလျှင် ဘော်လို ယက်ရှာဖို့ လိုပါတော့သနည်း။

သူတို့မိသားစု အဘယ်မှာလျှင် ဖုတ်ပူမီးတိုက် သူတကာ ပိုက်ဆံအိတ် လိုက်နှိုက်ဖို့ လိုပါတော့သနည်း။

ယနေ့လို အလှူခံပုဂ္ဂိုလ်ကောင်းများ ရှိနေသောချိန်

ဒါတွေကို သည်လို သိထားဖို့ လိုပါမည်။

ဤသည်တို့မှာ ယနေ့၏ ရှေ့ရှေ့ နက်ဖြန်များစွာတို့၏ ရှာမတွေ့နိုင်တော့သော အခွင့်ရေးများ ဖြစ်နေကြပါသည်။

ယနေ့ ထိုအကြောင်း ကောင်းကောင်းသိသူများ

အခုရော နောင်ပါ မျိုးရိုက္ခာ မျိုးသန့်သန့်ချည်း ကျန်ခဲ့စေရန်

ဆင်ခြင်ဉာဏ် အဆံဝင်ပေးထားသောအလှူ ဖြူစင်မျိုးဖြင့် ပွဲတိုးနေကြပါ၏။

တိုးသလောက် ပွားစေသော ဤမျိုးပွားများသည်. .

(က)ယခုဘဝလည်း မိမိလည်းအေး အများလည်းအေး လဖွေးဖွေးသို့ ငင်ပေးနေပါမည်။

(ခ) ဘဝနောင်ခါလည်း မိမိလည်းချမ်း အများလည်းချမ်း ညသိပ်ရေချမ်းသို့ ဖျန်းပေးနေပါမည်။

(ဂ) သာသနာပဉ္စလည်း မိမိလည်းကောင်း အများလည်းကောင်း ရာသီဆောင်းသို့ လမ်းကြောင်းပေးနေပါမည်။

ထိုစဉ် မဟာသုတသောမမင်းသည်

မိမိနှင့် ပေါရိသာဒမင်းတို့အကြား သူမြင်တွေ့လိုသော တောင့်တခြင်းဆုများဖြင့် မေတ္တာအာသီသစကား ပြောကြားခဲ့ပါသည်ပမာ

အကောင်းမျှော်ကိုး အဆိုကြား တိုးမိမှားနေကြသူများသို့. . ကောင်းမှု

http://www.dhammadownload.com



ပြုပြီးတိုင်း

ကောင်းမှုဖြင့်ပင် ကောင်းကြောင်းအလုပ် ကံရိက္ခာထုပ် မြှုပ်နိုင်နေများ ကလည်း

(က)မကောင်းမှု ပြုကျင့်မိကြရာမှ ကိုယ်ကျင့်ပျက်ပြား လူစိတ်ပျောက်ကွယ် ခြားနေသူများအား ပညာဖြင့် အတွင်းသိ,သိနိုင် မြင်နိုင်ကြပါစေဟု ဆုတောင်း ပြုပေးကြပါ။

(ခ) ဆုတ်ခေတ်ကာလ တွေ့ရမြဲဖြစ်သော အဓမ္မကာမ၊ အဓမ္မဝါဒ၊ မတရားမှု များ မှာလည်း မိမိတို့ကိုယ်တိုင် လွတ်လွတ်ကင်းကင်း ရှောင်ကွင်း နိုင်ကြပါစေဟုလည်း ဆုတောင်း ပြုပေးကြပါ။

(ဂ) ဤကောင်းမှုကိုလည်း ပြုနိုင်ခဲ့ကြသည်ကို အာရုံပြု၍ ဝမ်းသာလှိုက်လှဲ သာဓု သာဓု ခွဲယူကြရန်အတွက်လည်း အမျှ အမျှ ဝေငှပေးကြပါ။

ဤကား မျိုးသန့်ထား ခွဲဝေပေးခြင်းများ။

❖❖❖

http://www.dhammadownload.com

http://www.dhammadownload.com

## မျိုးမကောင်း ရောင်း- မဝယ်

ထမင်းပြင် မစင်ဖြစ်သွားခြင်းသည် မျိုးညံ့ပုံမြင်ကွင်း

လူတို့သည် ကောင်းစားရန် ဒါနဖြင့် ကံပြင်ကြ၏။ သို့သော် ဆင်းရဲမြဲ။

လူတို့သည် ချမ်းသာရန် သီလဖြင့် ကံပြင်နေကြ၏။ သို့သော် ဆင်းရဲမြဲ။

ကံမကောင်း၍ မဟုတ်ပါ။

ကံလုပ်ကိုင်ပုံ မကောင်း၍သာ

ထိုစဉ်

(က)ကိုယ်ပိုင်စေတနာမှန် အခံမထားတတ်သော မိရိုးဖလာ ကံပြင်များ

(ခ) သူတစ်ပါး အားကျ ကောင်းမလာ၊ အမျှော်ပြုဖြင့် ပြုကြသောကံပြင်များ

(ဂ) အချင်းချင်းပြိုင် အနိုင်မခံ အရှုံးမပေးဖြင့် ပြုကြသော ကံပြင်များ

(ဃ)ငါ- ဝတ္ထု ပုဂ္ဂိုလ်တို့အပေါ် အခင်ဝင်ဖြင့် ပြုစီရင်သော ကံပြင်များ

ထိုအားလုံး အပူမလွတ်ကြပါ။

ထိုအားလုံး အကောင်းမသန့်ကြပါ။

ထိုအားလုံး အနှံ့အဆံ မဝင်ကြပါ။

ကံပြုစေတနာတွင် ဉာဏ်အဆင်ခြင် ဖြစ်ပျက်မြင် ဝင်မထားခြင်း

http://www.dhammadownload.com



ကြောင့်ပင်။ ထိုစဉ်

စကတည်းက-

ငါသည် ဘယ်သူ ဘယ်သူကို ဘယ်လို ဘယ်လို ချေချခံမည်။

ငါ-ဝတ္ထု-ပုဂ္ဂိုလ်တို့၏ ဗိဒ္ဓိ-တဏှာတို့က ပတ်ဖွဲ့ထား လိုက်ပြီ။

မလျှုခင် ရှေ့က အကုသိုလ်ဝင်ခြင်းတည်း။

ထို့နောက် အလှူပွဲ ကန္တား ပွဲသွင်းနေပြီ။ ထိုစဉ်

မိမိ စီမံထားသည်များ ကြည့်၍လည်း တဏှာဖြစ်ပီတိ အရည်လှည့်နေပါသည်။

ကြွရောက်လာသော ချေပရိသတ်များကြည့်၍လည်း အရည်လှည့်နေပါသည်။

စေတနာအခံ အလှူတို့နှင့် အလှူခံ ကွက်တိဖြစ်နေသော်-

- သာယာစိတ် တဏှာလည်း လမ်းသာသာသလောက် စီးဝင်လာကြတော့မည်။

- ယင်းအကြောင်းပြု၍ တပ်မက်စိတ်ဝင် တဏှာလည်း စီးဝင်လာတော့မည်။

သည်အလှူမျိုးတော့ ဘယ်လောက်ကုန်ကုန် စသည်ဖြင့်

ယင်းအကြောင်းပြု၍ ငါ့အလှူ စသည် ဗိဒ္ဓိလည်း လိုက်ပါလာတော့မည်။ ထို့နောက်

ပွဲပြီးအထိ လုံလောက် မလုံလောက် ဖိတ်ကြားထားသည်များ လူစုံရောက် မရောက် စသည် ဝိစိကိစ္ဆာ မောဟလည်း အနှံ့ခံ လိုက်ပါလိုတော့မည်။ သို့ကြောင့်

ဟိုမျှော် သည်ကြည့် အတွင်းလှည့် အပြင်ထွက်ဖြင့် ပူသောစိတ်များလည်း

http://www.dhammadownload.com



ငယ်ထိပ်မှနေ ဖောက်ထွက်သွားကြတော့သည်။

အကယ်တိတိ မျှော်သလိုမဖြစ် တစ်ခုခု ထစ်ငေါ့သွားပါသော်-

- ပါးစပ်ဒေါင်းတောက် စိတ်ဒေါင်းတောက် စိတ်ကောင်း အားလုံး မှောက်သွားပြီ။

- သူ့ မသဒ္ဓါ ကိုယ့်မသာ ဗျာပါမိစ္ဆာ ပွားတော့သည်။

စတုန်းက ကုသိုလ်ဖြင့် အကြောင်းခံ-

ပွဲသိမ်းပွဲပြကျ အကုသိုလ်အရံ ဝင်လာခြင်းတည်း။

လှူပြီးနောက် အကုသိုလ် ထောက်ခံလိုက်ခြင်းတည်း။

ဤကုသိုလ်က အကျိုးပေးများလည်း ဤနှင့် ချွတ်စွပ် တစ်ထပ်တည်းကျသာ။

ယင်းကို အဘိဓမ္မာက ကုသိုလ်ယုတ် သမုတ်၏။ အန်မကျလျှင်ကား အကုသိုလ်အတွင်း ထိုးသွင်းခံရပြီ။ အမျှဝေလည်း အခြေကား မဟန်ပြီ။ ဖိုးကိုက်ခံထားရ၍ အထွက်မတိုး။

အကျိုးပေးကား အကုသိုလ်ကျိုး ဖြစ်နေခြင်းကြောင့်။ ထိုစဉ်

ထိုကုသိုလ်က လူအဖြစ်အကျိုးထားပေးသောအခါ-

(၁) ကိုယ့်ကိုယ်ကိုယ် ခင်မင်မှုအားကြီးခြင်း (ဘာမဆို ကိုယ့် ကိုယ်ကိုယ် ညာတတ်၏)

(၂) သူတစ်ပါးအပေါ် ခင်မင်မှုအားကြီးခြင်း (ဘာမဆို အလိုလိုက်ပေါင်းနေရ၏)

(၃) အာရုံများအပေါ် ခင်မင်မှုအားကြီးခြင်း (ဘာမဆို အားမရ မတင်းတိမ်)

လှူစဉ်က ဒိဋ္ဌိ တဏှာပိုး တိုးဝင်လာသည်ကို လှေမထုတ်မိခဲ့၍ ဤသုံးခင်း အရင်းတည်၍ လိုက်သောအခါ

http://www.dhammadownload.com



ကိုယ့်အလို သူမဖျှခဲ့လျှင် အလိုမကျသည်အဖြစ် မုန်းပြီး ပြစ်မှားခြင်းများ ဝင်လာဦးမည်။

အကြိုက်တူချင်းဆုံ သဝန်ကြောင်စိတ်များကလည်း ဟုန်တက်လာဦးမည်။

ကိုယ့်အကြိုက်က သူ့နောက်လိုက်သွားခဲ့သော် မနာလိုစိတ်များ တဖွားဖွားပွားလာဦးတော့မည်။

သည်မျှ မကသေး။

ကိုယ့်အလို သူကအပေး ကြားဝင်လာသူက တားနေသေးလျှင် ဘာဖြစ်ဖြစ်ဖြင့် ညစ်တော့သည်။

သူနှင့်ကိုယ် အလိုဖက် မရှက်ခြင်းများကလည်း ဆက်လိုက်လာတော့သည်။

သူနှင့်ကိုယ် ဘဝဆောက် ဘာဆိုဘာမှ မကြောက်က ရောက်လာတော့သည်။

ထိုလူသား နောက်ကြောင်းပါကံများလည်း ခမ်းခြောက်သွား၊ ဝန်းကျင်ဆက်ဆံမိသမျှများကလည်း လက်ရှောင်ထား ခံရတော့ရာ ကြက်လို ယက်ရှာရုံမျှတစ်ပါး သူ့အတူ အခြားမရှိတော့ပါ။ ထမင်းပြင် မစင်ထွက်လာခြင်းတည်း. . ။

ဤကုသိုလ်မျိုး အလှူခံကောင်းရှိနေချိန် မကြိုးစားသင့်ကြပါ။

ယနေ့ ဘုရားအဆုံးအမ မနာယူသည့်အပြင် ဖျက်ဆီးပစ်ရန်ပင် ဟန်ပြင်နေကြသော သာသနာပဂိုဏ်းသားတို့၏ ကောင်းမှုနှင့် ခြားနားသင့်ကြပါသည်။

(က)ယင်းတို့သည် ဖြစ်ပျက်ဉာဏ် မဝင်စားတတ်ကြပါ။

http://www.dhammadownload.com



စကတည်းက အတ္တအခြေခံထား၊ ခိုင်သည် မြဲသည် အစွဲထားမိကြ
သောကြောင့်ပါ။

(ခ) တစ်ဖက်သီလ မိမိစေတနာကို အာရုံမယူတတ်ကြပါ။
ငါ-ဝတ္ထု-ပုဂ္ဂိုလ်တို့ရှိ အမြင်ပေါ်လောက်ကိုသာ ကြည့်တတ် မြင်တတ်ကြ
သောကြောင့်ပါ။

(ဂ) ဘဲပေးခဲ့မိရာမှ အလိုလို ဘေးရလာသည်ကို သူပေးသည်မထင်ကြပါ။
သီလ၏ ဂုဏ်သတ္တိ ထိထိမိမိ အသိမရှိသောကြောင့်ပါ။

သို့ကြောင့်-

ယင်းတို့၏ အယူအဆသည် လုပ်နိုင်မှ ထမင်းဝသည် ဟူ၍ပင်။ သည့်
အပြင်

လိမ်နိုင်လျှင် သမာဓိ၊ ညာနိုင်လျှင် ပညာရှိဆိုသောဝါဒလည်း ထွန်းကား
နေပါသည်။

ကြောက်လျှင်လွဲ ရဲမင်းဖြစ်ကလည်း တာစားနေပါသည်။ သို့ကြောင့်
ထိုသူတို့နေရာသည် မနေသင့်သောအရပ်ဖြစ်ပါသည်။

ဗုဒ္ဓရောက်လို့မှ ကူသူမရှိ မသာပေါ်လို့မှ ပြုသူမရှိ မေတ္တာမရှိ ကရုဏာ
နတ္ထိ။

မျိုးမကောင်း ရောင်းလည်း မဝယ်သင့်။

မျိုးမကောင်း ပေါင်းလည်း မတောင်းသင့်။

ယင်းသည် ယခုလည်း ကောင်းစားသော်မှ မချမ်းသာ နောင်လည်း
အပါယ်တံခါး မပိတ်သော မျိုးညံ့သာ။

ဤအလှူမျိုးနှင့် ပတ်သက်၍ မလ္လိကာ (ကောသလမင်း၏ မိဖုရား)၏
အတိတ်က ပြုမိမှားခဲ့သော ဓမ္မဒိဋ္ဌ အကြောင်းဖြင့် သက်သေတင်ပါအံ့။

http://www.dhammadownload.com



မလ္လိကာသည် တစ်ချိန်က ဓမ္မဒိန္နာဆိုသော မိဖုရားဖြစ်ခဲ့ဖူးပါသည်။

ဓမ္မဒိန္နာသည်လည်း တစ်ချိန်က မထင်ရှားသော အိမ်ရှင်မတစ်ဦး ဖြစ်ခဲ့ဖူးပါသည်။

ထိုစဉ်က

မထင်ရှားသော ထိုမိန်းခလေးသည် အိမ်သို့ အလည်လာကြသော လင်၏ မိတ်ဆွေများအတွက် ဖွယ်ရာသော အမဲဟင်းလျာချက်ရန် စီမံပါသည်။

ပထမ အစေခံအား သွားရောက်ဝယ်ခြမ်းပေးရန် စီမံ၏။ မရခဲ့ပါ။ သို့ကြောင့် အိမ်နောက်ဖေးရှိ ချည်ထားသော ဆိတ်မ (သိုး)ကို လည်လှီးသတ်ဖြတ်၍ အမဲဟင်းလျာဖြင့် မိတ်ဖြစ်ကြောင်း ကောင်းမှုပြုခဲ့ဖူးပါသည်။

ဤ မျိုးမသန့်ကောင်းမှုကြောင့်

အစဉ် မဟာရောရုဝငရဲသို့ ကျရောက်ခံစံခဲ့ရပါသည်။ ထိုမှအပြန် ကံကြွင်းမကုန်သေးသောကြောင့် အဆက်ခံသွားရသော်

ဆိတ်မွေးနှင့်အမျှ ဘဝများစွာ လည်လှီးချည်းခံခဲ့ရဖူးပါသည်။

နောက်ဆုံး ဥဂ္ဂသေန ဧည့်သည်များအား ပြုစုကျွေးမွေး ခဲ့ရဖူးသော ထိုကောင်းမှုကြောင့်ပင် ဇမ္ဗူဒိပ်ကျွန်းဝယ် ဥဂ္ဂသေနဆိုသောမင်း၏ မိဖုရား ဓမ္မဒိန္နာဖြစ်လာခဲ့ပါသည်။

ကုသိုလ်၏ ကောင်းကျိုးကား တစ်ဘဝ။

အကုသိုလ်ကောင်းကျိုးကျ ဘယ်လောက် ဘယ်လောက် ရေတွက်မရ။

ရှေ့နောက် အကုသိုလ်ခြံရံသော ကောင်းမှု၏ အကျိုးပေးဇများတည်း။

သို့ကြောင့်

ထိုကုသိုလ်မျိုး မျိုးညံ့မျိုးဖြစ်နေခြင်းကြောင့် အမျှဝေလည်း ကောင်းကျိုးပြကား ရစေလိမ့်မည်မဟုတ်ပါ။ အထွက်လည်း မတိုးစေပါ။

## နတ်တလုစာစဉ်

http://www.dhammadownload.com



သည့်အတူ

သာသနာ့ပကာလက အသက် ၁၂၀ လုံးလုံး ၁၂ ယူဇနာ အထိ ဖို့ခွင်ချင်းဆက် ထမင်းဟင်းဖိုးများဖြင့် ချက်ပြုတ်လှူဒါန်းခဲ့ဖူးသော ကုန်သည်ကြီး အကဲ့ရ၏ ပုံပြဝတ္ထုကလည်း အလှူခံပုဂ္ဂိုလ်ကောင်း မရသောကြောင့် အကျိုးပွား အထွက်တိုး စားမျိုးမဖြစ်ခဲ့ပုံများ ဖယားပြနေ ပါသည်။

သူတကာ ဝေငှဖို့နေနေသာသာ မိမိပင် မသေချာသည်များ အထင်အရှားပါ။

သို့ကြောင့်

ယနေ့ ဗုဒ္ဓဝါဒီ အမည်ခံ မြန်မာတို့၏ မြန်မာများ

(က) အလှူခံပုဂ္ဂိုလ်ကောင်း ကောင်းပေးချိန်ဖြစ်နေတုန်း

(ခ) ဝတ္ထုပစ္စည်းကောင်း ကောင်းရောင်းကောင်းဝယ် လုပ်သာတုန်း

(ဂ) စေတနာအဆောင်ကောင်း လမ်းကြောင်းလမ်းမှန် မှန်ချိန်အဖြစ် ထားနိုင်တုန်း

- ဤ တုန်းသုံးလုံး ထိပ်ချင်းတော့ ကောင်းမျိုးစေ့များ စုဆောင်းထားကြပါ။
- မျိုးကောင်းအထွက်တိုး ယူလိုသူမှုထား မျိုးပွားများ ပေးကြပါ။
- နွေစာမျိုးထား ချန်ထားနိုင်ရန် မိုးတွင်းကနေ ကြိုးစား ကြပါ။

❖❖❖

http://www.dhammadownload.com

http://www.dhammadownload.com

## လူနှင့်တူသော လူဖြစ်ဖို့တော့ လိုလိမ့်မည် ထင်ပါသည်

နရာဘာဝေ နရံစိတ္တံ ဟိ ပေါသေနန္တု ကမ္မကာထာ

လူတိုင်း လူမဖြစ်ကြပါ။

လူစိတ်ရှိသူလောက်သာ လူဖြစ်ကြပါသည်။

လူစိတ်ဆိုသည်မှာ မိမိ ကြံ-ပြော-ပြု ထိုသုံးခု တစ်ခုခု ပြုကျင့်တိုင်း

ဤကား အကျိုးရှိအလုပ်၊ ဤကား အကျိုးမဲ့အလုပ် သရုပ်ကွဲလျက်ကသာ

ဤကား အပြစ်ကင်းအလုပ်၊ ဤကား အပြစ်မဲ့အလုပ် သရုပ်ထုတ် ကြည့်ပြီးသားသာ

ထို့နောက်

ငါသည် လူဖြစ်တုန်းလေး လူစိတ်မွေးသောအားဖြင့်

ကြံလျှင်လည်း အပြစ်မဲ့ အကျိုးရှိကိုသာ ရွေးဆည် ကြံစည်မည်

ပြောလျှင်လည်း အပြစ်မဲ့အကျိုးရှိကိုသာ ရွေးဆည် ပြောကြားမည်

ပြုလုပ်လျှင်လည်း အပြစ်မဲ့ အကျိုးရှိကိုသာ ရွေးဆည် ပြုလုပ်မည်

ဤသို့လည်း ယတိပြတ် မှုအမှတ်လိုက်ပါသည်။ ဆိုလို သည်မှာ

(က)စီးပွားဥစ္စာများနှင့် အင်္ဂါခြေလက်များ. .

နတ်တလူစာစဥ်

http://www.dhammadownload.com



ထိုနှစ်စား အပြိုင်အန္တရာယ်ကျရောက်သွားက စီးပွား ဥစ္စာကိုသာ စွန့်လွှတ်အံ့။

အင်္ဂါခြေလက်များကိုကား အဖြစ်မခံ။ ဘာကြောင့်

အင်္ဂါခြေလက်စုံ ဒါမျိုး ပုံတိုက်ရှာဖွေပေးနိုင်သောကြောင့်။

(ခ) တဖန် -

ထိုအင်္ဂါ ခြေလက်တို့နှင့်အသက်

ဤနှစ်ချက် အပြိုင်အန္တရာယ်ဖက်လာသော် အင်္ဂါခြေ လက်ကိုသာ စွန့်လွှတ်အံ့။ အသက်ကိုကား အန္တရာယ်အဖြစ်မခံ. .

လူသက်ရှိ၍ လူစိတ်ဝင် ဘဝရှင် ဖြစ်နေသေးသောကြောင့်။

(ဂ) နောက်တဖန် -

အသက်နှင့် လူကျင့် နှစ်ချက်ဆင့် အန္တရာယ်ဝင်နေပါသော် အသက်ကိုသာ စွန့်ပါတော့အံ့။ လူ့အကျင့် လူ့သီလကိုကား မစွန့်တော့ပါ။

ဘာကြောင့်

သီလပျက် လူ့သက် မလိုတော့သောကြောင့်. . ။

သီလပျက် အကြွေး အတိုးဖြင့် ပေးချေနေရတော့မည် ဖြစ်ခြင်းကြောင့်

ဤမူဝါဒမျိုး လူ့သွားလမ်းရိုးအဖြစ် ရွေးပြေးတံတား ထိုးခြင်းပင်။

အန္တရာယ်မတွေ့ခင် ကိုယ်ကျင့်ကောင်း တွေ့စောင်း သွားပုံမျိုး မဖြစ်စေရပါ။

အခွင့်ရေးမရခင် ကိုယ်ကျင့်ကောင်းရ ပြောင်းသွားပုံမျိုး မဟုတ်စေရပါ။

ထိုသို့ဖြစ်ရန်မှာ ကိုယ်ပိုင်ယုံကြည်ချက် ပန္နက်ရိုက်ထားပြီး ရှိမှသာ။

❖❖❖

http://www.dhammadownload.com

## လူ့စိတ် မွေးမြူနည်းများ

လူ့စိတ်သည် တိရစ္ဆာန်သုံး မသိကြိုက် မုန်းလုံးလုံးမရှိ ရပါ။

လူ့စိတ်သက်သက်ကား

ကိုယ့်အောက်နိမ့်နေ ကရုဏာ

ကိုယ့်ထက်မြင့်နေ မုဒိတာ

တန်းတူဖြစ်နေ မေတ္တာ

စိတ်အေး-ထပ်နေ ဥပေက္ခာ

အမြတ်ရ နေထိုင်နည်းဖြစ်သော ထိုလေးမျိုးမှသာ။

ထိုသို့ဖြစ်ရန်မှာ

(က)လူနှင့် တိရစ္ဆာန်တို့၏ ဉာဉ်အကြား သီလဖြင့် စည်းကာ ထားရပါသည်။

- တိရစ္ဆာန်ကား ကိုယ့်ဖို့သာသိ ကိုယ်တွက်ဖြည့်စမြဲ။
- လူမှန်လျှင် နှစ်ဖို့ညီ နှစ်ဖက်စလုံးအတွက် သိစမြဲ။

တဖန်

(ခ) လူနှင့်တိရစ္ဆာန်တို့ စရိုက်ကြား ဒါနစည်းဖြင့် ကာခြား ထားရပါသည်

- တိရစ္ဆာန်ကား ကိုယ့်ဖို့လောက်သာ လုပ်စမြဲ။

နတ်တလုစာစဉ်

http://www.dhammadownload.com



- လူမှန်လျှင် တစ်ကိုယ်ကောင်းမထား။

ထိုသို့ဖြစ်လာရန်မှာ. .

ကိုယ်ချင်းစာ မေတ္တာထား အားကောင်းမှသာ ဖြစ်ပါမည်။

ယင်း ကိုယ်ချင်းစာမေတ္တာထား အားကောင်းရန်ကား စိတ်နှင့် တစ်ဖက် အာရုံအတွေ့ မတွေးသာ၊ အာရုံနောက် လိုက်မပြေးသာရန် သရဏဂုံဖြင့် မံပေးထားမှသာ။

ယင်း မံထားသော သရဏဂုံ မပြတ်မလပ် ထုံကူးနေရန်ကိုကား နွားကျောင်းသားကို ဒုတ်ကဲ့သို့သော အပ္ပမာဒ သတိမျိုး ကြီးစိုးနေမှသာ

- ထိုသတိ ဒါနပွဲဝင်မိလည်း ရှိနေရပါသည်သာ
- ထိုသတိ သီလပွဲဝင်မိလည်း ရှိနေရသည်သာ
- ထိုသတိ ပြင်ပကိစ္စ ကြံပြောပြုမိလည်း ရှိနေရသည်သာ
- ထိုသတိ အလုပ်ကင်းစဲ အများနှင့်နေလျှင်လဲ စိတ်နှင့်တွဲပေးထားရသည်သာ
- ထိုသတိ အလုပ်ကင်းစဲ တစ်ယောက်ထဲမှာလဲ စိတ်နှင့်တွဲနေစေရသည်သာ

ကုန်ကုန်ပြောရလျှင် အိပ်သော်မှ သတိလက်မချ အိပ်စက်ရပါမည်။

တိရစ္ဆာန်မျိုးစုံက အမှတ်မဲ့ဖြစ်ခဲ့သောစိတ် လူဖြစ်မှ သတိနှင့် တွဲသိပ်ပေးနေရခြင်းတည်း။

ဤသို့သာ အမှတ်မှ အမှတ်မပြတ်အောင် မှတ်ပေးနေ နိုင်ပါသော် တိရစ္ဆာန်သုံး

၁။ ငါလိုချင်သည်

၂။ ငါပစ္စည်းဖြစ်အောင် ကြိုးစားမည်

http://www.dhammadownload.com



၃။ ငါ ပိုင်သိမ်းပိုက်ထားလိုက်မည်
ထို တဏှာ မာန ဒိဋ္ဌိများ လူ့စိတ်အနီးအပါးသို့ သီမလာနိုင်ပါ။
တဖန် ဤ တိရစ္ဆာန်စိတ်များမှ ပွားထွက်လာကြသော
၁။ ဒင်းတော့ ငါ့ဘယ်တော့မှ မကျေချမ်း
၂။ ဒင်း ငါ့အဆင့်မျိုး တိုးခွင့်မပေး
၃။ ဒင်း တစ်နေ့နေ့ ငါ့အောက် ခွေးကျ ကျရမည်
၄။ ဒင်းထံ အပြန်အလှန်မထားမိခဲ့သည်မှာ ငါ့အမှား
ထို့ ဒေါသအုပ်စုများလည်း ပြုမတိုးရဲကြတော့ပါ။ တဖန်လည်း
ဤ ချစ်မုန်းစုမှ လုတက်လာကြသော
အကြိုက်တွေ့ ဘာဖြစ်ဖြစ်၊ နောင်အရေး နောင်အတိုင်း ဖြစ်လိမ့်မည်။
အမုန်းတွေ့လည်း ဘာဖြစ်ဖြစ် နောင်ကိစ္စ နောင်မှ ကြည့်ရှောင်မည်။
ထို မျက်နှာဖုံး နှစ်ဖုံးလည်း ကုန်းဝင်မလာရဲပါ။
ဤနှစ်ဖုံးကမှ ကုန်းဝင်မလာသော်
ရှက်ရကောင်းမှန်းလည်းမသိ၊ ကြောက်ရကောင်းမှန်းလည်းမသိ။
ထို မသိနှစ်ပါးလည်း မလားသာပါ။ သည့်အတူ
ပူပုံ့ ငေးပုံ့ စိတ်လန့်သမျှ စိတ်ကူးသိမ်းများ ပြန့်ခြင်းများလည်း မလာသာပါ။

သည့်အတူ

လက်ရှိအာရုံ အကုန်မမိ၊ ခုန်လိုက် ရပ်လိုက် အသိမျိုး လည်း တိုးဝင်မလာသာပါ။

သတိကလည်း ပေးနေသော လူ့သွေးစစ်စစ်ဖြစ်ရေးများတည်း။
ဤအရိုင်းစိတ်များ မဝင်သာချိန် -

နတ်တလုစာစဉ်

http://www.dhammadownload.com



ဘဝင်အေးသဖြင့် နှလုံးသွေးပါ အေးလာချိန်-

ထိုအချိန်များတွင် ဤတရား မြင်လာစေပါသည်။

- ငါကြိုက်တာနှင့် သူသိမ်းပိုက်သည်၊ မတရား
- ငါမုန်းတာနှင့် သူတိုက်ခိုက်သည်၊ မတရား
- ငါမသိတာနှင့် သူသွား သိမ်းပိုက်တိုက်ခိုက်သည်၊ မတရား

ဤလူ့အသိတရားများ လူသွေးထဲမှပင် ပေါက်ဖွားလာပါသည်။

ထိုလူသွေးများ အတိတ်ကောင်းမှု ပြုကတည်းကပါပြီး သားပင်။

ထို့နောက် ဆက်လက်ဆင်ခြင်မိလာ၏။

- ငါ့ သည်လိုလုပ် ငါကြိုက်မလား၊ မကြိုက်၊ ငါမှ မကြိုက် သူမကြိုက်ပေဘူးပေါ့
- ငါ့ သည်ပြော၊ ငါ ခံနိုင်မလား၊ မခံနိုင်ပါ၊ ငါမှ မခံနိုင် သူလဲ မခံနိုင်ပေဘူးပေါ့
- ငါ့ သည်ကြံ ငါ သည်းခံနိုင်မလား၊ သည်းမခံနိုင်ပါ၊ ငါမှ သည်းမခံ သူလဲ သည်းမခံပေဘူးပေါ့

ထိုအခါ သူ့မှာ မကျေနပ်စိတ် ဖြစ်လာပါမည်။

ထို မကျေနပ်စိတ်သည် ငါ့ထံ ပြန်လည်တောင်းခံရန် အကြွေးတေးထားခြင်းပဲ။

သည်လိုဆို သူ့အကြွေးတေး ကိုယ့်မှာ ရန်မအေးနိုင်တော့ရာ

ဤ ငါ၏အပြုအမူများကား အပြစ်ရှိများချည်းသာ။

တဖန်လည်း

သူ့ထံမှ သိမ်းပိုက် တိုက်ခိုက်၍ ရယူထားသော ပစ္စည်းများကလည်း

သုံးတိုင်းကုန် ကုန်တိုင်းပျက်ဘာမှ အဖတ်မတင်ရစ်ခဲ့ပါကလား. .

နတ်တလုစာစဉ်

http://www.dhammadownload.com



သူပိုင် ငါပိုင်လုပ်၍ ထုတ်ယူသုံးစား ခံစားခွင့်ရများကလည်း
စားရင်းကုန် ကုန်ရင်းသွား ငါစား ဘာမှမကျန်ရစ်ခဲ့ပါကလား. . ။
သို့ကြောင့်
ဤ ငါ၏ ခံစားခြင်းများကလည်း အကျိုးမဲ့မှုသာတည်း။
ဤသို့ သွေးအေး သွေးမှန်ကြောင့် လူစိတ်များ ကိုယ့်ဆီ ပြန်လာချိန်မှာ
တိရစ္ဆာန်ညာဉ်စရိုက်ဆိုးများ သတိစည်းရိုး ချိုးမဝင်ရဲတော့ရာ
အကြိုက်က သွေးထိုးလည်း လူစိတ်မညှိုး ပိုးစိုးပက်စက်အထိ ရှေ့မတိုး။
အမုန်းက သွေးထိုးလည်း လူစိတ်မညှိုး ပိုးစိုးပက်စက် အဖြစ်မဆိုး။
ထိုအခါ ထိုလူစိတ်

သူ့ကိုယ်နှင့် ကိုယ့်ကိုယ် တစ်ကိုယ်ချင်းစာနာထောက် ထားခြင်း ကိုယ်ချင်းစာတရား (ကောင်းမှုပြုတုန်းကအတိုင်း) ပေါက်ဖွားလာတော့သည်။

ထို့နောက် သူ့ဘဝနှင့်ကိုယ့်ဘဝ ကောင်းမှုပြုခဲ့တုန်းက အတိုင်း တန်းတူအဖြစ် မှုတထားလိုက်သည်-

ကိုယ်ချင်းစာမဝင် မေတ္တာမယှဉ်နိုင်သည်ကို စိတ်ကူးဖြင့်ပင် တွေးကြည့်ပါ။

လူစိတ်မဝင် ကိုယ်ချင်းစာ မယှဉ်လာသည်ကိုလည်း စိတ်ကူးဖြင့်ပင် တွေးကြည့်ပါ။

ဤစိတ်မျိုး မြန်မာတို့၏ မြန်မာ၌ မရှားသေးပါ။ ထိုစဉ်
- ဖြူစင်ပြီးသော အရှင်များ၌ အတိုင်းသား တွေ့နိုင်ကြပါသေးသည်။
- ဖြူစင်နေသော အရှင်များ၌လည်း အတိုင်းသားရှိနေ ကြပါသေးသည်။
- ဖြူစင်နေသော လူများ၌လည်း အတိုင်းသားပင် မြင်နေ ရပါသေးသည်။

မြန်မာသည် လူစိတ်ဖြင့်နေသော မြန်မာတည်း။

http://www.dhammadownload.com



သွေးအေးနှင့်သွေးပူ လူနှင့်တိရစ္ဆာန်တို့ မူကွဲရာ၏ အကြောင်းရင်း. .

စိတ်ဖြူနှင့်စိတ်ပူ လူနှင့်တိရစ္ဆာန်သွေး မွေးမြူရာ၏ အကြောင်းရင်း. .

ထိုသွေးပူနှင့် စိတ်ပူမှ စိတ်ဖြူ သွေးအေးဖြစ်လာလိုသော် အမှတ်မဲ့ထား သော စိတ်သတိဖြင့် တွဲချိတ်၍ ပင်ကိုယ်စိတ်ဖြစ်လာသည်အထိ ထိန်းကျောင်း ပေးပါလေ။

❖❖❖

http://www.dhammadownload.com

ထီးရိပ်မပျောက် ထီးအောက်မခို လူ့ပင်ကိုယ်

လူနှင့်တူသော လူသည်-

ဖြူစင်သောစိတ်နှင့် အေးမြသော သွေးပိုင်ရှင်များပင်။

ထိုလူသားများ. .

မည်သည့်အာရုံနှင့် တိုးမိစေကာမူ အာရုံကိုသာ သူ့ဆိုင်ရာ တံခါးဖွင့်၍ လက်ခံတတ်ပြီး အာရုံနောက်က ကပ်ပါးပိုးဖြစ်သော ပညတ်နှင့် ကိလေသာများ အဝင်မခံပါ။ အာရုံ နောက်သို့လည်း မလိုက်တတ်ပါ။ သို့ကြောင့်

သုံးခွင့်ရ အာရုံကိုကား သုံး၏။ သို့သော် မစွဲ။

ကံအကျိုးပေးကိုသာ လက်ခံ၏။ ကံဖျက် ငါးနိုက် အလုပ် မလုပ်။

ကောင်းကံကိုသာ ရွေးဆည်း၏။ ဆိုးကံကိုသာ သိုမထားတတ်။

ယင်းတို့သည်

အိမ်ထောင်တွင်းဝင်သော်မှ ထောင်အိမ်တွင်းအထိ ခြေမလွန်. .။

ယင်းကိစ္စ

ဘုရားလက်ထက်တော်က သာဝတ္ထိပြည်သူပြည်သားများက သရုပ်ပြ

နတ်တလုစာစဥ်

http://www.dhammadownload.com



သွားကြပြီ။

ထိုစဉ်က သာဝတ္ထိ လူဦးရေ

ခုနစ်ကုဋေ (အချို့က တစ်ကုဋေဆိုသေး၏) ရှိသည် ဆို၏။

ထိုအထဲ. .

အရိယာဇာတ်ရောက်ပြီးသူကား. . ငါးကုဋေ။ (အချို့က ရှစ်သန်း) ဆို၏။

သရဏဂုံတည်နေသူကား တစ်ကုဋေ (အချို့ကတစ်သန်း)ဆို၏။

ဘာသာခြားများကား တစ်ကုဋေ (အချို့ကတစ်သန်း) ဆို၏။

သည်လောက် အရိယာထွန်းကားသည်မှာ ရဟန်းဝတ် လို့လား။ မဟုတ်ပါ။

သည်လောက် အရိယာ ထွန်းကားသည်မှာ ဥပုသ်ရက် ရှည်စောင့်လို့လား။ မဟုတ်ပါ။

သို့ဆိုသော် ဘာ့ကြောင့် သည်လိုပေါသနည်း. . မေးပါမူ ကိုယ်လုပ်တာ ကိုယ်ကြည့်ရာမှ ကိုယ့်အကြောင်းကိုယ် အသိရှိလာသောကြောင့်ပါ။

ထိုစဉ်

ထမင်းချက် ကုလားမကလည်း ဆန်ရွေး ရွေးသည်၊ ဆေး ဆေးသည်ဖြင့် ကိုယ့်အလုပ်တာ ကိုယ်ကြည့်၊ ကိုယ့်အကြောင်း ကိုယ်ကြည့်ရင်းက သိသိလာနေပါသည်။ သည့်အတူ

- ဇရွတ်သီးထောင်းသော ကုလားမကလည်း ကိုယ်လုပ်တာ ကိုယ်ကြည့် သိ သိ သိ
- ရေထမ်းကုလားကလည်း ကိုယ်လုပ်တာ ကိုယ်ပြန်ကြည့် သိ သိ သိ
- လယ်ထွန်ကုလားကလည်း ကိုယ်လုပ်တာ ကိုယ်ပြန် ကြည့် သိ သိ သိ

http://www.dhammadownload.com



အခြား အရောင်းအ၀ယ်ကုလား စသည်များကလည်း

ကိုယ်လုပ်တာ ကိုယ်ပြန်ကြည့် သိ သိ သိဖြင့်. . ကြည့် ရာအရှိ အသိပါစေကြပါသည်။

ထိုအကြည့်နှင့် အသိတွင် အောက်ခံ၀င်ရသည်က အလုပ်၀င်ရာ ရုပ်မြင်။ ယင်းမှာ လက်နှင့်ဆန်အိုး ကိုင်စဉ်က အလုပ်ဆိုက လက်နှင့်ဆန်အိုးတို့ ထိတွေ့ရုပ်

ထိုရုပ်နှစ်ခု ထိရာမှာ ရုတ်တရက် ပေါ်ပေါက်လာသည်က အသိ။

ယင်း သူချင်းထိရုပ်နှင့် နိုးထသိ. . တို့တွင်

တစ်ဖက်နှင့်တစ်ဖက် သူချင်းထိ ရုပ်၊ သို့မဟုတ် မိမိ လက်၌လည်း အသိမရှိ။

သူချင်း ထိစဉ်က ထ,သိလိုက်သော အသိ၌လည်း အထိ မပါခဲ့။

အမှုပေါ်ပေါက်လာပြီ။ ယင်းကား

ထိလို့ သိတာလား၊ သိလို့ ထိလာတာလား. . ဟူ၍ပင်

အကယ်တိတိ

(က)ထိလို့ သိတာပါ. . လို့ အမှုဆုံးဖြတ်ခဲ့ပါသော်. .

ထိလိုစိတ် မရှိဘဲနှင့် ထိခွင့်ရမလားဟူသော စောဒကသည် ၀င်လေရာ၏။

အကယ်တိတိ

(ခ) သိလို့ ထိတာပါလို့ အမှုဆုံးဖြတ်ခဲ့ပါသော်-

မထိဘဲနှင့် သိခွင့်ရမလားဟူသော စောဒကသည် ၀င်လေရာ၏။

ယင်းတို့ကို

ထိလှုပ်ရှား သိလှုပ်ရှား နှစ်ခု စူးစိုက်သော မှတ်ချက်ယူမှု များဖြင့် ဂရုပြု

http://www.dhammadownload.com



ရှုသိနေပါသော်. .

ပထမ ထိုလိုစိတ်ကြောင့် ထိမှုကြီး ဖြစ်ပွားခဲ့ကြသည်။

ဤမှာ စိတ်က ဦးစီးရုပ်က နောက်လိုက်အဖြစ်ဖြင့် တရား၌ တစ်တွဲ တွေ့သိနိုင်ပါပြီ။

ထိုနောက် ထိမှုကြောင့် သိမှုကြီး ထပ်မံဖြစ်ပွားခဲ့ရပြန်သည်။

ဤ၌ကား ရုပ်က ဦးဆောင် စိတ်က နောက်လိုက် ဖြစ်နေပုံတွေ့သိနိုင် ပါပြီ။

ဤသည်မှာ ဆန်ဒိုး လက်နှိုက်ရင်းက ရရှိခဲ့သော ဓမ္မ သဘောတစ်ခု တည်း။

သည့်အတူ

(က)တစ်ဖက်က လာတိုက်ခိုက်သော အာရုံများနှင့်

မိမိဘက်က ခုခံလိုက်သော မျက်စိ စသည် အခံဓာတ် များမှ

(ခ) တစ်ဖန်

မိမိဘက်မှ သွားရောက်တိုက်ခိုက်ပေးနေကြသော အာရုံ သင်းများနှင့် တစ်ဖက်မှ ပြန်လည်ခုခံလိုက်သော ခုံခံရေး အုပ်စုများ

ထိုအားလုံးတို့၌လည်း

ထိသောရုပ်နှင့် သိသောနာမ် (မသိသောရုပ်နှင့် သိသောနာမ်)တို့၏

တခြားစီသော ဤ ထိသဘောထား သိသဘောထားများ

အသွင်မတူသော ဤ ဖိုမတို့၏ အပြန်အလှန် အပေး အယူများ စသည် စသည့် ရုပ်ဓမ္မ နာမ်ဓမ္မ တရားများ ရှုမှတ်မှု အကြားမှာ ဘွားခနဲ ပေါ်လာရ သည်သာ။

အရေးကြီးသည်မှာ

http://www.dhammadownload.com



မိမိက ဇာတိကောင်နေရာ မဝင်၊ ပွဲကြည့်နေရာမှာ သတိဖင်မြဲနေဖို့သာ။

မိမိသည် ဇာတ်ဆရာမဟုတ်၊ ပွဲကြည့်ဟူ၍ ကိုယ့်ကိုယ် ကိုယ် အသိရှိနေဖို့သာ။

အနတ္တသဘာဝ အတ္တဆန်ဆန် မှုချပေး၍ မရသည်ကို သတိပြုပါမည်။

ဤနည်းဖြင့်ပင်. .

သာဝတ္ထိပြည်သူများ အိမ်ထောင်သည်ဘဝများဖြင့် အရိယာဇာတ်သားများ ဖြစ်လာခဲ့ကြသည်။

ဤနည်းဖြင့်ပင်

သာဝတ္ထိပြည်သူများ ကာမ ဓမ္မ နှစ်ဝကိစ္စ တစ်နေရာတည်းက ခံစားခွင့်ရသွားကြပါသည်။

သူတို့သည်ကား ထီးရိပ်လည်း မပျောက်၊ ထီးအောက်လည်း မခိုသူများတည်း။

ဆိုလိုသည်မှာ. .

သာသနာနှင့်လည်းမကင်း၊ သာသနာတွင်းလည်း မဝင်ကြခြင်းပင်။

ပို၍ ထင်ရှားစေလိုသည်မှာ. .

စိတ်ကိုသာ သာသနာတွင်းထား ရုပ်ကား အိမ်ထောင်သည် ခန်းကြားမှာ။

သာသနာ့အရိပ်အောက်က ဦးခေါင်းမီးတောက် စိတ် ခေါင်းတောက်အုံ့။

သာသနာ့အရိပ် လှိမ့်ဝင်နေက စိမ့်ကိုင်ခံရ ရွက်ပိုး ကျအုံ့။

ယခုလည်းပဲ

ထီးရိပ်မပျောက် ထီးအောက်မခို သတိ စိတ်တွင်းလျှိုလျက်က လူ့ပင်ကိုယ်စိတ် ရယူနိုင်ကြပါမှ ကံပေးလည်း ခံစား၊ အတေးအစွဲလည်း မခံရ

http://www.dhammadownload.com



တော့ရာ . . .

ယခုလည်း အကျိုးရှိ နောင်ခါပေးလည်း ကြွေးရှိသည် မဟုတ်ကြပါ။

ယခုလည်း လူဖြစ် နောင်လည်းပဲ လူသွေးစစ်စစ်ချည်း လှစ်ပြုလာပါသည်။

လူဖြစ်တုန်းလေး လူစိတ်မွေးနိုင်လာသော ထိုလူသား

လူအဆင့် ခုခံအားများ မကျဆင်းတော့ခြင်းကြောင့် လူကျင့်များ မပျက်တော့ပါ။

လူကျင့်များ မီးအဝါးမခံရခြင်းကြောင့်

ချစ်မုန်းမသိ ဒဏ်လုံးလုံး မခံရတော့ပါ။

ချစ်မုန်းမသိခြင်း ဖိညင်း ညှင်းမခံရတော့ခြင်းကြောင့်

ရှက်စရာတွေ ရှက်ရကောင်းမှန်း သိတတ်လာပါတော့သည်။

ကြောက်စရာတွေက ကြောက်ရကောင်းမှန်းလည်း သိတတ်လာပါတော့သည်။

သည်မှာသာလား မကသေးပါ။

သူတို့များ ကိုယ့်ကိုယ်ဖြင့် ချင့်ဆတတ်ခြင်း၊ ကိုယ်ချင်းစာတရား

သူ့ဘဝ ကိုယ့်ဘဝနှင့် မျှတထားတတ်ခြင်း မေတ္တာတရား

ဤအမြတ်တရား နှစ်ပါးပါ ထွန်းကားလာစေပါသေးသည်။

ထိုနှစ်ပါးတို့ဖြင့် ဘဝအချင်းချင်းအကြား တံတားထိုးပေး ထားလိုက်သောအခါ

သူ့အကြောင်း မုဒိတာဖြင့်ပင် ဆောင်းကြည့်နိုင်ခွင့် ရလှာပါသည်။

ကိုယ့်အကြောင်း ငြိမ်းအေးသော ဥပေက္ခာဖြင့်ပင် ဆောင်းကြည့်နိုင်ခွင့် ရလှာပါသည်။

http://www.dhammadownload.com



ဤနည်းကား လူဖြစ်တုန်းလေး လူစိတ်မွေးနည်းတည်း၊
ထိုသို့သာ မွေးမြူတတ်ကြပါမှ
လူဖြစ်ပါလျက် လူအလုပ် လုပ်မိသဖြင့် နောက်ဆုတ် သွားရသော နောက်ကြောင်းပြန် အပါယ်ခံများ မဖြစ်စေကြရပါ။
လူဖြစ်တုန်း လူထုံး အသုံးချတတ်ရာမှ တိုးတက် တက် ခွင့်ရ၊ အထက်ဆန် ပင်မြင့်စံ လူသားများ ကေန်ဖြစ်ကြရပါသည်။
ယနေ့
ထိုလူ့တံစိုး တိုးတက်ရေး အလုပ်မျိုး ခေါင်းအေးစိတ်ခိုင် တစ်ဖက်အာရုံ အနိုင်မခံကြရသော လူနည်းစုမျှသာ။ သို့ပါသောကြောင့်. .
လူ့တံစိုး တိုးလုပ်ခွင့်ရ၊ ထိုလူ့နည်းစုများ
(က)မိမိတို့ ဒါနမှုပြုကျင့်မိလေတိုင်း ထိုလူ့စိတ် သူတစ်ပါး တို့အားလည်း ဖိတ်ကြား၍ အမျှဝေပေးကြပါ။
(ခ) မိမိတို့ သီလမှု ပြုကျင့်မိလေတိုင်းလည်း ထိုလူ့စိတ် သူတစ်ပါးတို့အား လည်း ဖိတ်ကြားကာ မျှတပေးကြပါ။
(ဂ) မိမိတို့ ဘာဝနာမှု ပြုကျင့်မိလေတိုင်းလည်း ထိုလူ့စိတ် သူတစ်ပါးတို့အား လည်း ဖိတ်ကြားကာ မျှတပေးကြပါ။
(ဃ)မိမိတို့ တတ်စွမ်းရာကောင်းမှု ပြုကျင့်မိလေတိုင်းလည်း ထိုလူ့စိတ် သူတစ်ပါးတို့အားလည်း စာနာထောက်ထား မျှတပေးစားကြပါ။
ကောင်းမျိုးသန့်ကား. .
ဝေတိုင်းကျခံ ခံတိုင်းရ မျှတိုင်းပင် ငေ,နေတော့သည်သာ။

❖❖❖

http://www.dhammadownload.com

http://www.dhammadownload.com

အဋ္ဌကထာဆရာ တွေ့ခွင့်ရမသွားသော ယနေ့၏ ဖြစ်ရပ်များ

ဤစာစဉ်သည်

ကောင်းမှုတစ်ခုခု ပြုပြီးတိုင်း ဆုတောင်းရန် နည်းညွှန်းပင် ဖြစ်ပါသည်။

ဤနည်းညွှန်းသည်-

အဋ္ဌကထာ ဆရာမြတ် ဆုတောင်းသွားသော ယံပတ္တံ ကုသလံ တဿ အစချီ ဆုတောင်း၌ မပါသေးသည်ကိုသာ ဖြည့်စွက်၊ တွန်းပို့ပေးခြင်းပင်ဖြစ်၏။

ယင်းတို့မှာ ယနေ့ ကြည့်တတ်လျှင် မြင်တတ်ပါသေး၏။ ဘာတွေ နည်း. . ။

ယနေ့ ဆုတ်ခေတ်ကာလ၌ လူတို့ လူကျင့်ပျက်ပြားနေကြခြင်း၊ လူကျင့်ပျက်ပြားရာမှ အဆန်းခေတ်၏ အဆန်းစနစ်ဖြင့် နစ်မြုပ်ရာအကြား မှာပင်-

အရှက်အကြောက်ကွယ်ခြား အမွေနည်းများဖြင့် သူကာမ ရယူခံစားပြ နေကြ၏။

အရှက်အကြောက်ကွယ်ခြင်း အမွေနည်းများဖြင့်ပင် သူဝါဒ လုယူခြား နားပြနေကြခြင်းတည်း။

နတ်တလုစာစဉ်

http://www.dhammadownload.com



သည့်မှုမက. .

လူလို့သာ ဆိုသော်လည်း ဘီလူးကျင့် ကျင့်ပြလာသည် အထိ စီးဝင်လာနေကြ၏။

သို့ကြောင့်လျှင်. .

ဒါန စသည် ကောင်းမှုစေ့များ မြုပ်နှံတတ်ကြသေးသူများ. .

ထိုဒါန စသည် ကောင်းရိက္ခာထုပ် မြုပ်နှံမြဲတိုင်း

ဤဆုတောင်း (နိဒါန်းအစက ဖော်ပြခဲ့ပြီးသောဆုတောင်း)ဖြင့် မျိုးဝယ်သူတွေက ရောင်း၊ မျိုးတောင်းသူတွေ သော်မှ ဝေကြ ငှကြရန်ပင်။

ငါသည်လည်း

ယခု ကျမ်းစာရေးရသော ဤကောင်းမှုကြောင့် ဤဆုကိုပင် တောင်းပါ၏။ အားလုံး သိရန်ရှိရန်တည်း. . ။

"ကမ္မသို့ စ အာလိယုဂေ မာနုသေ သီလဘေဒေဟိ

ပသေယျာသိ ဒုဘိန္ဒရာ အမွော ကာမဝါ ရာဂါ

နုရာပိ အနရာ ဆရာ တေနေဝ ဘယပတ္တနာ

ပါရိစရေယျာသိ ဘဝေဝါ ဒါနာဒိ ပုညဗိဇကာ. . "

ကမ္မသို့ စ ကလိယုဂေ - ဤမှာဘက်ဖြစ် ဆုတ်ကပ် ခေတ်ကြီး၌ကား၊ မာနုသေ - ကမ္ဘာတစ်လွှား လူအများအစားတို့သည်၊ သီလဘေဒေဟိ - ကိုယ်ကျင့်တရား ပျက်ပြားလာကြခြင်းတို့ကြောင်၊ ဒုဘိဇ္ဇရာ - ရုပ်ပြမပျက် စိတ်အလှပျက်နေခြင်းများတို့ကိုလည်း၊ ပသေယျာသိ - ကြည့်တတ်မြင်သိ အထင်အရှား ရှိနေကြပါ၏။

ဘဝေဝါ - သည့်မှုမကသေး၊ ဒုဘိန္ဒရာ - ရုပ်ပျက် ဆင်းပျက် စိတ်ပါပျက်နေခြင်းများကိုလည်း၊ ပသေယျာသိ - ကြည့်တတ်မြင်သိ အထင်အရှားပင်

http://www.dhammadownload.com



တွေ့မြင်နိုင်ကြပါ၏။

အမေ့ရာဘာဝ - တစ်ဖက်သတ်နှက် တစ်ကိုယ်ကောင်း ပေါင်းဖက်နေကြခြင်းများကိုလည်း၊ ပဿေယျာသိ - ကြည့်တတ်မြင်သိ အထင်ရှားပင်တွေ့နိုင်ကြပါ၏။

အမေ့ဝါဒဝ ကိုယ်ကြိုက်ရေးဆွဲ တစ်ကိုယ်ကောင်းဝါဒ စွဲခြင်းများကိုလည်း၊ ပဿေယျာသိ - ကြည့်တတ်မြင်သိ အထင်ရှားပင် တွေ့နိုင်ကြပါ၏။

နရာပိ - လူလို့သာ ဆိုရသော်လည်း၊ အနရာဘရာဝ - လူလိုမကျင့် လူ့အဆင့်ပျက်နေခြင်းများကိုလည်း၊ ပဿေ ယျာသိ - ကြည့်တတ်မြင်သိ အတိုင်းသားတွေ့သိနိုင်ကြပါ၏။

တေနေဝ -

အခြေပြောင်းလဲ ထိုသို့ အကောင်းများ ကင်းစဲနေခြင်းကြောင့်ပင်။

ဣမာပတ္ထနာ - ဤသူကောင်းစကားကို၊ ပတ္ထနာမိ - တောင့်တမိပါ၏။

မနုဿာ - လူအားလုံးတို့သည်. .

ဒါနာဒိပုညပီဇကာ - ဒါနအစထား ကောင်းကျိုးတို့ မျိုးပွားများကို၊ ပါရိစရေယျာသိ - အလှူခံကောင်းများ မကွယ်မီအတွင်း မျိုးသွင်းထားနိုင်ကြပါစေ။

ဣတိပိ - ဤသို့လည်း၊ ပတ္ထနာမိ - ဆုတောင်းခဲ့ပါ၏။

ဘဝေဝိ - နောက်တစ်မျိုးမှာ

ဒုဘိန္ဒရာ - မကောင်းမှုပြုမိရာမှ ပျက်ပြားနေပုံများကိုလည်း၊ ပဿေယျာသိ - ထိုးထွင်းမြင်သိ ဉာဏ်နှင့်ကြည့်တတ် ကြပါစေ။

ဣတိပိ - ဤသို့လည်း၊ ပတ္ထနာမိ - ဆုတောင်းခဲ့ပါ၏။

ဘဝေဝိ - နောက်တစ်မျိုးမှာ

http://www.dhammadownload.com



အဓမ္မာ ကာမဝိရာဂါ အဓမ္မကာမ အဓမ္မဝါဒ လိုက်စားနေကြပုံများ ကိုလည်း ပဿေယျာသိ - ထိုးထွင်း မြင်သိ ဉာဏ်နှင့်ကြည့်တတ်ကြပါစေ။

ဣတိပိ - ဤသို့လည်း၊ ပတ္ထနာမိ - ဆုတောင်းခဲ့ပါ၏။

ဘဝေဝါ - နောက်တစ်မျိုးမှာလည်း

နရာပိ အနရာစာရာ - လူဖြစ်လျက်သား လူကျင့် မကျင့်သူများကိုလည်း၊ ပဿေယျာသိ - ထိုးထွင်းမြင်သိ ဉာဏ်နှင့်ကြည့်တတ်ကြပါစေ. .

ဣတိပိ - ဤသို့လည်း၊ ပတ္ထနာပိ - ဆုတောင်းခဲ့ပါ၏။

ဘယံ - ဤသည်ကား

ပတ္ထနာ - ငါတွေ့လိုက်သော တောင့်တစကားတည်း. . ။ ။

မဟာဗောဓိမြိုင်ဆရာတော်

၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်နေ့

http://www.dhammadownload.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏

ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်၏

ဓမ္မစာပေတရားတော်များပြန့်ပွားရေး ငွေပဒေသာပင်

အလှူရှင်များစာရင်း

| | |
|---|---|
| ၁။ အရှင်တေဇိန္ဒ(ရွှေဥမင်တောရ) | ငါးသောင်းကျပ် |
| ၂။ အရှင်ဉာဏဝေ(ရွှေဥမင်တောရ) | နှစ်သောင်းကျပ် |
| ၃။ ဒေါ်ဥတ္တမစာရီ(ဇရပ်ကွင်း-လှည်းကူးမြို့နယ်) | နှစ်သောင်းသုံးထောင်ကျပ် |
| ၄။ ဆရာအောင်ကျော်စံ | ဆယ်သိန်းကျပ် |
| ၅။ ဒေါ်အားမေမိသားစု၊ကျွန်းပင်သာရပ်၊မြစ်ကြီးနားမြို့ | ဆယ်သိန်းကျပ် |
| ၆။ ဦးအေးမောင်+ဒေါက်တာစန္ဒာကျော် သမီးယွန်းမှူးမှူးအိမ်၊ ဆန်းဆင့်ဆင့်အေးမောင်မိသားစုမြစ်ကြီးနားမြို့ | ဆယ်သိန်းကျပ် |
| ၇။ မိုလ်မှူးကြည်စိုးဝင်း+ဒေါက်တာခိုင်ခိုင်လင်း သမီးသက်ထားဝင်းမိသားစု | ငါးသိန်းခြောက်သောင်းကျပ် |
| ၈။ စေတနာရှင်မိသားစု(ခေတ္တဘန်ကောက်) | ငါးသိန်းကျပ် |
| ၉။ ဦးဝင်းထိန်+ဒေါ်အေးအေးယုမိသားစု၊ ရန်ကုန်။ | ငါးသိန်းကျပ် |
| ၁၀။ အဂ္ဂမဟာသီရိသုဓမ္မပထိဇောတဓရဦးထွန်းထွန်း+ဒေါ်ဝေဝေမိသားစု | သုံးသိန်းကျပ် |
| ၁၁။ ကိုသန်းလွင်+မယဉ်ယဉ်အေး ထွန်းနိုင်အောင်ကမ္ဘာထိမိသားစု | နှစ်သိန်းကျပ် |
| ၁၂။ ဒေါက်တာတင်ထွန်းအောင်+ဒေါ်ခင်မြတ်မျိုးမြင့် မိသားစု | တစ်သိန်းငါးသောင်းကျပ် |
| ၁၃။ ကိုအောင်နိုင်ဦး+မယဉ်မေ ဝင်းဝင်းကမ္ဘာထိမိသားစု မြစ်ကြီးနားမြို့ | တစ်သိန်းငါးသောင်းကျပ် |
| ၁၄။ ဦးဟုတ်စွမ်+ဒေါ်ခင်ကြူ သားသမီးမြေးတစ်စု၊ ရန်ကုန် | တစ်သိန်းကျပ် |
| ၁၅။ ဦးမြင့်ဝင်း+ဒေါ်ဆွေဆွေ မိသားစု၊ ရန်ကုန် | တစ်သိန်းကျပ် |
| ၁၆။ ဒေါက်တာခင်မောင်ဇော်+ဒေါ်ခိုင်ခိုင်အေးမိသားစု၊ရန်ကုန် | တစ်သိန်းကျပ် |
| ၁၇။ ဦးထင်အောင်ကျော်+ ဒေါက်တာပပဝါ မိသားစု | |

နတ်တလှူစာစဉ်

http://www.dhammadownload.com

ကျော်ဝေယျာကုမ္ပဏီတိုက်၊ ရန်ကုန်။ တစ်သိန်းကျပ်
၁၈။ ဗိုလ်ကြီးမျိုးကျော်ညွှန့်+ဒေါ်ဥမ္မာအောင်၊ သမီး မပြတ်သွယ်နိုင် ၅/ယ၊ မဂ္ဂင်ကျောင်းလမ်း၊ ရွာသစ်အရှေ့ အင်းစိန်။ တစ်သိန်းကျပ်
၁၉။ ကိုရဲမြင့်+မချောစု၊ အောင်နန်း ၁၂၈၊ မြစ်ကြီးနားမြို့။ တစ်သိန်းကျပ်
၂၀။ ကိုခင်မောင်ထွေး+မနှောင်းငယ်၊ သား ကောင်းမင်းခန့် မိသားစု၊ ကချင်ပြည်နယ်။ တစ်သိန်းကျပ်
၂၁။ ဗိုလ်ကြီးဇော်သက်နှင့် တပ်ဖွဲ့ဝင်များ၊ ခေတ္တလိုင်ဇာ။ တစ်သိန်းကျပ်
၂၂။ ကိုအားရင် ရွှေပြည်သာကုမ္ပဏီ မိသားစု တစ်သိန်းကျပ်
၂၃။ ဗိုလ်မှူးချစ်ကိုကို+ဒေါ်သီတာအောင် မိသားစု တောင်ငူမြို့။ တစ်သိန်းကျပ်
၂၄။ ဒေါက်တာအောင်သန်း+ဒေါ်ဝါဝါသန်း တီကေမိသားစု၊ မြို့မရပ်၊ သာစည်မြို့။ တစ်သိန်းကျပ်
၂၅။ ဒေါက်တာဝင်းနိုင်ထွန်း မိသားစု၊ ထိုင်ဝမ်။ တစ်သိန်းကျပ်
၂၆။ ဦးကျော်မင်းနိုင်+ဒေါ်စောမွန်လတ်မိသားစု၊ ရန်ကုန်။ ခုနစ်သောင်းငါးထောင်ကျပ်
၂၇။ ဦးကျော်ကျော်+ဒေါ်အေးအေးမြင့် မိသားစု၊ အမှတ်(၁)ကြေးနီသတ္တုတွင်း၊ မုံရွာမြို့။ ခြောက်သောင်းကျပ်
၂၈။ ဒေါ်သောင်း၊ သား-ဒေါက်တာဒိုကေ အနောက်ဈေးရပ်၊ ရွှေဘိုမြို့။ ငါးသောင်းကျပ်
၂၉။ ဒေါက်တာလှထွန်းဝင်း+ဒေါ်ရီရီဝင်း မိသားစု၊ အောင်သိဒ္ဓိရပ်၊ ငြီးကုန်းမြို့။ ငါးသောင်းကျပ်
၃၀။ ဦးသွေးချွန်+ဒေါ်နန်းရွှေအေး မိသားစု၊ ရန်ကုန်။ ငါးသောင်းကျပ်
၃၁။ ဒေါ်မြမြသန်း၊ ဒေါ်တင်ပု(မခင်လှဆေးပေါ့လိပ်)မိသားစု ရန်ကြီးအောင်ရပ်၊ ငြီးကုန်းမြို့။ ငါးသောင်းကျပ်
၃၂။ ဦးအောင်ထူး+ဒေါ်နုနု မိသားစု သစ်ထုတ်လုပ်ရေး မုံရွာမြို့။ ငါးသောင်းကျပ်
၃၃။ ဦးခင်မောင်သန်း+ဒေါ်ငွေ မိသားစု ရန်ကြီးအောင်ရပ်၊ ငြီးကုန်းမြို့။ ငါးသောင်းကျပ်
၃၄။ ဦးအေးသိုက်+ဒေါ်ဝင်းဝင်းစိုး၊ သား- မောင်ဝင်းပြည့်ဖြိုး မိသားစု ကျောက်မြောင်း၊ ရန်ကုန် ငါးသောင်းကျပ်

http://www.dhammadownload.com

၃၅။ ဦးခင်မောင်ကြည်+ဒေါ်ကျော့ကျော့မိုး မိသားစု
မြန်မာ့သစ်လုပ်ငန်း။ မိုးမိတ်မြို့။ ငါးသောင်းကျပ်
၃၆။ ဦးညွှန့်ဝေ+ဒေါ်မြကြည် မိသားစု
အမှတ်(၁)ကြေးနီသတ္တုတွင်း။ မုံရွာမြို့။ ငါးသောင်းကျပ်
၃၇။ ပြည်နယ်တရားသူကြီးဦးမြတ်မင်း+ဒေါ်သီတာ
မြစ်ကြီးနားမြို့။ ငါးသောင်းကျပ်
၃၈။ ဦးဘုန်းမြင့်+ဒေါ်ခင်သန်းမေ
အမှတ်(၁၀၀)၊ မြို့မရပ်၊ ကာမိုင်းမြို့။ ငါးသောင်းကျပ်
၃၉။ ဦးမင်းချစ်သူ+ဒေါ်အေးအေးဝင်း
သမီး-ရွှေရေးခြယ် မိသားစု၊ ရန်ကုန်။ ငါးသောင်းကျပ်
၄၀။ ဦးခင်မောင်အေး+ဒေါ်လှလှချင်း။ အရောင်တင်မိသားစု
ဝက်လည်ရွဲရပ်၊ ရွှေဘိုမြို့။ ငါးသောင်းကျပ်
၄၁။ ဦးမြင့်စိုး+သုဓမ္မသီဂီဒေါ်သန်းသန်း၊ သား-ကိုမောင်မောင်စိုးသန်း
မိသားစု၊ ဖျဉ်းမနားမြို့။ သုံးသောင်းကျပ်
၄၂။ ဦးမျိုးညွှန့်+ဒေါ်မြင့်မြင့်ဝင်း မိသားစု၊
ဂြိုဟ်တုဆက်သွယ်ရေးစခန်း။ ပုတာအိုမြို့။ သုံးသောင်းကျပ်
၄၃။ ဦးသိန်းအောင်+ဒေါ်လှစိန်
သားကိုဝင်းနိုင်နှင့်မောင်နှမများရွှေဘောင်မြို့။ သုံးသောင်းကျပ်
၄၄။ ဦးသိန်းအောင် နဝရတ်မိတ္တူမိသားစု၊ လှည်းတန်း။ နှစ်သောင်းကျပ်
၄၅။ ဦးဝင်းမောင်+ဒေါ်စိုးစိုးမြင့်မိသားစု၊ မန္တလေး။ နှစ်သောင်းကျပ်
၄၆။ ဦးမြတ်သူ+ဒေါ်အေးမြတ်မွန်
M.H.T ဆောက်လုပ်ရေး၊ ရန်ကုန်။ နှစ်သောင်းကျပ်
၄၇။ ဒေါ်သန်းမြ ဒေါ်ပေါ် ဖိုးလမင်းမုန့်တိုက်၊ ကလေးမြို့။ နှစ်သောင်းကျပ်
၄၈။ ဦးတင်တိုး+ဒေါ်ခင်ပြုံး မိသားစု၊ မိုလ်ချုပ်လမ်း၊ ကလေးမြို့. နှစ်သောင်းကျပ်
၄၉။ ဒေါက်တာသန်းထွေးအောင်+ဒေါ်မြင့်မြင့်မိသားစု၊ ရွှေဘိုမြို့။ နှစ်သောင်းကျပ်
၅၀။ ဒေါက်တာနေဦး+ဒေါ်ဝိုဝိုTop Choice စာအုပ်လုပ်ငန်း
အမှတ်-၁၇၂၊ ၃၁လမ်း၊ ရန်ကုန်။ နှစ်သောင်းကျပ်
၅၁။ ဦးလှအောင်+ဒေါက်တာတင်တင်စု

နတ်တလူစာစဉ်

http://www.dhammadownload.com

| | |
|---|---|
| ၁၉၊ ဇဒိုလလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။ | နှစ်သောင်းကျပ် |
| ၅၂။ ကိုတင်မြင့်+မစန္ဒာအေးမိသားစု၊ | |
| "Good Baby" စတိုး၊ မြစ်ကြီးနားမြို့ | နှစ်သောင်းကျပ် |
| ၅၃။ ဦးခင်မောင်သက်+ဒေါ်မြင့်မြင့်ခင် မိသားစု | |
| အာရှရောင်းဝယ်ရေး မိသားစု၊ မကွေးမြို့ | နှစ်သောင်းကျပ် |
| ၅၄။ စေတနာရှင်တစ်ဦး | နှစ်သောင်းကျပ် |
| ၅၅။ မစန္ဒာလင်း(ဦးမြသောင်း+ဒေါ်အေးအေးမင်းရွှေဆိုင်) | |
| လယ်ဝေးမြို့ | နှစ်သောင်းကျပ် |
| ၅၆။ တပ်ကြပ်ကြီးသန်းဝင်း+ဒေါ်ဥမ္မာထွန်းမိသားစု၊ | |
| ရန်ကုန်။ | တစ်သောင်းငါးထောင်ကျပ် |
| ၅၇။ ဒေါ်နန်းမူနှင့်သားများ၊ ရွှေညောင်မြို့ | တစ်သောင်းငါးထောင်ကျပ် |
| ၅၈။ ဦးအောင်ကျော်ညွန့်+ဒေါ်မူမူမိသားစု | |
| ကြည့်မြင်တိုင်၊ ရန်ကုန်မြို့ | တစ်သောင်းကျပ် |
| ၅၉။ ဦးပန်ကာ+ဒေါ်ခင်ထွေး မိသားစု၊ အမှတ်(၃)၊သာစည်မြို့ | တစ်သောင်းကျပ် |
| ၆၀။ ဦးမောင်မောင်အေး+ဒေါ်ချိုလေးမိသားစု | |
| အနီးစခန်း၊ ပြင်ဦးလွင်။ | တစ်သောင်းကျပ် |
| ၆၁။ ဦးမောင်မောင်အေး+ဒေါ်တင်မြင့် | |
| အမှတ်(၄)၊ မြို့မရပ်၊ သာစည်မြို့ | တစ်သောင်းကျပ် |
| ၆၂။ ပညာလွင်ဘော်ဒါ၊ ရေနံချောင်းမြို့ | တစ်သောင်းကျပ် |
| ၆၃။ ဒေါက်တာမျိုးသန့်+ဒေါ်ခိုင်ခိုင်မော် | |
| သမီး-မြကေသီသန့်၊ သာစည်မြို့ | တစ်သောင်းကျပ် |
| ၆၄။ ဗိုလ်ကြီးမြင့်ဇော်+ဒေါ်ဦးသန်းမေ၊ ရန်ကုန်မြို့ | တစ်သောင်းကျပ် |
| ၆၅။ ဦးမြသောင်း+ဒေါ်အေးအေးမင်း၊ ရွှေဆိုင်၊ လယ်ဝေးမြို့ | တစ်သောင်းကျပ် |
| ၆၆။ ဦးမြင့်သန်း+ဒေါက်တာတင်တင်လတ်၊ ရန်ကင်း၊ရန်ကုန်။ | တစ်သောင်းကျပ် |
| ၆၇။ ဒေါ်အေးအေးခိုင် မိသားစု၊ ဝါယာလက်၊ မင်္ဂလာဒုံ။ | တစ်သောင်းကျပ် |
| ၆၈။ ဦးဘအောင်+ဒေါ်အေးရှင် မိသားစု၊ | |
| ကျောက်မြောင်း၊ ရန်ကုန်။ | တစ်သောင်းကျပ် |
| ၆၉။ ဦးသန်းနွယ်+ဒေါ်လွင်လွင်သန်း၊ မိသားစု၊ | |

http://www.dhammadownload.com

မြို့မရပ်၊ သာစည်မြို့။ တစ်သောင်းကျပ်
၇၀။ ဦးသိန်းမြင့်+ဒေါ်ချိုမိသားစု
MICCL အမှတ်(၁)၊ ကြေးနီသတ္တုတွင်း၊ မုံရွာမြို့။ တစ်သောင်းကျပ်
၇၁။ ဒေါ်မာမာတင့်(အထက်တန်းပြ) မိသားစု၊
အထက(၁)၊ သာစည်မြို့။ တစ်သောင်းကျပ်
၇၂။ ဦးအောင်သိန်းနှင့် Technical Trainning ဝန်ထမ်းများ MICCL
အမှတ်(၁)၊ ကြေးနီသတ္တုတွင်း၊ မုံရွာမြို့။ တစ်သောင်းကျပ်
၇၃။ ယွန်းမှုးမှူးအိမ်(အထက-၃)မြစ်ကြီးနားမြို့။ တစ်သောင်းကျပ်
၇၄။ နန့်အိုချစ်ရားမြောင်းမြမြို့။ တစ်သောင်းကျပ်
၇၅။ ဦးစိန်မင်း+ဒေါ်ခင်မမ၊ သား ဦးကျော်ကျော်နိုင်၊ သမီး မသီသီအောင်
သားကိုသက်ဆွေ သားငယ် ကိုရဲမင်းလှိုင်မိသားစု၊ သန်လျင်မြို့။ တစ်သောင်းကျပ်
၇၆။ ဦးစိုးဟိန်း(မန်းတက္ကသိုလ်)+ဒေါ်ရည်ရည်ရွှေမိသားစု၊ရန်ကုန်။ တစ်သောင်းကျပ်
၇၇။ ဆရာအောင်ကျော်စံ(ခေတ္တဘင်္ဂလားဒေ့ရှ်) ဒေါ်လာ-၁၀၀
၇၈။ ဦးအောင်ကျော်ညွန့်+ဒေါ်မူမူမိသားစု(ခေတ္တအမေရိကန်) ဒေါ်လာ-၁၀၀
၇၉။ THIKE-SAN(ခေတ္တ-ဂျပန်) ဒေါ်လာ-၅၀
၈၀။ ဦးဘုန်းမြင့်+ဒေါ်ခင်သန်းမေ
အမှတ်-၁၀၀၊ မြို့မရပ်၊ ကာမိုင်းမြို့။ ယွမ်-၅၀၀
၈၁။ ဦးအောင်ကျော်စံ(ခေတ္တတရုတ်ပြည်) ယွမ်-၂၀၀
၈၂။ ဦးဝေယျ၊ ပြည်နယ်ဥပဒေအရာရှိ၊မြစ်ကြီးနားမြို့ FEC-၂၀
၈၃။ ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍
ဒေါ်ခင်အေးသီ
လမ်း ၂၀(၈၂×၈၃ ကြား)၊ အမှတ်(၈၈)
ပုလဲငွေရောင်ရပ်၊ မန္တလေးမြို့ တစ်သိန်းကျပ်

http://www.dhammadownload.com




ကျေးရွာတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရေးသားစီရင်၍
နတ်တလှသာသနာပြုအသင်းမှစီစဉ်ထုတ်ဝေထားသော
စာအုပ်အသစ်များကို
သုဝဏ္ဏသျှမ်စာပေ
ဖုန်း-၆၆၀၆၇၀၊၇၃၀၄၆၂၂၆၊၀၉၅၀၅၆၃၆၉ သို့
ဆက်သွယ်မှာယူနိုင်ပါပြီ။

နတ်တလှစာစဉ်

http://www.dhammadownload.com



ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရေးသားစီရင်၍
နတ်တလှူသာသနာပြုအသင်းမှစီစဉ်ထုတ်ဝေထားသော
စာအုပ်အသစ်များကို
သုဝဏ္ဏသျှမ်စာပေ
ဖုန်း-၆၆၀၆၇၀၊၇၃၀၄၆၂၂၆၊၀၉၅၀၅၆၃၆၉ သို့
ဆက်သွယ်မှာယူနိုင်ပါပြီ။

နတ်တလှူစာစဉ်

http://www.dhammadownload.com